# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၉ ရက် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၁၆ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၈)၊ အမှတ် (၀၇၇)


**ငြိမ်းအေးသောစိတ်ရှိ**

အာသဝေါကုန်ပြီးသော ရဟန္တာသည် တစ်စုံတစ်ယောက်အား စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်း မရှိ၊ ငြိမ်သက်သော ဣန္ဒြေ၊ ငြိမ်းအေးသော စိတ်ရှိကုန်၏။ မည်သို့သော အခြေအနေတွင် မည်သည့်အဖြစ်မျိုးနှင့် ကြုံတွေ့ရသည်ဖြစ်စေ၊ မိမိ၏ အတိတ်သံသရာက ပါလာသော ဝဋ်ကြွေးကြောင့်ဟု ခံယူလိုက်လျှင် စိတ်ချမ်းသာရာရ၏။

အရဟန္တဝဂ်(ဓမ္မပဒ-၉၆)

# အဂတိလိုက်စားမှုတိုက်ဖျက်နိုင်မှသာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမည်ဖြစ်

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကရင်ပြည်နယ်အတွင်းရှိ မဏ္ဍိုင်သုံးရပ်တို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲတွင် ပြောကြား



**နေပြည်တော် ဒီဇင်ဘာ ၁၅**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၀ နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည့် ပြည်နယ်အစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ(ပြည်သူ့၊ အမျိုးသား၊ ပြည်နယ်)၊ ပြည်နယ်တရားလွှတ်တော်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လမ်းညွှန် အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်သမ္မတက ကရင်ပြည်နယ် အစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ၊တရားစီရင်ရေးနှင့် ဌာနဆိုင်ရာ အသီးသီးမှတာဝန်ရှိသူများနှင့် တွေ့ဆုံရသည်မှာ မိမိတို့ကြိုးစားဆောင်ရွက်နေသည့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး အရှိန်အဟုန်မြင့်မားစေရန် အဓိအကြောင်းရင်းဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတော်ကို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန် တာဝန်ရှိသူများအားလုံးက သန္နိဋ္ဌာန်ချထားပါကြောင်း၊ မိမိတို့ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရခြင်းမှာ နိုင်ငံသားတိုင်း လွတ်လပ်မှု၊ လုံခြုံမှု၊ ပျော်ရွှင်မှု၊ သာတူညီမျှမှု ရရှိရန် ဖြစ်ပါကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံ လွတ်လပ်ရေးရရှိပြီးပါက ဒီမိုကရေစီဝါဒကျင့်သုံးရန် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန် အမျိုးသားအာဇာနည်ခေါင်းဆောင်၊ တပ်မတော်၏ ဖခင်လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းက လမ်းညွှန်ခဲ့ပါကြောင်း။

*စာမျက်နှာ ၃ ကော်လံ ၁* ❄

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည့် ကရင်ပြည်နယ်အတွင်းရှိ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်တို့မှ တာဝန်ရှိသူများအား တွေ့ဆုံပွဲအခမ်းအနားတွင် လမ်းညွှန်အမှာစကားပြောကြားစဉ်။**

သတင်းစဉ်

**မူးယစ်ဆေးဝါး အန္တရာယ်မှာ တိုင်းပြည်နှင့်အနာဂတ် မျိုးဆက်သစ် လူငယ်များအတွက် အရေးကြီး၊ မူးယစ်ဆေးဝါး ကိစ္စများတွင် ဝန်ထမ်းများ ပါဝင်နေပါကလည်း မျက်နှာကြီးငယ်မရွေး ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်**






**မြန်မာ့အလင်း**

# မျိုးကောင်းမျိုးသန့် စိုက်နိုင်ရေး

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IFC) တို့ ပူးပေါင်းရေးဆွဲနေသည့် မြန်မာ့ဆန် စံချိန်စံညွှန်းမူကြမ်းမှာ (၉၅) ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး မြန်မာ့စပါးစံချိန်စံညွှန်း ပြင်ဆင်ရေးဆွဲမှုမှာလည်း (၆၀) ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း ကြားသိရသည်။ နိုင်ငံတကာဈေးကွက်တွင် ကျင့်သုံးနေသည့် စံချိန်စံညွှန်းနှင့်အညီ ဖြစ်စေရန်နှင့် ပြည်ပသို့ဆန်တင်ပို့မှု ဈေးကွက်ရှာဖွေရာတွင်လည်း အရည်အသွေးနှင့် စံချိန်စံညွှန်းအရေးပါမှုကြောင့် မြန်မာ့ဆန် စံချိန်စံညွှန်း အရည်အသွေးများကို ပြန်လည်ပြင်ဆင်ခြင်းဖြစ်ကြောင်း ဆန်စပါးအသင်းချုပ်က ဆိုသည်။

ဆန်စပါးအရည်အသွေးကောင်းဖို့ဆိုလျှင် စိုက်သည့်စပါးကောင်းဖို့လိုသည်။ စိုက်သည့်စပါးကောင်းရန်ဆိုလျှင် မျိုးကောင်းမျိုးသန့်စိုက်မှသာ အရည်အသွေးကောင်းမွန်သောစပါးကို ရနိုင်မည်။ ထို့ကြောင့် မျိုးသည် အရေးကြီးသည်ဟု ဆိုရမည်။

ရှေးလယ်သမားကြီးများက မျိုးစပါးကို မိရိုးဖလာစနစ်များဖြင့် သန့်စင်ခဲ့ကြသည်။ ယခုအသုံးများသည့်နည်းက ဆန်ခါချ၍ သန့်စင်နည်းဖြစ်သည်။ စပါးရွေး သံဆန်ခါကို မော်တာဖြင့် လည်ပတ်စေ၍ အဖျင်း၊ လုံးပိန် လုံးညှက်၊ မျိုးကွဲစေ့တွေကို ခါချပြီး ဆန်ခါတင် စပါးကို မျိုးယူသောနည်းဖြစ်သည်။

အစိုးရပိုင်းအနေနှင့်မူ တစ်ချိန်က မျိုးသန့်ခြံတွေမှတစ်ဆင့် မျိုးဖြန့်ဖြူးတာနှင့် ပညာပေးတာတွေရှိသော်လည်း စနစ်တစ်ခုအောက်မှာ မျိုးသန့်ခြံတွေ၏ အခန်းကဏ္ဍမှေးမှိန်ခဲ့ရသည်။ ယခုပြည်သူ့အစိုးရလက်ထက်မှာတော့ ပြန်လည်အသက်သွင်းဖို့ကြိုးစားလာသည်ကို တွေ့ရသည်။ ပုဂ္ဂလိကအပိုင်းကို အားပေးတိုက်တွန်းမှုနှင့်အတူ ပုဂ္ဂလိက မျိုးစေ့ထုတ်လုပ်ငန်းများ အတန်အသင့် ထွန်းကားလာတာလည်း တွေ့ရသည်။ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအစီအစဉ်တွေနှင့် စိတ်ပါဝင်စားမှုရှိသော လယ်သမားများကို တစ်နိုင်တစ်ပိုင် မျိုးထုတ်နိုင်အောင် ပံ့ပိုးမှုတွေလည်းရှိသည်။ စိုက်ပျိုးရေးဦးစီးဌာနများမှတစ်ဆင့် မျိုးနှင့်နည်းပညာများ ကွင်းဆင်းကြီးကြပ်ကူညီသည်။ ထို့အပြင် မြို့နယ်တိုင်းမှာ မျိုးစေ့သန့်စင်စက်တွေကို ယမန်နှစ်ကစ၍ ထားရှိပေးပြီး တောင်သူတွေ မျိုးသန့်စင်နိုင်အောင် စီစဉ်ပေးခဲ့သည်။

ထိုသို့ မိရိုးဖလာနည်းများ၊ အစိုးရကူညီမှုများ ရှိလင့်ကစား လယ်သမားတို့အကြား မျိုးသန့်စိုက်ပျိုးမှု အလေ့အထမှာ အားနည်းနေဆဲပင်ဖြစ်သည်။ ဆန်းစစ်ကြည့်လျှင် လယ်သမားများကိုယ်တိုင် မျိုးကောင်းမျိုးသန့်အရေးပါမှုကို သိမြင်ဂရုပြုမှုအားနည်းခြင်း၊ ကိုယ်တိုင်ထုတ်လုပ်ရန် အခြေအနေမပေးခြင်း၊ မျိုးသန့်ခြံမှရောင်းသည့်ဈေးကိုကြီးမြင့်သည်ဟု ထင်မြင်ခြင်းစသည်ဖြင့်တွေ့ရသည်။ မျိုးသန့်ထုတ်ပြီဆိုလျှင် ကုန်ကျစရိတ်နှင့် အလေအလွင့်များရှိသည့်အတွက် ဈေးကတော့ ပုံမှန်ထက်မြင့်မှာ သေချာသည်။ တောင်သူများ နားလည်အောင် ရှင်းပြနိုင်ဖို့လိုသည်။

အရေးကြီးသည်မှာ လယ်သမားတို့ကိုယ်တိုင် မျိုးသန့်စိုက်ခြင်း၏ အကျိုးအမြတ်ကို သိစေဖို့ဖြစ်သည်။ ဤအပိုင်းက လယ်သမားထံမှ စပါးဝယ်ယူကြိတ်ခွဲသူ စက်ပိုင်ကုန်သည်များနှင့် ဆက်စပ်နေသည်။ အရည်အသွေးကောင်းသည့်စပါးကို အရည်အသွေးနိမ့်သည့် စပါးများဝယ်သည့်ဈေးအတိုင်း ဈေးနှိမ်ဝယ်လျှင် တောင်သူစိတ်၌ စပါးသန့်လည်း မထူး၊ နွားထီးတစ်ကျပ်၊ နွားမတစ်ကျပ် အတူတူဆိုသည့် အယူစွဲသွားနိုင်သည်။ သို့ဖြစ်လျှင် ရေရှည်မှာ စပါးကောင်းရဖို့ ခက်ခဲသွားနိုင်သည်။ ဆန်စပါးအသင်းချုပ် ရည်မှန်းသည့် နိုင်ငံတကာဈေးကွက် စံရဖို့ ခက်ခဲမည်။ ထို့ကြောင့် စက်ပိုင်ကုန်သည်များဘက်မှ စည်းကမ်းတကျ ဝယ်ယူဖို့လည်း လိုအပ်ပါသည်။ ကောင်းလျှင် ကောင်းသလို ဝယ်ယူပေးလျှင် လယ်သမားများ မျိုးသန့်စိုက်ရန် အားသန်လာလိမ့်မည်ဟု ယူဆပါသည်။ စက်ပိုင်တွေကိုယ်တိုင် မိမိနှင့်ဆက်စပ်ရာ လယ်သမားများထံ မျိုးသန့်ရှာဖွေ ဖြန့်ဝေပေးနိုင်လျှင် အကောင်းဆုံးဖြစ်ပြီး အချိန်တန်လျှင် ထိုလယ်သမားများထံမှ စပါးများကို စိတ်ချလက်ချ ဝယ်ယူနိုင်၍ နှစ်ဦးနှစ်ဖက် အဆင်ပြေနိုင်သည်။

လယ်သမားများမှလည်း မျိုးသန့်စိုက်ပျိုးနိုင်ရေး အလေးထားသင့်သည်။ စံချိန်စံညွှန်းဝင်ရန်ဆိုလျှင် မျိုးသန့်စိုက်မှ အဆင်ပြေနိုင်တော့မည်။ မိရိုးဖလာနည်းဖြစ်စေ၊ ခေတ်မီနည်းဖြစ်စေ ကိုယ်တိုင်သန့်စင်သည့် အလေ့အထများ ပြန်လည်ကျင့်သုံးသင့်သည်။ မလုပ်နိုင်လျှင် မျိုးသန့်ဝယ်ယူစိုက်ပျိုးနိုင်ရေး ကြိုးစားသင့်သည်ဟု ထင်မြင်ပါသည်။

သို့ဖြစ်ရာ နိုင်ငံတကာစံချိန်စံညွှန်းနှင့် ကိုက်ညီသော အရည်အသွေးဖြင့် ဆန်စပါးများ စိုက်ပျိုးထုတ်လုပ်တင်ပို့နိုင်ရန်အတွက် အခြေခံကျသော စပါးမျိုးကောင်းမျိုးသန့် စိုက်ပျိုးနိုင်ရေး အစိုးရ၊ စက်ပိုင်ကုန်သည်၊ လယ်သမား လယ်ယာကဏ္ဍနှင့် ဆက်စပ်နေသူအားလုံး ကျရာကဏ္ဍမှ တက်ညီလက်ညီ ကြိုးစားအားထုတ်ဖို့ လိုအပ်လှပါကြောင်း။ ။

## ဆံတော်ရှင်ဘုရားပွဲ စည်ကားစွာကျင်းပမည်

**စစ်တွေ ဒီဇင်ဘာ ၁၅**

ရခိုင်ပြည်နယ်တွင် အထင်ရှားဆုံးနှင့် အစည်ကားဆုံးဘုရားပွဲတော်တစ်ခုဖြစ်သည့် ဆံတော်ရှင်ဘုရားပွဲတော်ကို ဒီဇင်ဘာ ၁၆ ရက်မှ ၂၃ ရက်အထိ ရှစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဆံတော်ရှင်ဘုရားပွဲတော်ကို နှစ်စဉ်နှစ်တိုင်း နတ်တော်လဆန်း ၉ ရက်မှ နတ်တော်လဆုတ် ၁ ရက်အထိ ကျင်းပခြင်းဖြစ်ပြီး ယင်းပွဲတော်ရက်များအတွင်း ဘုရားပွဲသို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ သင်္ဘော၊ အမြန်ယာဉ်၊ စက်လှေများဖြင့် လာရောက်ကြ၍ အထူးစည်ကားသော ဘုရားပွဲဖြစ်ကြောင်း၊ စစ်တွေမြို့မှလည်း သင်္ဘော၊ အမြန်ယာဉ်များဖြင့် ဘုရားဖူးများကို တစ်နေ့လျှင် လေးကြိမ်ခန့် ပြေးဆွဲပေးရကြောင်း ဒေသခံတစ်ဦးက ပြောသည်။

ဆံတော်ရှင်ဘုရားသည် ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် မြေငူကျွန်းတွင် တည်ရှိပြီး မဟာသက္ကရာဇ် ၁၂၃ ခု ကဆုန်လတွင် ဘုရင်စန္ဒသူရိယမင်း ပင့်ဖိတ်မှုကြောင့် ဓညဝတီရခိုင်ပြည်သို့ ဂေါတမမြတ်စွာဘုရား ကြွချီ၍ မဟာမုနိကိုယ်စားတော်မြတ်ကို သွန်းလုပ်ပြီးနောက် ဒွါရာဝတီသို့ ကြွချီရာ မြေငူကျွန်းအရောက် နီလပဗ္ဗတတောင်တွင် ခရီးတစ်ထောင့်နားချိန် နဂါးမင်းများ လျှောက်တင်ချက်အရ ဆံတော်မြတ်ကို ပေးသနား၍ နဂါးမင်းတည်ထားခဲ့ခြင်းဖြစ်ကြောင်း ဘုရားသမိုင်းအရ သိရသည်။



**တောသားစံ**

စာတတ်သူတိုင်း စာဖတ်ရေး
အားလုံးပါဝင်ကူညီပေး

"စာတတ်သူတိုင်း စာဖတ်ရေး" လှုပ်ရှားမှု
အခမ်းအနား

မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ (MICC-2)၊ နေပြည်တော်
၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၂၀၊ ၂၁) ရက်၊ (ကြာသပတေး၊ သောကြာ) နံနက် (၉)နာရီမှ ညနေ (၅)နာရီအထိ
မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

## စလင်း၌ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပ

**စလင်း ဒီဇင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အားကစားကွင်းတွင် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြို့နယ်ဖလား ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၁၃ ရက်က ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက် ကျေးရွာအသင်း ၁၅ သင်း ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြပြီး စလင်းမြို့နယ် ကျန်းမာရေးဦးစီးဌာနအသင်းက ပထမရရှိကာ မြို့နယ်ဖလားကြီးကို ရရှိသည်။ ဆက်လက်၍ ဆုရရှိသည့် အသင်းများအား ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။ **စစ်ကြည် (စလင်း)**

## မြန်မာနိုင်ငံတွင် ရေရှည်အနာဂတ်ကာလ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများ တွေ့ရှိရသည်ဟု ကမ္ဘာ့ဘဏ်အစီရင်ခံစာတွင် ဖော်ပြ

**ရန်ကုန် ဒီဇင်ဘာ ၁၅**

မြန်မာနိုင်ငံတွင် ရေရှည်အနာဂတ်ကာလအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအလားအလာကောင်းများ ဖြစ်ပေါ်လာနိုင်သည့် လတ်တလောဆောင်ရွက်ချက်များ တွေ့ရှိရသည်ဟု ဒီကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံ စီးပွားရေးစောင့်ကြည့်အစီရင်ခံစာတွင် ဖော်ပြထားကြောင်း တွေ့ရသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ၆ ဒသမ ၈ ရာခိုင်နှုန်းရှိရာမှ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ၆ ဒသမ ၂ ရာခိုင်နှုန်း ရှိနိုင်သည်ဟု ကမ္ဘာ့ဘဏ်က ခန့်မှန်းထားသည်။ အခြားကမ္ဘာ့နိုင်ငံများ၏ နှုန်းများနှင့် နှိုင်းယှဉ်ပါက ခိုင်မာသည့် တိုးတက်မှုနှုန်းဟု ဆိုနိုင်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကုန်ထုတ်လုပ်မှု၊ ဆောက်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများတွင် တိုးတက်မှုနှေးကွေးလျက်ရှိသော်လည်း စိုက်ပျိုးရေးထုတ်လုပ်မှုကဏ္ဍ တည်ငြိမ်နေခြင်းနှင့် တယ်လီဖုန်းဆက်သွယ်ရေးလုပ်ငန်းများ အပါအဝင် ဝန်ဆောင်မှုကဏ္ဍတွင် တိုးတက်မှုအားကောင်းနေခြင်းကြောင့် ခုသာခံသာရှိမည်ဟု ဆိုသည်။

စီးပွားရေးတိုးတက်မှုနှုန်း နှေးကွေးလာခြင်းသည် အကြောင်းရင်းနှစ်ရပ်အပေါ် အခြေခံလျက်ရှိပြီး ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအရှိန် နှေးကွေးလာမှု အကျိုးဆက်အရ မက်ခရိုစီးပွားရေးအခြေအနေ မတည်မငြိမ်ဖြစ်လာခြင်းနှင့် မြန်မာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ဆက်လက်ဆောင်ရွက်မှုအပေါ် မူတည်နေကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ရေရှည်အနာဂတ်ကာလ၌ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအလားအလာကောင်းများ ဖြစ်ပေါ်လာနိုင်သည့် လတ်တလောဆောင်ရွက်ချက်များ အနေဖြင့် ကုမ္ပဏီများဥပဒေ စတင်အသက်ဝင်လာခြင်း၊ နိုင်ငံခြားဘဏ်များ ပြည်တွင်းတွင် ချေးငွေလုပ်ငန်းဆောင်ရွက်နိုင်ရန် ဖြေလျှော့ပေးခြင်း၊ လက်လီလက်ကားလုပ်ငန်းများ ဝင်ရောက်လာနိုင်ရန် ဖြေလျှော့မှုများဆောင်ရွက်ပေးခြင်း၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို အကောင်အထည်ဖော်ခြင်းတို့ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော ပဋိပက္ခအခြေအနေများကြောင့် ပြည်ပရင်းနှီးမြှုပ်နှံသူများအပေါ် ရိုက်ခတ်မှုရှိခဲ့ပြီး ခရီးသွားလုပ်ငန်းများလည်း ကျဆင်းခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများအား ဆက်လက်အားစိုက်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သလို ရခိုင်ပြည်နယ် ပဋိပက္ခအခြေအနေအား လူမှုအသိုင်းအဝိုင်းအားလုံးအတွက် အကောင်းဆုံးဖြစ်မည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ သို့မှသာ ရင်းနှီးမြှုပ်နှံသူများ၏ သဘောထားအမြင်များ ကောင်းမွန်လာမည်ဖြစ်ပြီး ယင်းအချက်က ကာလလတ်အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူအားလုံး လွှမ်းခြုံပါဝင်နိုင်မည့် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး အယ်လင်ဂိုးစလ်တိန်းက ရန်ကုန်မြို့ ဆူးလေ ရှန်ဂရီလာတွင် ယမန်နေ့က ပြုလုပ်သော ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံ စီးပွားရေးစောင့်ကြည့်အစီရင်ခံစာ ထုတ်ပြန်ရာတွင် ပြောကြားခဲ့သည်။

**ထင်ပေါ်ဝင်း (ကမာရွတ်)**

## သီပေါမြို့ မြို့လယ်ချောင်းအမှိုက်များ ပိတ်ဆို့မှုရှင်းလင်းပြီး

ဒီဇင်ဘာ ၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂) တွင် ပါရှိသည့် "ထင်သာမြင်သာ ပြုပြင်စရာ" ကဏ္ဍ၌ သီပေါမြို့ မြို့လယ်ချောင်းအမှိုက်များ ပိတ်ဆို့မှုရှင်းလင်းရန်လိုအပ် သတင်းပါဝင်မှုနှင့် ပတ်သက်၍ သီပေါမြို့နယ် စည်ပင်သာယာရေးဌာနက ယင်းချောင်းအတွင်း စည်းကမ်းမဲ့ စွန့်ပစ်ထားသော အမှိုက်များအား ရှင်းလင်းဆောင်ရွက်ခဲ့ပြီး စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှု မရှိစေရေး ပညာပေးလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်း (သီပေါ)**

## တိုက်ကွမ်ဒိုအားကစားနည်းအခြေခံသင်တန်း သင်ကြားပေးလျက်ရှိ

**ဒီးမော့ဆို ဒီဇင်ဘာ ၁၅**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ လူထုအားကစားလှုပ်ရှားမှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာလအတွင်း၌ ညနေ ၄ နာရီမှ ၅ နာရီခွဲထိ တိုက်ကွမ်ဒိုအားကစားနည်း အခြေခံသင်တန်းကို မြို့နယ်အားကစားရုံ၌ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

သင်တန်းတွင် မြို့နယ်အား/ကာမှူး ဦးသိန်းမိုးအောင်က တိုက်ကွမ်ဒိုကစားနည်းအခြေခံပညာရပ်များကို လက်တွေ့ကစားပြ သင်ကြားပေးလျက်ရှိကာ မြို့နယ်အတွင်းရှိ တိုက်ကွမ်ဒိုအားကစားနည်းဝါသနာပါကြသည့် လူကြီးလူငယ်၊ ကျား၊ မ မရွေး စိတ်ပါဝင်စားစွာ လာရောက်သင်ကြား ကစားလျက်ရှိကြောင်း သိရသည်။

**ကြီးဒဲရယ်**

❊ ရှေ့ဖုံးမှ

ဒီမိုကရေစီစနစ်သည် ဖက်ဒရယ်ပြည်ထောင်စုကို ခိုင်မြဲစေသလို ဖက်ဒရယ်ပြည်ထောင်စုသည်လည်း ဒီမိုကရေစီ၏ ကျင့်စဉ်များကို အားကောင်းစေပါကြောင်း၊ ယင်းသို့ တည်ဆောက်ရာတွင် မိမိတို့အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာတွင် မဏ္ဍိုင်ကြီး ၃ ရပ်နှင့် ဌာနဆိုင်ရာအဖွဲ့အစည်းအားလုံးက စိုးရိမ်ကြောင့်ကြနေစရာမလိုပါကြောင်း၊ ခေတ်ဟောင်းစနစ်ဟောင်းမှ ခေတ်သစ်စနစ်သစ်သို့ ကူးပြောင်းရာတွင် အချို့နေရာများတွင် အခက်အခဲများရှိနိုင်ပါကြောင်း၊ ယင်းအခက်အခဲများကို ကြုံတွေ့လာပါက မိမိတို့အရည်အချင်းများကိုပြသရန် အခွင့်ကောင်းဟု ခံယူရမည်ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုကို တချို့က စိတ်ပူပန်မှုများ၊ ဝန်လေးမှုများ၊ ငြင်းဆန်မှုများ၊ ခုခံမှုများ ရှိနိုင်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုးရိမ်စရာ၊ ငြင်းဆန် ခုခံနေရမည့်အရာများ မဟုတ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုခေတ်ရေစီးတွင် လိုက်ပါဆောင်ရွက်နိုင်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ တိုင်းပြည်ကို ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်လိုလျှင် ပြုပြင်ပြောင်းလဲမှုကို ရှောင်လွှဲ၍ရမည် မဟုတ်ပါကြောင်း။

## ပြုပြင်ပြောင်းလဲအောင် တည့်မတ်ပေးရမည်

ယနေ့ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအနေဖြင့် မိမိတို့၏ လက်အောက်ဝန်ထမ်းများကို စိတ်ဓာတ်ပြုပြင်ပြောင်းလဲအောင် တည့်မတ်ပေးရမည် ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် အားလုံးက ပါဝင်နိုင်အောင် ကြပ်မတ်ပေးရမည်ဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးနှင့် ပတ်သက်ပြီး မိမိတို့ ပြုပြင်ပြောင်းလဲလိုသည်မှာ နိုင်ငံရေးတရားမျှတမှု၊ စီးပွားရေးတရားမျှတမှု၊ လူမှုရေးမျှတမှုရှိအောင် ဖော်ဆောင်စေလိုပါကြောင်း၊ ထို့အတူ အခွင့်အလမ်းညီမျှမှု၊ အဆင့်အတန်းညီမျှမှု၊ တရားဥပဒေအရာတွင် ညီမျှမှုရှိအောင် စီမံစေလိုပါကြောင်း၊ မိမိတို့ အုပ်ချုပ်ရေးသည် တရားဥပဒေစိုးမိုးမှုကို အထောက်အကူပြုသည့် အုပ်ချုပ်ရေးဖြစ်ရန် လိုအပ်ပါကြောင်း၊ ထို့အတူ နိုင်ငံသူ၊ နိုင်ငံသားများအတွက် ဘဝလုံခြုံမှု၊စိတ်လုံခြုံမှု၊ နှလုံးစိတ်ဝမ်းအေးချမ်းမှုကိုပေးသည့် စီမံခန့်ခွဲသော အုပ်ချုပ်ရေးယန္တရားဖြစ်စေလိုပါကြောင်း၊ ပြည်သူကို အလုပ်အကျွေးပြုပြီး ပြည်သူကပေးသည့် တာဝန်ကိုကျေပွန်သည့် ဝန်ဆောင်မှုဖြစ်စေလိုပါကြောင်း၊ ပြည်သူကို ဖိနှိပ်ချုပ်ချယ်သည့် အုပ်ချုပ်ရေးယန္တရားမဖြစ်စေလိုပါကြောင်း။

သို့ဖြစ်၍ မိမိတို့အနေဖြင့် အုပ်ချုပ်ရာတွင် ဒီမိုကရေစီစံနှုန်းအတိုင်း ပြည်သူသာအမိ၊ ပြည်သူသာအဖဆိုသည်ကို ကောင်းစွာလက်ခံထားပါကြောင်း၊ ပြည်နယ်၊ တိုင်းအစိုးရအဖွဲ့များ စီမံခန့်ခွဲမှုညံ့ဖျင်းလျှင်၊ အုပ်ချုပ်မှုမှားယွင်းလျှင် ဒီမိုကရေစီကျဆုံးသွားနိုင်ကြောင်းကို သမိုင်းသာဓကများအရ သတိပြုရမည်ဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့် မည်သို့ပင်အုပ်ချုပ်ရေးပြောင်းလဲစေကာမူ ဒီမိုကရေစီစံနှုန်းဖြင့် ညီညွတ်သည့်ဥပဒေများကို မပြောင်းလဲနိုင်ပါက ဒီမိုကရေစီယန္တရားမဖြစ်ဘဲ ဗျူရိုကရေစီယန္တရားဖြစ်သွားနိုင်ပါကြောင်း၊ ကိုယ့်နိုင်ငံ၊ ကိုယ့်ဒေသ၊ ကိုယ့်အခြေအနေဖြင့် ညီညွတ်သည့် ဥပဒေများပြဋ္ဌာန်းရန် လိုအပ်ပါကြောင်း။

> **“ပြည်သူ့ဘဏ္ဍာကို သုံးစွဲရာတွင်လည်း လေလွင့်ဆုံးရှုံးမှုမဖြစ်အောင် ဆောင်ရွက်ကြရမည်၊ စီမံကိန်းများကို မှန်မှန်ကန်ကန်တွက်ချက်ပြီး တင်ပြကြရန်နှင့် လုပ်ငန်းဆောင်ရွက်ရာတွင် တင်ဒါစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပွင့်လင်းမြင်သာစွာဆောင်ရွက်ကြရန်လို၊ မပြီးစီးသည့် လုပ်ငန်းများနှင့်စပ်လျဉ်းပြီး မှန်မှန်ကန်ကန် တင်ပြကြရန်၊ စီမံကိန်းပိုလျှံငွေများကို ပြန်လည်အပ်နှံကြရန်လို”**

## ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်ရပ်တည်

တရားစီရင်ရေးအပိုင်းတွင် မိမိတို့ ရည်ရွယ်ထားသည့် တရားစီရင်ရေးမှာ ဘက်လိုက်မှုကင်းသည့် တရားစီရင်ရေးပင်ဖြစ်ပါကြောင်း၊ တရားမျှတမှုရှိအောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဥပဒေနှင့်အညီ ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ တရားဥပဒေ၏ ရှေ့မှောက်တွင် အားလုံးအညီအမျှဖြစ်ရန် လိုအပ်ပါကြောင်း၊ ဥပဒေအရာရှိများအနေဖြင့်လည်း တရားရုံးများက မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်ရန်နှင့် နိုင်ငံသူ၊ နိုင်ငံသားများဘက်မှ ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် ရပ်တည်ပေးရမည် ဖြစ်ပါကြောင်း။

## မူးယစ်ဆေးဝါးကို ပိုမိုနှိမ်နင်းရမည်

မိမိအနေဖြင့် နိုင်ငံတော်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ရန် ပြည်ထောင်စုလွှတ်တော်တွင် ကျမ်းသစ္စာကျိန်ဆိုပြီးချိန်တွင် မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့ပါကြောင်း၊ ယင်းမိန့်ခွန်း၏ အနှစ်သာရကို ပြန်လည်ပြောကြားရပါက ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလ၏ ပြောင်းလဲမှုဖြစ်စဉ် အောင်မြင်ချောမွေ့စေရန် ပြည်သူပြည်သားများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများအားလုံး၏ ပုံစံကျနေသည့် အတွေးအခေါ်နှင့် ပုံသေကားကျ အလေ့အထများကို ပြုပြင်ပြောင်းလဲကြရန် အထူးလိုအပ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုနှောင့်နှေးနေသည့် ဌာနဆိုင်ရာအဖွဲ့အစည်းများကို ကြပ်မတ်ရမည်ဖြစ်ပါကြောင်း၊ တရားစီရင်ရေးမဏ္ဍိုင်ကို တည့်မတ်ရမည်ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုကို ပိုမိုတိုက်ဖျက်ရမည်ဖြစ်ပါကြောင်း၊ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းများကို ကာကွယ်ရမည်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးကို ပိုမိုနှိမ်နင်းရမည်ဖြစ်ပါကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရန် စီမံခန့်ခွဲရမည်ဖြစ်ပါကြောင်း၊ ဥပဒေမဲ့သိမ်းဆည်းခံရသည့် လယ်ယာမြေများ ပြန်လည်ရရှိရေး၊ လျော်ကြေးနှင့် နစ်နာကြေးရရှိရေးတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း စသည်တို့ကို ပြောကြားခဲ့ပါကြောင်း။

## လက်တွေ့ကျကျ ကြပ်မတ်ရန်လိုအပ်

ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်၏မူဝါဒများ၊ ညွှန်ကြားချက်များကို အကောင်အထည်ဖော်နိုင်ရမည် ဖြစ်ပါကြောင်း၊ ထိုသို့ ဖော်ဆောင်ရာတွင် ကိုယ်လိုသလို ပုံမဖော်မိရန် လိုအပ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရဖွဲ့၏ မူဝါဒများကို အကောင်အထည်ဖော်ရန် ပြည်နယ်၊ တိုင်းအစိုးရအဖွဲ့များတွင် တာဝန်ရှိပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း မိမိပြည်နယ်မှာရှိသည့် ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးကို လက်တွေ့ကျကျ ကြပ်မတ်ရန်လိုအပ်ပါကြောင်း၊ ထိုသို့ကြပ်မတ်ရာတွင် ဌာနဆိုင်ရာများအနေဖြင့် ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ စစ်ဆေး ကြပ်မတ်နေရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်နိုင်မှသာ အုပ်ချုပ်ရေးယန္တရားပြုပြင်ပြောင်းလဲမှု အရှိန်အဟုန်ရလာမည် ဖြစ်ပါကြောင်း။

## မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အားလုံးပါဝင်

မူးယစ်ဆေးဝါးကိုလည်း ပိုမိုနှိမ်နင်းနိုင်အောင် နိုင်ငံတော်သမ္မတရုံးတွင် ဌာနတစ်ခုဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်မှာ တိုင်းပြည်နှင့် အနာဂတ်မျိုးဆက်သစ်လူငယ်များအတွက် အရေးကြီးပါကြောင်း၊ မူးယစ်ဆေးဝါးကိစ္စများတွင် ဝန်ထမ်းများပါဝင်နေပါကလည်း မျက်နှာကြီးငယ်မရွေး ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးတွင် အားလုံးပါဝင်စေလိုပါကြောင်း။

## နိုင်ငံသားများ၏ အကျိုးစီးပွားကိုကြည့်

အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် လုပ်ဆောင်နေပါကြောင်း၊ အဂတိမှာ မိမိတို့နိုင်ငံတွင် ခလေ့သဖွယ် စွဲကပ်နေပါကြောင်း၊ ယင်းကိုမကုစားနိုင်ပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မည် မဟုတ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့အထိ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘဏ္ဍာငွေအပေါ်မူတည်ပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအလိုက် Corruption Prevention Units (CPU) များ ဖွဲ့စည်းပြီး ထိန်းကျောင်းရန်လည်း စီစဉ်လျက်ရှိပါကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်နိုင်မှသာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမည်ဖြစ်ပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ယင်းကိစ္စကို အားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ဝန်ထမ်းများ၏ စားဝတ်နေရေးအခက်အခဲကိုလည်း နားလည်ပါကြောင်း၊ မိမိ၏ ယာယီသက်သာမှုကိုကြည့်ပြီး မဆောင်ရွက်ကြစေလိုဘဲ နိုင်ငံသူ၊ နိုင်ငံသားများ၏ အကျိုးစီးပွားကိုကြည့်ပြီး ဆောင်ရွက်ကြစေလိုကြောင်း။

ပြည်သူ့ဘဏ္ဍာကို သုံးစွဲရာတွင်လည်း လေလွင့်ဆုံးရှုံးမှုမဖြစ်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စီမံကိန်းများကို မှန်မှန်ကန်ကန်တွက်ချက်ပြီး တင်ပြကြရန်နှင့် လုပ်ငန်းဆောင်ရွက်ရာတွင် တင်ဒါစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ကြရန်လိုကြောင်း၊ မပြီးစီးသည့် လုပ်ငန်းများနှင့် စပ်လျဉ်းပြီး မှန်မှန်ကန်ကန် တင်ပြကြရန်လိုကြောင်း၊ စီမံကိန်းပိုလျှံငွေများကို ပြန်လည်အပ်နှံကြရန်လိုကြောင်း၊ ဥပဒေချုပ်နှင့် စာရင်းစစ်ချုပ်တို့ကလည်း သက်ဆိုင်ရာ တာဝန်ရှိသူများကို မှန်မှန်ကန်ကန် အကြံပြုကြစေလိုကြောင်း။

## မွေးရာပါအခွင့်အရေးဖြစ်

လူ့အခွင့်အရေးအပိုင်းတွင်လည်း လူ့အခွင့်အရေးကို အရှိန်အဟုန်ဖြင့် ပိုမိုမြှင့်တင်ကာကွယ်ရမည် ဖြစ်ပါကြောင်း၊ လူ့အခွင့်အရေးသည် မွေးရာပါအခွင့်အရေးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည်လည်း လူ့အခွင့်အရေးကြေညာစာတမ်းတွင် အစောဆုံးပါဝင်လက်မှတ်ထိုးသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါကြောင်း။

သမိုင်းအခြေအနေအရ မိမိပခုံးပေါ်သို့ ကျရောက်လာသည့် သမိုင်းပေး တာဝန်များကို မိမိဖြတ်သန်းသည့် ကာလတစ်ခုတွင် မည်မျှကျေပွန်စွာ လုပ်ဆောင်ခဲ့သည်ကို နောင်မျိုးဆက်သစ်များက တန်ဖိုးဖြတ်မည်ဖြစ်သည့်အတွက် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ကရင်ပြည်နယ် အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်က လွှတ်တော်ရေးရာလုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း၊ ပြည်နယ်တရားလွှတ်တော်တရားလွှတ်တော်တရားသူကြီးချုပ် ဦးစောစံလင်းက တရားလွှတ်တော်ရေးရာ လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးကဏ္ဍတို့နှင့် စပ်လျဉ်း၍ အားနည်းချက်၊ အားသာချက်များကို ရှင်းလင်းပြောကြားပြီး တရားစီရင်ရေးတွင် အမှုများကို မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် စစ်ဆေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူများအတွက် ဥပဒေအရပေးထားသည့် အခွင့်အရေးများကို ခွင့်ပြုပေးရမည်ဖြစ်ကြောင်း၊ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့် သက်သေခံပစ္စည်းများကို သက်ဆိုင်ရာဌာနသို့ နည်းမှန်လမ်းမှန်အပ်နှံပြီး ဆောင်ရွက်ကြရန် လိုကြောင်း၊ ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဥပဒေ၊ နည်းဥပဒေများအတိုင်း ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့၏ မူဝါဒမှာ ပြည်နယ်နှင့် တိုင်းဒေသကြီးများကို ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်ကြောင်း၊ ပြည်နယ်အစိုးရ၏ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက် မှန်ကန်မှုနှင့် မြန်ဆန်မှုသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုက်ရိုက်အချိုးကျလျက်ရှိပါကြောင်း။

## အချက်အလက်များကို မှန်မှန်ကန်ကန်ပြုစုပေးရန်လို

လယ်ယာမြေသိမ်းဆည်းခံရမှုများ ပြန်လည်ပေးအပ်ရာတွင် နိုင်ငံတော်ကချမှတ်ထားသည့် မူဝါဒများနှင့်အညီ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် တိတိကျကျ လုပ်ဆောင်ရန်လိုကြောင်း၊ နိုင်ငံတော်၏ မူဝါဒများကို လိုအပ်သလိုအဓိပ္ပာယ်ဖွင့်ဆိုခြင်းများဖြင့် မဆောင်ရွက်ကြစေလိုပါကြောင်း၊ စွန့်လွှတ်ပြီးမြေများကို မူလပိုင်ရှင်တောင်သူလယ်သမားများထံ မြန်မြန်ဆန်ဆန် ပြန်လည်ရောက်ရှိပြီး တာဝန်ရှိသူများက တရားဝင်မှုရရှိအောင် ဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း၊ မြေယာကိစ္စများတွင် တရားစီရင်ရေးအနေဖြင့် မှန်မှန်ကန်ကန်ဆောင်ရွက်ရန် အထူးအရေးကြီးပါကြောင်း၊ ပြည်နယ်အတွက် အစီရင်ခံစာတင်ပြနိုင်ရေး ဆောင်ရွက်ပေးကြရသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ပြည်နယ်အစိုးရအဖွဲ့အား အချက်အလက်များကို မှန်မှန်ကန်ကန်ပြုစုပေးရန်လိုကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ဆောင်ရွက်နေသည်မှာ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သည့် အုပ်ချုပ်ရေးဖြစ်အောင် ဆောင်ရွက်နေပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန် ဖြစ်နိုင်ခြေများကို ကြိုတင်တွက်ဆကြရန်၊ ပွင့်လင်းမြင်သာရန်နှင့် ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဘားအံမြို့ကမ်းနားလမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကရင်ပြည်နယ်အတွင်းရှိ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်တို့မှ တာဝန်ရှိသူများအား တွေ့ဆုံပွဲအခမ်းအနားတွင် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်

# ခရစ္စမတ်အကြို ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် ညစာစားပွဲအခမ်းအနားကျင်းပ




**ရန်ကုန် ဒီဇင်ဘာ ၁၅**

မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန် မဟာမိတ် အဖွဲ့ချုပ် (MECA) က ကြီးမှူးကျင်းပသည့် ခရစ္စမတ်အကြို ကျေးဇူးတော် ချီးမွမ်းခြင်းနှင့် ညစာစားပွဲ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ ညနေ ၅ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ် ၄၈ ရပ်ကွက် အမှတ် (၁၆၆)ရှိ ယုံကြည်သူများ အသင်းတော်၌ ကျင်းပသည်။

**နှုတ်ခွန်းဆက်စကားပြော**

အခမ်းအနားတွင် မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ် (MECA) မှ တာဝန်ရှိသူများက သမ္မာကျမ်း ဖတ်ကြားခြင်း၊ ချီးမွမ်းသီချင်း သီဆိုခြင်း၊ အဖွင့်ဆုတောင်းခြင်း၊ အကြိုနှုတ်ခွန်းဆက်စကား ပြောကြားခြင်းနှင့် ခရစ္စမတ် နှုတ်ခွန်းဆက်စကားပြောခြင်း တို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ခရစ်တော်၏ မွေးနေ့တော်အတွက် နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။ **(ယာပုံ)**

**အထူးခရစ္စမတ်ဒေသနာ ဟောကြား**

ဆက်လက်၍ မြန်မာနိုင်ငံခရစ်ယာန် အသင်းတော်များကောင်စီ အထွေထွေ အတွင်းရေးမှူး သိက္ခာတော်ရဆရာမန်းပါမာစတန်က ခရစ္စမတ်ဒေသနာ ဟောကြားပြီး ဆရာစံပီးနှင့်အဖွဲ့က အထူးသီချင်းသီဆိုကာ Bishop Dr. Ral Buai က အထူးခရစ္စမတ်ဒေသနာ ဟောကြားသည်။

**ဓမ္မသီချင်းသီဆို**

ယင်းနောက် Rev. Dr အောင်မန်းက အထူးဆုတောင်းခြင်း၊ မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ် (MECA) ဥက္ကဋ္ဌ Rev. Dr အေးမင်းက ခရစ္စမတ်ဒေသနာ ဟောကြားခြင်း၊ ကျေးဇူးတင်စကား ပြောကြားခြင်းနှင့် Rev. Dr ဦးညွန့်လှက ဓမ္မသီချင်းသီဆိုကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီးများ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် တိုင်းရင်းသားများ ဖွံ့ဖြိုးရေးဆောင်ရွက်

**ကလေး ဒီဇင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ရောက်ရှိနေသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်တို့သည် ယနေ့နံနက်ပိုင်းတွင် ကလေးဝမြို့သို့ သွားရောက်ပြီး လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် တိုင်းရင်းသားများ ဖွံ့ဖြိုးရေးတို့ကို ဆောင်ရွက်ကြသည်။

**နည်းလမ်းမျိုးစုံဖြင့် စီမံဆောင်ရွက်ပေး**

အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက ဝန်ကြီးဌာနအနေဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်များကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နေ့ကလေးထိန်းကျောင်းများနှင့် မူလတန်းကြိုကျောင်းများ မဖွင့်လှစ်ပေးနိုင်သည့် ဒေသများအတွက် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုစောင့်ရှောက်ရေး နည်းလမ်းများဖြင့် မိခင်ဝိုင်းများ ဖွင့်လှစ်ပေးနိုင်ရန် လူမှုဝန်ထမ်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းမှမွေးဖွားသော ကလေးအသက်နှစ်နှစ်အထိ ငွေကြေးထောက်ပံ့ပေးခြင်းအစီအစဉ်ကို ဖွံ့ဖြိုးမှု အနိမ့်ကျဆုံးဒေသများမှစ၍ ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ သက်ကြီးရွယ်အိုများ အတွက် လူမှုရေးပင်စင်ထောက်ပံ့မှုအဖြစ် အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများကို ဆောင်ရွက်ပေးလျက်ရှိပြီး ဘေးအန္တရာယ်များကြောင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး အဟန့်အတားဖြစ်မှုများကို လျော့နည်းသက်သာစေရန်အတွက် ဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့က နည်းလမ်းမျိုးစုံဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားသည်။

**ပူးပေါင်းပါဝင်ကြရန် လိုအပ်**

ထို့နောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် က လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေးရရှိရန် အရေးကြီးသဖြင့် ပြည်ထောင်စု စိတ်ဓာတ်ဖြင့် တိုင်းရင်းသားများ ပူးပေါင်းပါဝင်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ နိုင်သက်လွင်နှင့် ဒုတိယဝန်ကြီး ဦးစိုးအောင်တို့သည် အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများအတွက် ထောက်ပံ့ငွေကျပ် ၄၉ သိန်းကျော်၊ မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေကျပ် ၄၅ သိန်းကျော်၊ မိခင်ဝိုင်းများ ဖွင့်လှစ်ပေးနိုင်ရေးအတွက် ထောက်ပံ့ငွေကျပ် ၃၅ သိန်းကျော်ကို တာဝန်ရှိသူများထံ ပေးအပ်ကြသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများသည် ကလေးဝမြို့နယ် သစ်ချောက်ကျေးရွာ၌ ဘက်စုံသုံး ဘေးဒဏ်ခံအဆောက်အဦ တည်ဆောက်နိုင်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ပေးသည်။

ထို့နောက် ကလေးမြို့ ဘိုးဘွားရိပ်သာ၌ ဘိုးဘွားရိပ်သာ ဖြစ်မြောက်ရေး ကော်မတီဝင်များနှင့် တွေ့ဆုံပြီး ဘိုးဘွားများအတွက် လိုအပ်သော အသုံးအဆောင် ပစ္စည်းများ ထောက်ပံ့ပေးနိုင်ရေး ညှိနှိုင်းဆွေးနွေးကြသည်။

ဆက်လက်၍ ကလေးမြို့အတွင်း ဖြတ်သန်းစီးဆင်းနေသော နန်းကလိန်ချောင်း၊ သံတံတားချောင်းနှင့် ဥပုဒ်ချောင်းများ တိမ်ကောမှုကြောင့် ချောင်းရေလျှံမှုများမှ ကလေးမြို့ ရေကြီးမှုဖြစ်ပွားနိုင်မည့် အန္တရာယ်ကာကွယ်ရန် လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် တိုင်းဒေသကြီးအစိုးရ ရိပ်သာခန်းမ၌ ကလေးခရိုင်အတွင်းရှိ လူမှုရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံပြီး ဘေးအန္တရာယ်များ ကျရောက်ပါက အရေးပေါ် တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် သင်တန်းဖွင့်လှစ်သင်ကြားပေးမည့် ကိစ္စရပ်များ၊ ဘေးအန္တရာယ် စီမံခန့်ခွဲမှုအစီအစဉ်နှင့် ကလေးခရိုင်အတွင်း မူးယစ်စွဲသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေသည့် အရပ်ဘက်အဖွဲ့အစည်းများကို သင်တန်းပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များ၌ အဖွဲ့အစည်းများ၏ လိုအပ်ချက်များကို ဝန်ကြီးဌာနအနေဖြင့် ဖြည့်ဆည်း ဆောင်ရွက်ပေးမည့်အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

အလားတူ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်သည် ကလေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံပြီး ကလေးမြို့ရှိ ချင်း၊ တီးတိန်၊ ဖလမ်း၊ ဟားခါး၊ လူရှိုင်းနှင့် ဟွာလ်ငို စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၏ တိုင်းရင်းသား ရေးရာများနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ညှိနှိုင်းဆွေးနွေးကြသည်။

**သတင်းစဉ်**

# အမှိုက်ကရွှေဖြစ် ခေါင်းစဉ်ဖြင့် လှုပ်ရှားမှုကို ရန်ကုန်မြို့ရှိ အတွင်းဝန်များရုံး၌ ကျင်းပလျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၅**

"အမှိုက်ကရွှေဖြစ်" ခေါင်းစဉ်ဖြင့် ပြုလုပ်သည့် စွန့်ပစ်အမှိုက်များမှ လုပပြီး အသုံးဝင်သော ပစ္စည်းများအသွင်သို့ ပြောင်းလဲသည့်လှုပ်ရှားမှုကို ရန်ကုန်မြို့သိမ်ဖြူလမ်းရှိ အတွင်းဝန်များရုံး၌ ဒီဇင်ဘာ ၁၅ ရက်မှ စတင်ကျင်းပလျက်ရှိကြောင်း သိရသည်။

စွန့်ပစ်အမှိုက်များမှ အသုံးဝင်သော ပစ္စည်းများ အသွင်ပြောင်းလဲခြင်းသည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့အနှံ့အပြားတွင်လည်း ရေပန်းစားလျက်ရှိသည်။ ရန်ကုန်မြို့ အတွင်းဝန်များရုံး၌ ပြုလုပ်လျက်ရှိသော အဆိုပါလှုပ်ရှားမှုသည် ကမ္ဘာပေါ်တွင် ပထမဦးဆုံးပြုလုပ်လျက်ရှိသော ဒီဇိုင်းအနုပညာပြသခြင်းမျိုးဖြစ်ပြီး ရန်ကုန်မြို့တွင် သီတင်းနှစ်ပတ်ခန့် ပြုလုပ်မည်ဖြစ်ကာ နိုင်ငံအသီးသီးမှ ဒီဇိုင်နာ ၅၃ ဦးတို့က အနုပညာလက်ရာပေါင်း ၇၆ ခုကို ခင်းကျင်းပြသလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

"ဒီပွဲမှာ အဓိကတွေ့ရမယ့် နှစ်မျိုးကတော့ လူသားတွေ ဖန်တီးလိုက်တဲ့ အရာဝတ္ထုကနေပြီးတော့ အသုံးမတည့်တဲ့ စွန့်ပစ်ပစ္စည်းကို ပတ်ဝန်းကျင်မှာ ပြန်သုံးလို့ရအောင် ဘယ်လိုဖန်တီးမလဲဆိုတာမျိုးပေါ့။ နောက်တစ်ခုက သဘာဝကနေ သူ့ဘာသာသူဖြစ်နေတဲ့ စွန့်ပစ်ပစ္စည်းတွေရှိတယ်။ ဥပမာဆို ဖေဒါတွေပေါ့။ အဲဒီလိုဟာ မျိုးကနေ တန်ဖိုးမြင့်ပစ္စည်းအနေနဲ့ ပြန်ပြီး ဖန်တီးထားတာမျိုးပါ" ဟု ပြပွဲနှင့် ပတ်သက်၍ Goethe Institute ၏ ဒါရိုက်တာဖြစ်သူ Franz Xaver Augustin က ပြောကြားသည်။

စွန့်ပစ်အမှိုက်များကို ပုံသဏ္ဌာန်ပြောင်းလဲ၍ ပြန်လည်အသုံးချနိုင်ရန် အတွက် ပြည်တွင်း ပြည်ပ လက်မှုအနုပညာရှင်များ ပူးပေါင်းကာ ယခုကဲ့သို့ ပြသခြင်းဖြစ်ကြောင်း သိရသည်။ ပြခန်းများတွင် စွန့်ပစ်ပစ္စည်းမှ မြန်မာအနုပညာရှင်များ ဖန်တီးထားသော ဒီဇိုင်းများနှင့် ပြည်ပအနုပညာရှင်များ ဖန်တီးထားသော ဒီဇိုင်းများကို သီးခြားခွဲကာ ပြသထားသည်။



ထို့ပြင် ဘာလင်အနုပညာတက္ကသိုလ်မှ ပါမောက္ခ Axel Kufus ဦးဆောင်ပြီး ကြွပ်ကြွပ်နှင့် လုတယ်တို့မှ လက်မှုအနုပညာရှင်များနှင့် ဒီဇိုင်နာများ ပူးပေါင်းပါဝင်သည့် တန်ဖိုးမြင့်ပစ္စည်းများအဖြစ် ပြန်လည်ဖန်တီးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲကို လာမည့်ဇန်နဝါရီ ၆ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ပြသသွားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ စွန့်ပစ်အမှိုက်များကို အသုံးပြု၍ ဂီတသံစဉ် ဖျော်ဖြေမှုကိုလည်း ပြပွဲအတွင်း တွေ့မြင်ခဲ့ရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ- ထိန်လင်း**



မြန်မာ့ရိုးရာ တပို့တွဲလ ထမနဲထိုးပွဲ ဓာတ်ပုံ-ငွေးလွင်(အမရပူရ)

## အေးအတူပူအမျှ၊ ကောင်းတူဆိုးဖက် ပူးပေါင်းနေလိုသော အစဉ်အလာ ဆန္ဒအပေါ်တွင် ဝံသာနုရက္ခိတ တရားသည် တည်နေ

### ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ကြားချက်

“လူမျိုးဆိုသည်မှာ သုခဒုက္ခ အတူခံစားကြ၍ နီးနီးစပ်စပ် အကျိုးချင်း ထပ်ပြီးလျှင် နှစ်ပရိစ္ဆေဒ ရှည်လျားစွာ တစ်မျိုးတစ်စားတည်းပင်ဟု စိတ်ထားရှိသူတို့ကို တစ်စုတည်းပေါင်း၍ ခေါ်ဝေါ်ခြင်းသာ ဖြစ်ပေသည်။ အမျိုးအနွယ်၊ ကိုးကွယ်သည့် ဘာသာတရား၊ ပြောဆိုသည့် စကားတို့ကို အရေးထားရမည်ဖြစ်သော်လည်း စင်စစ်မှာ အေးအတူပူအမျှ၊ ကောင်းတူဆိုးဖက် ပူးပေါင်းနေလိုသော အစဉ်အလာ ဆန္ဒအပေါ်တွင် ဝံသာနုရက္ခိတ တရားသည် တည်နေပေ၏”

*[ ၁၉၄၆ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့ ရွှေတိဂုံအလယ်ပစ္စယံညီလာခံ၌ ပြောကြားခဲ့သော မိန့်ခွန်းမှ ကောက်နုတ်ချက် ]*

❒ *ကျော့ဖုံးမှ*

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် က အမှာစကားပြောကြားသည်။

ယင်းနောက် စစ်ဦးစီးအရာရှိချုပ်(လေ)ဗိုလ်ချုပ်ထွန်းအောင်က လေယာဉ်များအား တပ်တော်ဝင်အဖြစ် ကြေညာသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်က လေယာဉ်များ တပ်တော်ဝင် အထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်းအဖြစ် လေယာဉ်၊ ရဟတ်ယာဉ် ပုံစံငယ်များအား ပေးအပ်သည်။

ထို့နောက် လေယာဉ်၊ ရဟတ်ယာဉ်များ သရုပ်ပြ အုပ်ဖွဲ့ပျံသန်းအလေးပြုခြင်းနှင့် ကျွမ်းထိုးသရုပ်ပြပျံသန်းခြင်းများ ပြသကြသည်။

ဆက်လက်၍ ဇီဝိတဒါနငှက်လွှတ်ခြင်း ဆောင်ရွက်ကြရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့ဝင်များက ငှက်အကောင်ရေ ၇၁ ကောင်တို့အား ဘေးမဲ့လွှတ်ပေးကြပြီး တပ်တော်ဝင်လေယာဉ်များကို လှည့်လည်ကြည့်ရှုကြသည်။

ယနေ့တပ်တော်ဝင်ခဲ့သည့် လေယာဉ်များအနက် Eurocopter ရဟတ်ယာဉ်သည် ခရီးသည်သယ်ဆောင်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ခြင်းနှင့် ပင်လယ်ပြင်ကင်းထောက်ခြင်းလုပ်ငန်းများ၊ မြေပြန့်ဒေသများတွင်သာမက မြင့်မားသည့် တောင်ပေါ်ဒေသများတွင်ပါ တာဝန်ထမ်းဆောင်နိုင်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိအဆင့် ဝင်ပေါက်ရာထူးများအတွက် ပဏာမစစ်ဆေးခြင်းကို လှည့်လည်ကြည့်ရှုအားပေး

**ရန်ကုန် ဒီဇင်ဘာ ၁၅**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကြော်ငြာစာ အမှတ်(၃/၂၀၁၈)ပါ ဝန်ကြီးဌာနခုနစ်ခုတွင် လစ်လပ်လျက်ရှိသော ပြန်တမ်းဝင် အရာရှိအဆင့် ဝင်ပေါက်ရာထူး ၁၈၈ နေရာအတွက် ပဏာမစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းမှ စတင်၍ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် မော်လမြိုင်မြို့တို့ရှိ စာစစ်ဌာန ငါးခု၌ တစ်ပြိုင်တည်း ကျင်းပလျက်ရှိသည်။



အဆိုပါ စာစစ်ဌာနများအနက် ရန်ကုန်မြို့ရှိ အ.ထ.က(၄) အလုံနှင့် အ.ထ.က(၇)အလုံ စာဖြေဌာန နှစ်ခုသို့ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း သွားရောက်၍ အင်္ဂလိပ်စာနှင့် သုတရေးရာ ဘာသာရပ်များ ဖြေဆိုနေမှုကို ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ယာပုံ)** စာမေးပွဲဖြေဆိုကြသူများကို အားပေးစကားပြောကြားသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ အနေဖြင့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီးအတွက် လိုအပ်သော အရည်အသွေးမြင့် အရာထမ်းများကို ရွေးချယ်ပေးရာတွင် လူမှန်၊ နေရာမှန်ရေးအတွက် ယခင်စာမေးပွဲစနစ်အစား ပဏာမစစ်ဆေးခြင်းကို ပထမအဆင့်၊ ပထမအဆင့် အောင်မြင်သူများကို Intermediate Level မှ Upper Intermediate Level အဆင့်သို့ မြှင့်တင်စစ်ဆေးမည့် ရေးဖြေစာမေးပွဲကို ဒုတိယအဆင့်၊ ဒုတိယအဆင့် အောင်မြင်သူများကို စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းကို တတိယအဆင့် စစ်ဆေး၍ ရာထူးရွေးချယ်ရေး လုပ်ငန်းစဉ်ကို အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ ယနေ့ ကျင်းပပြုလုပ်သည့် ပဏာမစစ်ဆေးခြင်းသည် တတိယအကြိမ် ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး ပဏာမစစ်ဆေးခြင်းသို့ ဝင်ရောက်ဖြေဆိုသူပေါင်း ၄၀၂၀ ရှိကြောင်း သိရှိရသည်။ **သတင်းစဉ်**

## (၄၂)ကြိမ်မြောက် သွေးလှူရှင်များ ဂုဏ်ပြုပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၅**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဗဟိုသွေးလုပ်ငန်းကော်မတီက စီစဉ်ကျင်းပသည့် (၄၂)ကြိမ်မြောက် သွေးလှူရှင်များ ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### ဂုဏ်ပြုလက်ဆောင်များ ပေးအပ်

အခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ သာထွန်းကျော်က အမှာစကားပြောကြားပြီး သွေးလှူရှင်များအတွက် အလှူရှင်များက လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်၍ အကြိမ်(၁၀၀) နှင့်အထက် လှူဒါန်းခဲ့ကြ သည့် သွေးလှူရှင်များကို ဂုဏ်ပြု လက်ဆောင်များ ပေးအပ်သည်။

(၁၅၂)ကြိမ်မြောက်ဖြင့် အကြိမ်အရေအတွက် အများဆုံးသွေးလှူဒါန်းခဲ့သည့် သွေးလှူရှင် ဦးအောင်မင်းက “တစ်လကို ပုံမှန်သွေးသုံးကြိမ် လှူဒါန်းခဲ့တာ နှစ်ပေါင်း ၅၀ ရှိခဲ့ပါပြီ။ နောင်အသက်ရှင်သရွေ့ကာလပတ်လုံး လှူနိုင်သမျှ နှစ်စဉ်လှူဒါန်းသွားဖို့ ရည်ရွယ်ထားပါတယ်”ဟု ပြောသည်။

သွေးသွင်းကုသမှု လုပ်ငန်းစဉ်များတွင် အဓိကကျသော ကဏ္ဍတစ်ခုဖြစ်သည့် စေတနာရှင် သွေးလှူသူများကို ဂုဏ်ပြုသည့်အနေဖြင့် နှစ်စဉ် ဒီဇင်ဘာ ၁၄ ရက်ကို သွေးလှူရှင်များ ဂုဏ်ပြုပွဲနေ့အဖြစ် သတ်မှတ်ထားကာ နိုင်ငံတော်မှလည်း ၂၀၁၄ ခုနှစ်မှစတင်၍ သွေးလှူဒါန်းမှုများ၏ သွေးစစ်ဆေးခြင်း၊ ထုတ်ယူခြင်း၊ ဖြန့်ဖြူးခြင်း အစရှိသည်တို့အတွက် ကုန်ကျစရိတ်အနေဖြင့် နှစ်စဉ် ငွေကျပ်သိန်းပေါင်း ၆၅၀၀ ခန့် ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

### တိုးတက်လာ

အမျိုးသားသွေးဌာနတွင် သွေးသွင်းလူနာများအတွက် စေတနာရှင် သွေးလှူသူများ၏ သွေးလှူဒါန်းမှုမှာ ၂၀၁၃ ခုနှစ်တွင် ၃၅ ရာခိုင်နှုန်းမှ ၂၀၁၇ ခုနှစ်တွင် ၉၆ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ၇၉ ဒသမ ၉ ရာခိုင်နှုန်းအထိ တိုးတက်လာကြောင်း သိရသည်။

ယခုနှစ် သွေးလှူရှင်များ ဂုဏ်ပြုပွဲတွင် အကြိမ်အရေအတွက် အများဆုံးဖြစ်သည့် (၁၅၂)ကြိမ်မြောက် သွေးလှူရှင်များ အပါအဝင် အကြိမ် ၄၀ မြောက်နှင့်အထက် သွေးလှူရှင်များ၊ ရဟန်းသံဃာတော် သွေးလှူရှင်များ အပါအဝင် စုစုပေါင်း ၅၁၉ ဦး တက်ရောက်ကြသည်။ **မြတ်စန္ဒီ**

## ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်၌ (၁၃) ကြိမ်မြောက် ပန်းပွဲတော်ကျင်းပ

**ပြင်ဦးလွင် ဒီဇင်ဘာ ၁၅**

ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီး ဥယျာဉ်တွင် (၁၃) ကြိမ်မြောက် ပန်းပွဲတော်ကို ယနေ့နံနက်က စတင်ဖွင့်လှစ်ခဲ့ပြီး ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်စား တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ခင်မောင်ဌေး တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

ယမန်နှစ် (၁၂) ကြိမ်မြောက် ပန်းပွဲတော်တွင် ပန်းအပင်ပေါင်း တစ်သိန်းသုံးသောင်းကျော် စိုက်ပျိုးခင်းကျင်း အလှဆင်ပြသခဲ့သော်လည်း ယခုနှစ်တွင် ထူးထူးခြားခြားဖြင့် ပန်းအပင်ပေါင်း သုံးသိန်းကျော်ခင်းကျင်း၍ ပြကွက်အမျိုးမျိုးဖြင့် လှလှပပခင်းကျင်းပြသထားကြောင်း သိရသည်။



“ပန်းမျိုးစေ့တွေကို ဂျပန်နိုင်ငံနဲ့ တရုတ်နိုင်ငံတွေက မှာယူခဲ့ပြီး ပြင်ဦးလွင် အမျိုးသားဥယျာဉ်ကြီးမှာ ကိုယ်တိုင်စိုက်ပျိုးခဲ့ပါတယ်။ ပန်းခင်းကျင်းပြသမှု အမျိုးမျိုးကို ထိုင်းနိုင်ငံ ချင်းမိုင်မြို့မှာ ရှိနေတဲ့ Garden and Friends ကုမ္ပဏီနဲ့ပူးတွဲပြီး အရင်နှစ်တွေကထက် ပိုပြီးမျက်စိပသာဒဖြစ်အောင် ဖန်တီးပြသထားပါတယ်။ နောက်ပြီး ဂျပန်နိုင်ငံက ပန်းမျိုးစေ့ပညာရှင်၊ ပန်းပညာရှင်တွေနဲ့လည်း ပူးပေါင်းဆောင်ရွက်ထားပါတယ်။ ဒီနှစ်ပန်းပွဲတော်ကို လာရောက်လည်ပတ်ကြည့်ရှုလေ့လာတဲ့သူတွေ ထူးခြားလှပတဲ့ မြင်ကွင်းတွေကို ကြည့်ရှုခံစားနိုင်ကြမှာပါ” ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဆက်လက်၍ ပန်းအခြောက်များနှင့် ပတ်သက်ပြီး “ပန်းတွေအားလုံးရဲ့ ၁၀ ရာခိုင်နှုန်းလောက်ကိုပဲ ပန်းအတုသုံးမှာပါ။ အရောင်ရွေးချယ်ရာမှာ ပန်းအစစ်က လိုချင်တဲ့ အရောင်မရနိုင်ဘူး။ ပန်းအတုတွေက ရုပ်လုံးရုပ်ကြွပုံဖော်ရာမှာ ပိုပြီး အဆင်ပြေသလို လိုချင်တဲ့အရောင်တွေလည်း ရနိုင်ပါတယ်။ ပန်းပွဲတော်ကို ရောက်လာတဲ့သူတွေက ပန်းအလှရုပ်လုံးရုပ်ကြွတွေနဲ့ ဓာတ်ပုံရိုက်ချင်ကြတယ်။ ဒါကြောင့် ပန်းအတုတွေကို မသုံးဘဲ ပန်းအစစ်တွေနဲ့ပဲ အသုံးပြုချင်ပေမယ့် ပန်းအတုတွေကိုလည်း မဖြစ်လို့ သုံးခဲ့ရပါတယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ ပန်းပွဲတော်ကို တစ်လတိတိ ပြသသွားမည်ဖြစ်ပြီး တစ်လလုံးဖူးပွင့်ဝေဆာလှပနေမည့်ပန်းများနှင့် ပန်းပဒေသာပြကွက်များကို လာရောက်သူများ ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း၊ ဂီတဖျော်ဖြေရေးပွဲများလည်း ပါဝင်ကြောင်း သိရသည်။ **သက်နိုင်(ပြင်ဦးလွင်)**

# သဘာဝသစ်တောများကိုထိန်းသိမ်းရင်း ဒေသခံပြည်သူကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်လာသည့် တနင်္သာရီတိုင်းဒေသအတွင်းမှ အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ

သတင်းဆောင်းပါး - မင်းသစ် (MNA)၊ ဓာတ်ပုံ - နေလင်း



**တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့မှ မိုင် ၆၀ အကွာ ရေး-ထားဝယ် ကားလမ်းဘေး ရေဖြူမြို့နယ်အတွင်းရှိ မိုင် ၆၀ ကျေးရွာမှ နှစ်မိုင်ကျော်ခန့်ဝင်သွားသည်နှင့် တောင်ကုန်းတောင်တန်းများကြားတွင် ကြီးမားကျယ်ပြန့်သော မြေပြန့်လွင်ပြင်များ။**

ထိုမြေပြန့်လွင်များပေါ်တွင် ဧက ၈၀၀ ကျော် နီးပါးရှိသည့် အစုအဖွဲ့ပိုင်သစ်တောများ၊ လူနေတဲအိမ်အချို့ လတ်တလောစိုက်ပျိုးထားသည့် စပါး၊ နှမ်း၊ ပြောင်း၊ ဖရဲ၊ ငှက်ပျောခင်းများနှင့် အခြားသီးနှံစိုက်ခင်းများက အစီအရီရှိနေသည်။

“ရွာသူရွာသားတွေစုပြီး ဒီနေရာမှာ လွန်ခဲ့တဲ့ တစ်နှစ်လောက်ကစကာ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောစိုက်ခင်းအနေနဲ့ အကောင်အထည်ဖော်ခဲ့တာ အခုဆို ရုပ်လုံးပေါ်လာပါပြီ ”ဟု မိုင် ၆၀ ကျေးရွာတာဝန်ခံ မွန်တိုင်းရင်းသား ဦးလေးမောင်က ပြောသည်။

**လုပ်ကိုင်သူ များလာ**

ဒေသခံများအနေဖြင့် ယခင်က ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း(CF) နှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်မှုများရှိခဲ့သော်လည်း သစ်တောဦးစီးဌာနမှ အသိပညာပေးဟောပြောမှုများကြောင့် အစုအဖွဲ့ပိုင် စိုက်ခင်းလုပ်ကိုင်သူများလာကြောင်း ဒေသခံများထံမှ သိရသည်။

“အစုအဖွဲ့ပိုင်လုပ်မယ်ဆိုတော့ အရင်ကတော့ မယုံကြည်မှုတွေ ရှိခဲ့တယ်။ နောက်ပိုင်း သင်တန်းတွေပေး၊ တစ်ယောက်နဲ့တစ်ယောက် ဆွေးနွေးကြတော့ မိမိလုပ်အားနဲ့ အကျိုးခံစားခွင့်ကို မိမိပဲရမယ်ဆိုတာ သိလာကြတော့ အင်တိုက်အားတိုက်လုပ်လာကြတယ်။ ရာနှုန်းပြည့်တော့ မဟုတ်သေးဘူး” ဟု ဦးလေးမောင်က ဆိုသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်သည့် မွန်တိုင်းရင်းသားအများစုနေထိုင်သော ရေဖြူမြို့နယ် မိုင် ၆၀ ကျေးရွာတွင် အိမ်ခြေ ၈၄ အိမ်၊ လူဦးရေ ၂၂၇ ဦးရှိပြီး ဧက ၈၀၀ ကျော်ကို အိမ်ထောင်စု ၇၉ စုက အစုအဖွဲ့ပိုင်သစ်တောစိုက်ခင်းအဖြစ် လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကြည်စိုးက “အဲဒီဒေသမှာရှိတဲ့ တိုင်းရင်းသားတွေက သစ်တောကြိုးဝိုင်းတွေထဲမှာ နေကြတယ်။ သစ်တောဌာနက အသိအမှတ်ပြုထားတာ မရှိဘူး။ သူတို့ဘဝ ရေရှည်ရှင်သန်ရပ်တည်ရေးနဲ့ အလုပ်အကိုင်ရရှိရေးအတွက် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း(CF)တွေ တရားဝင်ဖြစ်အောင် ဆောင်ရွက်ပေးခဲ့တယ်။ ကုန်ထုတ်လမ်းတွေ ဖောက်လုပ်ပေးခဲ့တယ် ” ဟု ပြောသည်။

သစ်တောဦးစီးဌာနအနေဖြင့် သဘာဝသစ်တောများကို ပျက်စီးပြုန်းတီးမှုမရှိစေဘဲ ထင်းလိုအပ်ချက် ပြည့်မီစေရန်အတွက် ၂၅ ရာခိုင်နှုန်းကို မိမိတို့ကိုယ်ပိုင်အိမ်ဝင်း၊ ခြံဝင်း၊ ဥယျာဉ်ခြံမြေ၊ လယ်ယာပတ်လည်တွင် သစ်ပင်များစိုက်ပျိုးခြင်းဖြင့် လည်းကောင်း၊ ၂၅ ရာခိုင်နှုန်းကို အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများမှ လည်းကောင်း၊ ၄၈ ဒသမ ၈ ရာခိုင်နှုန်းကို သဘာဝသစ်တောများမှ လည်းကောင်း ရရှိနိုင်စေရန် အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်းရည်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

**စိတ်ဝင်စားမှုမြင့်တက်လာခဲ့**

သဘာဝတောတောင် သစ်တောများကို ကာကွယ်ထိန်းသိမ်းရာတွင် ပြည်သူလူထု ပူးပေါင်းပါဝင်ပြီး အကျိုးခံစားခွင့်များကို သဘာဝမပျက်စီးစေဘဲ ထုတ်ယူသုံးစွဲနိုင်ရန် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း(CF)စီမံချက်ကို ၁၉၉၅ ခုနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော်လည်း ကန့်သတ်ချက်များနှင့် အသိပညာပေးမှု အားနည်းခဲ့ခြင်းကြောင့် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်မှု အားနည်းခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ခေတ်ကာလနှင့်ကိုက်ညီသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း(CF)စီမံချက်ကို ပြန်လည်ရေးဆွဲခဲ့ရာ အစုအဖွဲ့ပိုင် စိုက်ခင်းအပေါ် ပြည်သူများအနေဖြင့် စိတ်ဝင်စားမှုမြင့်တက်လာခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ရေဖြူမြို့နယ် ရေပုံးကျေးရွာတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း လုပ်ကိုင်နေသည့် အသက် ၆၉ နှစ်အရွယ် ကရင်တိုင်းရင်းသူ နော်အားဖော်က “အစုအဖွဲ့ပိုင်သစ်တောလုပ်တယ်ဆိုတာ နောင်လာနောက်သားတွေ အကျိုးရှိမယ်။ အခု သစ်ပင်သစ်တောက အရိပ်အာဝါသတွေ ခံစားရတယ်ဆိုတာကလည်း ဘိုးဘေးတွေ သစ်တောတွေကို ထိန်းသိမ်းစောင့်ရှောက်ခဲ့လို့ပေါ့”ဟု ပြောသည်။

**“သစ်တောသစ်ပင်တွေက လူမရှိဘဲ ရှင်သန်နိုင်တယ်၊ ကြီးထွားနိုင်တယ်၊ ပေါက်ပွားနိုင်တယ်။ လူသားတွေကသာလျှင် သစ်တောသစ်ပင်တွေမရှိဘဲ၊ ဂေဟစနစ်မရှိဘဲ ဘယ်လိုမှ ရှင်သန်ရပ်တည်နိုင်ဖို့ မဖြစ်နိုင်ဘူး။ သစ်တောသစ်ပင်တွေကို ထိန်းသိမ်းနေတာသည် သဘာဝသယံဇာတကို ထိန်းသိမ်းနေတာဖြစ်သလို လူသားတွေ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် အကာအကွယ်ပေးနေခြင်း ဖြစ်ပါတယ်”**

မြန်မာနိုင်ငံ ဧရိယာ၏ ၅၀ ရာခိုင်နှုန်းသည် သစ်တောသယံဇာတများဖြင့် ဖုံးလွှမ်းခဲ့ပြီး ကုန်လွန်ခဲ့သည့် ဆယ်စုနှစ် သုံးခုအတွင်း သစ်တောသယံဇာတများကို နိုင်ငံခြားဝင်ငွေရရှိရေးနှင့် ပြည်တွင်းသုံးစွဲရေးအတွက် ပိုမိုထုတ်ယူခဲ့ကြရာ တရားဝင်၊ တရားမဝင်ထုတ်ယူမှုများ၊ ထင်း၊ မီးသွေး လောင်စာအဖြစ် အတားအဆီးမဲ့ အသုံးပြုမှုများကြောင့် သစ်တောသယံဇာတများ သိသာစွာ လျော့နည်းကျဆင်းသွားခဲ့သည်။

**ဘေးအန္တရာယ်အမျိုးမျိုးတို့ကို ရင်ဆိုင်ကြုံတွေ့နေ**

သစ်တောသယံဇာတများ လျော့နည်းသွားသည့် အကျိုးဆက်အနေဖြင့် ကာဗွန်ထုတ်လွှတ်မှုများလာပြီး ရာသီဥတုပြောင်းလဲခြင်း၊ သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်းတို့ကို ဖြစ်ပေါ်စေခဲ့ပြီး ရာသီဥတုပြောင်းလဲခြင်းကြောင့် မျက်မှောက်ကာလတွင် သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ကို ရင်ဆိုင်ကြုံတွေ့နေကြရသည်။

ထိုသဘာဝဘေးအန္တရာယ်အမျိုးမျိုးကြောင့် လူသားများသာမက သစ်တောများတွင် မှီတင်းရှင်သန်ကြသည့် တိရစ္ဆာန်သတ္တဝါများလည်း သေကျေပျက်စီးခြင်းသို့ ရောက်ကြရသည်။ ထို့ကြောင့် သစ်တောများ မပျက်စီးစေရန်အတွက် ဂေဟစနစ်ကို ထိန်းသိမ်းစောင့်ရှောက်ရန် အစိုးရသာမက ပြည်သူလူထုကပါ ပိုမိုသတိပြုမိလာကြသည်။

“သစ်တောသစ်ပင်တွေက လူမရှိဘဲ ရှင်သန်နိုင်တယ်၊ ကြီးထွားနိုင်တယ်၊ ပေါက်ပွားနိုင်တယ်။ လူသားတွေကသာလျှင် သစ်တော သစ်ပင်တွေမရှိဘဲ၊ ဂေဟစနစ်မရှိဘဲ ဘယ်လိုမှ ရှင်သန်ရပ်တည်နိုင်ဖို့ မဖြစ်နိုင်ဘူး။ သစ်တောသစ်ပင်တွေကို ထိန်းသိမ်းနေတာသည် သဘာဝသယံဇာတကို ထိန်းသိမ်းနေတာဖြစ်သလို လူသားတွေ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် အကာအကွယ်ပေးနေခြင်း ဖြစ်ပါတယ်” ဟု တနင်္သာရီတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဇေယျက ပြောသည်။

**သစ်တောဖုံးလွှမ်းမှု ကျဆင်းလာ**

တနင်္သာရီတိုင်းဒေသကြီးတွင်လည်း လွန်ခဲ့သော နှစ် ၅၀ ခန့်က သစ်တောဖုံးလွှမ်းမှု ၈၀ ရာခိုင်နှုန်းခန့်ရှိခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ပြန်လည်ကောက်ယူထားသော ကိန်းဂဏန်းများအရ သစ်တောဖုံးလွှမ်းမှု ၆၂ ရာခိုင်နှုန်းသာရှိခဲ့ရာ သစ်တောဖုံးလွှမ်းမှု ကျဆင်းလာခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

“တနင်္သာရီတိုင်းဒေသကြီးမှာ သစ်တောပြုန်းတီးမှုကို ထင်ထင်ရှားရှားပြပါဆိုရင် ဆီအုန်းစိုက်ပျိုးမှုက အဓိကပဲ။ ဟိုတစ်ချိန်က ဆီအိုးကြီးဖြစ်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သစ်တောကြိုးဝိုင်းအတွင်းမှာရော သစ်တောကြိုးဝိုင်းအပြင်မှာပါ ဧက ၂ သိန်းကျော်လောက်ကို သစ်တောတွေခုတ်ထွင်ရှင်းလင်းပြီး ဆီအုန်းစိုက်ခွင့်ပြုခဲ့တယ်” ဟု သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဇေယျက ဆိုသည်။

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း တိုးတက်ဆောင်ရွက်မှုများအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ၂၃၃၀၇၇ ဧက တည်ထောင်ဆောင်ရွက်နိုင်ခဲ့ပြီး ဩစတြီးယားနိုင်ငံ တီဟီရန်မြို့တွင် ၂၀၁၈ ခုနှစ် ဇန်နဝါရီလက ကျင်းပခဲ့သော (၁၈)ကြိမ်မြောက် Energy Globe Award ဆုပေးပွဲ၌ မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်ရှိ ရိုးစုံကျေးရွာဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောမှ ၂၀၁၇ ခုနှစ်အတွက် နိုင်ငံလုံးဆိုင်ရာဆု (Energy Globe National Award) ရရှိခဲ့သည့် အောင်မြင်မှုများရှိခဲ့ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သိရသည်။

သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှု အမှန်တကယ် လျှော့ချနိုင်သည့် ဖွံ့ဖြိုးဆဲနိုင်ငံများအား ကာဗွန်ထုတ်လွှတ်မှု လျှော့ချနိုင်သည့် ပမာဏအလိုက် ရန်ပုံငွေရရှိရန် ထောက်ပံ့ကူညီပေးသည့် UN-REDD Programme မှ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း၊ ထိခိုက်မှုနည်းသော သစ်ထုတ်ခြင်း၊ အဆင့်အတန်းနိမ့်ကျသောတောများအား ပြန်လည်ထူထောင်ခြင်းတို့ကို သစ်တောဦးစီးဌာနနှင့် ပူးပေါင်းကာ REDD+ အစီအစဉ်ကို မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

မြန်မာနိုင်ငံတွင် ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုလျှော့ချရန်အတွက် သစ်တောသစ်ပင်များကို ကာကွယ်ထိန်းသိမ်းခြင်းနည်းတူ ကမ်းရိုးတန်းဒေသရှိ ဒီရေတောများကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်လည်း လိုအပ်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များက သုံးသပ်ထားသည်။

**သဘာဝကပေးအပ်ထားသည့် ရတနာတစ်ပါး**

ဒီရေတောများသည် ပင်လယ်ကမ်းရိုးတန်းရှိသော နိုင်ငံများအတွက် သဘာဝကပေးအပ်ထားသည့် ရတနာတစ်ပါးဖြစ်ပြီး သစ်ပင်မျိုးစုံနှင့် တိရစ္ဆာန်မျိုးစုံတို့ ပေါက်ပွားရာနှင့် ကျက်စားရာနေရာနှင့် အစားအစာရရှိရာ ရင်းမြစ်ဒေသလည်းဖြစ်သည်။

ဒီရေတော တစ်ဟက်တာသည် တစ်နှစ်လျှင် ကာဗွန် ၁၇ မက်ထရစ်တန်ကို စုပ်ယူထိန်းသိမ်းထားနိုင်သည်ဖြစ်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် များစွာအသုံးဝင်သော သစ်တောမျိုးလည်းဖြစ်သည်။

“ဒီရေတောတွေက လေထဲမှာရှိတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူမှုက ကုန်းပေါ်မှာရှိတဲ့ သစ်တောတွေထက် သုံးဆလောက် ပိုများတယ်။ ဒီရေတောတွေက လေထုကို သန့်စင်ပေးနေတဲ့ စက်ရုံကြီးတွေဖြစ်ပါတယ်” ဟု တနင်္သာရီတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဇေယျက ပြောသည်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် သတ္တမမြောက် ဒီရေတောအများဆုံးရှိသည့် နိုင်ငံဖြစ်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (FAO) က သစ်တောသယံဇာတ အကဲဖြတ်ချက်အစီရင်ခံစာတွင် ထုတ်ပြန်ထားပြီး သစ်တောဦးစီးဌာနမှ မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသတစ်လျှောက်ရှိ ဒီရေတောများ ထိန်းသိမ်းစိုက်ပျိုးခြင်းစီမံကိန်းကို ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဒီရေတော ဧရိယာ ဧက ခြောက်သိန်းနီးပါးခန့်ရှိ**

တနင်္သာရီတိုင်းဒေသကြီးတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း(CF) ဧက သုံးသိန်းကျော်ရှိပြီး ဒီရေတောဧရိယာ ဧက ခြောက်သိန်းနီးပါးခန့်ရှိကြောင်း ဒီရေတောထိန်းသိမ်းရန်အတွက် အစုအဖွဲ့ပိုင်စိုက်ခင်းများဖြင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

“တနင်္သာရီတိုင်းဒေသကြီး စီးပွားရေးက ရေလုပ်ငန်းပေါ်မူတည်နေတယ်။ ကမ်းရိုးတန်းမှာနေတဲ့ ဒေသခံပြည်သူ ၅၀ ရာခိုင်နှုန်းက ရေလုပ်ငန်းနဲ့ အသက်မွေးနေတယ်။ ငါး၊ ပုစွန်၊ ကဏန်းတွေ ပေါများမှုသာ ရေရှည်တည်တံ့မယ်။ ဒီရေတောတွေကသာ ရေသယံဇာတတွေကို ထိန်းသိမ်းထားတာဖြစ်တဲ့အတွက် ဒီရေတောတွေ ထိန်းသိမ်းဖို့လိုအပ်တယ်” ဟု တနင်္သာရီတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဇေယျက ပြောသည်။

အစုအဖွဲ့ပိုင်သစ်တောတွင် စိုက်ပျိုးထားသည့် သီးနှံပင်များကိုကြည့်ရင်း မွန်တိုင်းရင်းသား ဦးလေးမောင်က “လွန်ခဲ့တဲ့ ၁၆နှစ်က ဒီဒေသကိုစရောက်တော့ သစ်တောတွေက စိမ်းစိမ်းစိုစိုနဲ့၊ နောက်ပိုင်း တောမီးတွေလောင်၊ တောတွေပြုန်းပြီး သစ်ပင်ကြီးတွေလည်း မရှိတော့ဘူး။ ဝါးပင်တွေ များလာတယ်။ နှောင်နှစ်မှာတော့ နှစ်ရှည်ပျဉ်းကတိုးပင်တွေ စိုက်မယ်။ မကြာခင် ဒီနေရာလေး ပြန်လည်စိမ်းလန်းစိုပြည်လာမှာပါ ” ဟု ဆိုသည်။

# စာပေဖတ်ရှုသည့် အလေ့အထကောင်းများ ပိုမိုတိုးတက်စေရေး စာတတ်သူတိုင်း စာဖတ်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၁၅

**စာတတ်သူတိုင်း စာဖတ်ရေးလှုပ်ရှားမှု အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ဒီဇင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ရာ အခမ်းအနား ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများနှင့် ပတ်သက်၍ မီဒီယာတွေ့ဆုံရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (အောက်ပုံ)**





ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူတိုင်း စာပေဖတ်ရှု လေ့လာသည့် အလေ့အထ ပိုမိုကျယ်ပြန့် တိုးတက်လာစေရန်အတွက် နိုင်ငံတစ်ဝန်းလုံးတွင် ကလေးစာပေပွဲတော်များ၊ လူငယ် ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်များ၊ စာအုပ်ဈေးရောင်းပွဲတော်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

**နိုင်ငံအနှံ့တွင် ကျင်းပနိုင်ရန်ရည်ရွယ်**

နေပြည်တော်တွင် ကျင်းပမည့် စာတတ်သူတိုင်း စာဖတ်ရေးလှုပ်ရှားမှု အခမ်းအနား၏ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာတတ်မြောက်သူတိုင်း စာပေဖတ်ရှုသည့် အလေ့အထကောင်းများ ပိုမိုတိုးတက်လာစေရေးအတွက် အားပေး လှုံ့ဆော်ရန်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ လှုပ်ရှားမှုများကို နိုင်ငံအနှံ့တွင် ဆက်လက်၍ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပနိုင်ရန် ရည်ရွယ်ပါကြောင်း။

အဆိုပါ လှုပ်ရှားမှုအခမ်းအနားတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များအနက် ဆန်းသစ်တီထွင်မှု အကောင်းဆုံး စာကြည့်တိုက် ၂၀ ကို ဆုများ ချီးမြှင့်သွားမည်ဖြစ်ပါကြောင်း၊ ပြည်သူများ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကျောင်းစာကြည့်တိုက် လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲငါးခု၊ စာတမ်းသုံးစောင်ကို ဖတ်ကြားရှင်းလင်းသွားမည်ဖြစ်ပြီး ပြခန်း ၂၆ ခန်း ပြသရန် လျာထားပါကြောင်း၊ ထို့ပြင် စာအုပ်ဈေးရောင်းပွဲတော်များကိုလည်း ခင်းကျင်းပြသသွားမည်ဖြစ်ပြီး လှုပ်ရှားမှုအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မီဒီယာများက ပူးပေါင်းပါဝင်ပေးကြရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းမြင့်၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မြဦးနှင့် အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သစ်သစ်ခိုင်တို့က စာတတ်သူတိုင်းစာဖတ်ရေးလှုပ်ရှားမှု အခမ်းအနားတွင် ဌာနအလိုက် ပါဝင်ပြသသွားမည့် ပြခန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် မီဒီယာများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

စာတတ်သူတိုင်း စာဖတ်ရေးလှုပ်ရှားမှုအခမ်းအနား၌ ပါဝင်ပြသမည့် ပြန်ကြားရေးဝန်ကြီးဌာန ပြခန်းများတွင် မြန်မာ့အသံရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ ထုတ်လွှင့်ခဲ့သည့် ပြည်သူအသိပညာပေးအစီအစဉ်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဆောင်ရွက်ခဲ့သည့် ပြည်သူအသိပညာပေးလုပ်ငန်းများ၊ ယခင်ပြန်ကြားရေးနှင့် အသံလွှင့်ဌာနခွဲအနေဖြင့် တာဝန်ယူစဉ် စက်ဘီးနယ်လှည့် စာကြည့်တိုက်ဆောင်ရွက်ခဲ့မှု၊ ယခင်ရုပ်ရှင်ကော်ပိုရေးရှင်းမှ သတင်းပြန်ကြားရေး ရိုက်ကူးခဲ့သည့် မှတ်တမ်းများ၊ စက်ပစ္စည်းများ၊ ထင်ရှားကျော်ကြားသည့် စာရေးဆရာကြီးများ၏ ဓာတ်ပုံများ၊ ထုတ်ဝေခဲ့ပြီးသော စာအုပ်စာစောင်များ၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ထုတ်ဝေခဲ့သော စာအုပ် ၃၀၀၀ ကျော်ကိုလည်းကောင်း၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက ၁၉၄၇ ခုနှစ်မှ စတင်ကာ စာပေဗိမာန်က ထုတ်ဝေခဲ့သည့် စာအုပ်များကို နှစ်အလိုက် ပြသမည်ဖြစ်ကာ အထူးသဖြင့် ရှားပါးစာအုပ်များကို အလေးထားပြသသွားမည်ဖြစ်ပြီး ၁၉၄၈ ခုနှစ်မှ စတင်ထုတ်ဝေခဲ့သည့် လူထုအလင်းစာစဉ်၊ လူထုအိတ်ဆောင်စာစဉ်၊ လူထုတက္ကသိုလ်စာစဉ်၊ လူထုသိပ္ပံစာစဉ်၊ လူထုသိပ္ပံကျမ်းတွဲများ၊ ၁၉၅၁ ခုနှစ်တွင် စတင်ထုတ်ဝေခဲ့သည့် စာပေဗိမာန် မဂ္ဂဇင်းများနှင့် ၁၉၅၄ ခုနှစ်တွင် စတင်ထုတ်ဝေခဲ့သည့် မြန်မာ့စွယ်စုံကျမ်း အတွဲ ၁၅ တွဲ ၊ ၁၉၆၄ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် ဝေါဟာရဘဏ် စာအုပ် ၂ တွဲနှင့် အတူ ရှေးစာရေးဆရာကြီးများ ရေးသားခဲ့သည့် ရှားပါးပြည်သူ့လက်စွဲစာစဉ်များ၊ ယခင်က စာပေဗိမာန်သည် ပညာရေးဝန်ကြီးဌာနနှင့် ပူးတွဲပြီး ကျောင်းသုံးဖတ်စာ စာအုပ်များကို ပြုစုထုတ်ဝေခဲ့သည့်အတွက် ယခင် ကျောင်းသုံးဖတ်စာ စာအုပ်များ ၊ စာပေဗိမာန်က ကြီးမှူး၍ စာတမ်းဖတ်ပွဲ ၂၄ ကြိမ် ကျင်းပခဲ့ပြီး အဆိုပါ စာတမ်းဖတ်ပွဲများမှ စာတမ်းများကို စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေသည့် စာတမ်းဖတ်ပွဲ စာအုပ်များ ၊ စာပေဗိမာန်မှ ထုတ်ဝေခဲ့သည့် စာအုပ်များ ၊ စာပေဗိမာန်မှ ယခုအချိန်အထိ အဓိက ထုတ်ဝေနေသည့် ရွှေသွေးဂျာနယ်၊ သုတပဒေသာစာစောင်၊ မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်စာအုပ်များ ထဲမှ ရွေးဦးထွက်ရှိထားသည့် စာအုပ်စာစောင်များကို လည်းကောင်း ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**ခေတ်အဆက်ဆက် စာပေနှင့်သက်ဆိုင်သည်များပြသမည်**

သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၏ အမျိုးသားစာကြည့် တိုက်ပြခန်းများတွင် ပေစာငါးမျိုး၊ ပေထုပ် အကြောင်း၊ ပေပင်နှင့် ပေရွက်များအကြောင်း၊ ပုရပိုက်များ၊ ပေစာရေးသားရာတွင် အသုံးပြုသည့်ပစ္စည်းများ၊ ပုရပိုက်များ ထိန်းသိမ်းထားသည့် စာတိုက်သေတ္တာများ၊ မင်ကူးထားသည့် ကျောက်စာများ ၊ မြန်မာနိုင်ငံအကြောင်း ရေးသားထားသည့် စာအုပ် ၉၄ အုပ်၊ မြန်မာအက္ခရာ ပြောင်းလဲလာပုံ ၊ လက်တွေ့ပေစာရေးသားပုံ ၊ စာစည်းရိုးနှင့် စာပလွေ ရက်လုပ်ပုံ အဆင့်ဆင့်တို့ကို လည်းကောင်း၊ အမျိုးသားပြတိုက်ပြခန်းများတွင် ကျောက်စာမူရင်းနှင့် ရွှေပေလွှာများ၊ အလောင်းမင်းတရား၏ ရွှေပေလွှာ ဗီဒီယိုမှတ်တမ်းနှင့် ခေတ်အဆက်ဆက်စာပေနှင့် သက်ဆိုင်သည့် ပြသပစ္စည်းများစွာကို ပါဝင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။




စာတတ်သူတိုင်း စာဖတ်ရေးလှုပ်ရှားမှု အခမ်းအနား၌ ခင်းကျင်းပြသမည့် ရုပ်သံပစ္စည်းများကို တွေ့ရစဉ်။

အခြေခံပညာဦးစီးဌာနပြခန်းများတွင် ကလေးမိတ်ဆွေစာကြည့်တိုက်ပုံစံနှင့် ကလေးများအတွက် ရည်ရွယ်သည့် လှုပ်ရှားမှုများ၊ အခင်းအကျင်းများနှင့် ကလေးစာကြည့်တိုက် အတွင်း လှုပ်ရှားဆောင်ရွက်နေသည့် လုပ်ငန်းများကို ပါဝင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်းကျင်းပြသသွားမည်**

အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနပြခန်းများတွင် မော်ကွန်း - မှတ်တမ်းအထောက်အထားများနှင့် ထိန်းသိမ်းနည်းများကို ပြသသွားမည်ဖြစ်ပြီး မော်ကွန်း-မှတ်တမ်း ပြသခြင်းအပိုင်းတွင် စစ်သူကြီးမဟာဗန္ဓုလပေစာ (၁၈၂၄)၊ ရန္တပိုစာချုပ် (၁၈၂၆)၊ မင်းတုန်းမင်းစာခွေ(၁၈၅၅)၊ နန်းတွင်းအရေးတော်ပုံစာတွဲ(၁၈၆၆)၊ ပြင်သစ်နှင့် မြန်မာဘုရင်တို့ ချုပ်ဆိုသော စာချုပ်(၁၈၈၃)၊ ၁၈၈၅ ခုနှစ် ဧပြီ ၄ ရက်တွင် ရောမမြို့၌ ချုပ်ဆိုကြသည့် မဟာမိတ်စာချုပ်၊ အတွင်းဝန်လှေသင်းဝန်စလေမြို့စားမင်း၊ လင်းပင်မင်းသား၏ လက်ရေးမူနှင့် လက်မှတ်၊ ကင်းဝန်မင်းကြီး လက်မှတ်များ၊ ဗြိတိသျှခေတ် မြန်မာနိုင်ငံတော် ပြန်တမ်း(၁၈၈၆)၊ သီပေါမင်းလက်ထက်တွင် ဘဏ္ဍာတော်အဖြစ် အသိမ်းခံရသည့် မြောက်ရွှေရေးမိဖုရား၏ လက်ဝတ်ရတနာပိုင်ဆိုင်မှု စာရင်း(၁၈၈၆)၊ ပတ္တမြားငမောက်စာတွဲ(၁၈၈၇)၊ ဗမာ့လွတ်လပ်ရေးကြေညာစာတမ်း (၁-၈-၁၉၄၃)၊ ဂျပန်ခေတ်စစ်ဝန်ကြီးနှင့် စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်း(၁၉၄၄)၊ အောင်ဆန်း-အက်တလီ စာချုပ် (၁၉၄၇)၊ ပင်လုံစာချုပ် (၁၉၄၇)၊ ဦးအောင်ဆန်း စတင်ခေါင်းဆောင်သော အစိုးရအဖွဲ့အဖွဲ့ဝင်များစာရင်း၊ မြန်မာနိုင်ငံတော် တိုင်းပြုပြည်ပြု လွှတ်တော်ညီလာခံများ၏ စာတွဲ ၁- အစည်းအဝေးအမှတ်-၁(၁၉၄၇)၊ နု-အက်တလီစာချုပ် (၁၉၄၇)၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (၁၉၄၇)၊ လွတ်လပ်ရေးကြေညာစာတမ်း(၁၉၄၈)၊ ပြည်တော်သာ စီမံကိန်း(၁၉၅၄)၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (၁၉၇၄)၊ ရှမ်းပုရပိုက်ဖြူ (၅) ဆူ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအကြား ချုပ်ဆိုသော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (၂၀၁၅)၊ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၁) နှင့် ယင်းစာချုပ်၏ နောက်ဆက်တွဲ (က)(ခ)(ဂ)နှင့် (ဃ) တို့ ပါဝင်သော စာချုပ် (၂၀၁၇)၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် မွန်ပြည်သစ်ပါတီ၊ လားဟူဒီမိုကရက်တစ် အစည်းအရုံးနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(၂၀၁၈) စသည်တို့ကို ခင်းကျင်းပြသသွားမည်ဖြစ်သည်။

မော်ကွန်းမှတ်တမ်းအထောက်အထားများနှင့် ရှေးဟောင်းစာပေများ ထိန်းသိမ်းနည်းပြသခြင်းတွင် မိုက်ကရိုဖလင်ဖြင့် ထိန်းသိမ်းခြင်းနည်းပညာ (မိုက်ကရိုဖလင် Scanner တစ်လုံး)၊ မိုက်ကရိုဖလင်မှ ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲသိမ်းဆည်းခြင်းနည်းပညာ (Portable Scanner နှစ်လုံး)၊ Database System မှ မော်ကွန်းတိုက်တွင် ထိန်းသိမ်းထားသော အကြောင်းအရာများ ရှာဖွေခြင်း (PC ၅ လုံး) နှင့် Paper Conservation Process များကို ပါဝင်ပြသသွားမည်ဖြစ်သည်။

စာတတ်သူတိုင်း စာဖတ်ရေး လှုပ်ရှားမှု အခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ပြီး စိတ်ပါဝင်စားသူ မည်သူမဆို လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## မန္တလေးမြို့၌ မြန်မာနိုင်ငံတွင် လေကြောင်းဗဟုသုတဖြန့်ဝေမှုနှင့် လေယာဉ်ပုံစံငယ်ပြပွဲ ပြိုင်ပွဲ ပထမဆုံးအကြိမ် ကျင်းပ



**မန္တလေး ဒီဇင်ဘာ ၁၅**

(၇၁) နှစ်မြောက် မြန်မာ့တပ်မတော်လေ မွေးနေ့အားဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံလေကြောင်းဝါသနာရှင်များအသင်းက ကြီးမှူး၍ မြန်မာနိုင်ငံတွင် ပထမအကြိမ် လေကြောင်း ဗဟုသုတဖြန့်ဝေမှုနှင့် လေယာဉ်ပုံစံငယ်ပွဲတော်ပြပွဲ ပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက မန္တလေးမြို့ရှိ ချမ်းမြသာစည်လေဆိပ်လေယာဉ်ကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ လေကြောင်းဝါသနာရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်ကျော်ညိမ်း ဦးဆောင်၍ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီဝင် ဦးကျော်ရင်မြင့်၊ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်တို့က ပြပွဲ ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး အခမ်းအနားသို့ အထက်မြန်မာပြည်လေကြောင်းရဲတပ်ဖွဲ့ ကွပ်ကဲရေးမှူး ရဲမှူးကြီးဖုန်းမြင့်မော် တက်ရောက်သည်။

ပြပွဲ၊ ပြိုင်ပွဲတွင် လာရောက်လေ့လာကြည့်ရှုသူများအတွက် လေကြောင်းဝါသနာရှင် များအသင်းမှ တက်သစ်စ လူငယ်လေယာဉ်ဝါသနာရှင် ဟိန်းဝင်းထက်နှင့် စိတ်ပါဝင်စား သူ ၂၀၀ ကျော်တို့က လေယာဉ်မောင်းသူမဲ့ လေယာဉ်ငယ်ပုံစံမျိုးစုံအစင်း ၁၅၀ ခန့်အား လေကြောင်းဝါသနာရှင်များအသင်းမှ တက်သစ်စလူငယ်များက လေကြောင်း ပုံစံမျိုးစုံဖြင့် မောင်းနှင်ပြသခြင်းနှင့် ပြခန်းများ ပါဝင်ပြသခဲ့သည်။

လေကြောင်းသုတ လက်ကမ်းမျှဝေခြင်း အစီအစဉ်တွင်လည်း မြန်မာနိုင်ငံ လေကြောင်းဝါသနာရှင်များ အသင်းဥက္ကဋ္ဌ ဦးအောင်ကျော်ညိမ်းက သတ္တုဂုဏ်များ၏ သမိုင်းဖြစ်စဉ်အကြောင်း၊ လေယာဉ်မှူးကြီး ဦးအောင်ရွှေဦးက ယနေ့လူငယ်များနှင့် လေကြောင်းဆိုင်ရာ အခွင့်အလမ်းများအကြောင်းတို့ကို ဟောပြောပို့ချမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ပြပွဲ၊ ပြိုင်ပွဲများကို ဒီဇင်ဘာ ၁၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# JMC ၏ လုပ်ငန်းစဉ်များတွင် အသုံးပြုနိုင်ရန်အတွက် အိန္ဒိယသမ္မတနိုင်ငံသံရုံးက မော်တော်ယာဉ် ၁၀ စီး လှူဒါန်း




**ရန်ကုန် ဒီဇင်ဘာ ၁၅**

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ၏ လုပ်ငန်းစဉ်များတွင် အသုံးပြုနိုင်ရန်အတွက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးက TATA အမျိုးအစား မော်တော်ယာဉ် ၁၀ စီးကို ယနေ့ မွန်းလွဲ ၃ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တွင် ပေးအပ်လှူဒါန်းခဲ့သည်။ **(ယာပုံ)**

မြန်မာနိုင်ငံ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်နေ့တွင် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ရှစ်ဖွဲ့တို့ လက်မှတ်ရေးထိုးခဲ့ကြရာတွင် အိန္ဒိယသမ္မတနိုင်ငံသည် သက်သေနိုင်ငံအဖြစ် ပါဝင်ခဲ့သည်။

အိန္ဒိယနိုင်ငံ သံအမတ်ကြီးက JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဒုတိယဥက္ကဋ္ဌ(၂) သူရဦးဘိုနီတို့ထံ TA TA မော်တော်ယာဉ်ကားသော့နှင့် မော်တော်ယာဉ်များအား လွှဲပြောင်းပေးအပ်ပြီး JMC-U ဥက္ကဋ္ဌက အိန္ဒိယနိုင်ငံ သံအမတ်ကြီးထံ ဂုဏ်ပြုကျေးဇူးတင်လွှာမှတ်တမ်းနှင့် အထိမ်းအမှတ်လက်ဆောင်များအား ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဒုတိယဥက္ကဋ္ဌ (၂) အရပ်သားကိုယ်စားလှယ် သူရဦးဘိုနီတို့က အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးအား မော်တော်ယာဉ်များ ပေးအပ်လှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားကြသည်။

**ရဲခေါင်ညွန့်**



# “ဇာတ်ညွှန်းနှင့် စိန်ခေါ်မှုများ(၂)” ခေါင်းစဉ်ဖြင့် ပြုလုပ်သည့် ဇာတ်ညွှန်းဆိုင်ရာဆွေးနွေးပွဲ ရန်ကုန်မြို့၌ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၅**

မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ချက်ဖြင့် ဇာတ်ညွှန်းအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ “ဇာတ်ညွှန်းနှင့် စိန်ခေါ်မှုများ(၂)” ခေါင်းစဉ်ဖြင့် ပြုလုပ်သည့် ဇာတ်ညွှန်းဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် ၅၀ ရွှေတောင်ကြားလမ်း ရုပ်ရှင်အနုပညာရပ်ဝန်းရှိ Film Development Center (FDC) ၌ ကျင်းပသည်။

ဇာတ်ညွှန်း L မင်းပြည့်မွန်က “ဆွေးနွေးပွဲလုပ်တာ အခုဆိုရင် လေးကြိမ်ရှိပါပြီ။ ပါဝင်မယ့်သူတွေကိုတော့ အလျဉ်းသင့်သလို ရွေးချယ်တယ်။ ဒီနေ့မှာတော့ လူတွေစိတ်ဝင်စားမှုများနေတဲ့ “မုန်းစွဲ” ရုပ်ရှင်ဇာတ်ကားရဲ့ ဇာတ်ညွှန်းနဲ့ ပတ်သက်ပြီး ဆွေးနွေးကြတယ်။ ရုပ်ရှင်ဇာတ်ကားတစ်ကားမှာ ဇာတ်ညွှန်းဆိုတာ အလွန်အရေးကြီးတဲ့ အခန်းကဏ္ဍမှာ ပါပါတယ်။ ကျွန်တော်တို့ဆီမှာ ဇာတ်ညွှန်းဟာ မှေးမှိန်နေတာတွေရှိတယ်။ ဒါကြောင့် အခုလိုပွဲတွေလုပ်ပြီး ဇာတ်ညွှန်းတွေ အားကောင်းလာအောင် လုပ်ဆောင်နေတာပါ”ဟု ပြောသည်။

ဆွေးနွေးပွဲတွင် “ဇာတ်ညွှန်းနှင့် စိန်ခေါ်မှုများ(၂)” ခေါင်းစဉ်ဖြင့် လတ်တလောပရိသတ်များ စိတ်ဝင်စားမှုမြင့်တက်နေသည့် “မုန်းစွဲ” ရုပ်ရှင်ဇာတ်ကား ဇာတ်ညွှန်းနှင့်ပတ်သက်၍ အဆိုပါဇာတ်ကား၏ ဒါရိုက်တာ သြရသ၊ ဇာတ်ညွှန်း လွင်မင်းအံ့တို့နှင့်အတူ ဇာတ်ညွှန်း L မင်းပြည့်မွန်တို့က ဦးဆောင်ဆွေးနွေးပြီး တက်ရောက်လာကြသူများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားကြသည်။

ဒါရိုက်တာ သြရသက “ဒီနေ့မှာတော့ “မုန်းစွဲ ” ဇာတ်ကားနဲ့ပတ်သက်ပြီး ဇာတ်ညွှန်းအဆင့်မှာ ဘယ်လိုအဆင့်ဆင့်ဖြတ်သန်းခဲ့ရတယ်။ ရိုက်ကူးတဲ့အချိန်မှာလည်း Location နဲ့ အနေအထားတွေအရ ဇာတ်ညွှန်းလေးတွေကို ဘယ်လိုပြန်ပြင်ဆင်ခဲ့ရတယ်ဆိုတဲ့ အကြောင်းတွေ၊ အတွေ့အကြုံတွေကို ပြန်လည်မျှဝေပေးတာပါ။ ဇာတ်ညွှန်းနဲ့ပတ်သက်ပြီးတော့ အလေးအနက်ထားပြီး လုပ်လာကြတဲ့အတွက် ဇာတ်ညွှန်းရေးတာ ဝါသနာပါတဲ့ နောက်မျိုးဆက်သစ်လူငယ်တွေအတွက် အများကြီးကောင်းတယ်။ မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူဖြစ်စေပါတယ်”ဟု ပြောသည်။

ထို့အတူ ဇာတ်ညွှန်းသည် သရုပ်ဆောင်များအတွက် အရေးကြီးကြောင်း၊ ဇာတ်ညွှန်းကောင်းမွန်မှုကြောင့် သရုပ်ဆောင်မှုအပိုင်းကိုလည်း အထောက်အကူဖြစ်စေနိုင်ကြောင်း၊ “မုန်းစွဲ” ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ခဲ့ရာတွင် ဇာတ်ညွှန်းပိုင်းကို သိရှိခဲ့သော်လည်း ယနေ့ဆွေးနွေးမှုများကြောင့် ဇာတ်ညွှန်းရေးသည့်အပိုင်းကိုလည်း သိရှိခဲ့ရကြောင်း၊ ယနေ့ဆွေးနွေးပွဲသည် မိမိအတွက် များစွာအထောက်အကူဖြစ်ကြောင်း သရုပ်ဆောင် အေးဝတ်ရည်သောင်းက ဆိုသည်။

ယင်းကဲ့သို့ဆွေးနွေးပွဲများကို ရက်သတ္တပတ် နှစ်ပတ်လျှင် တစ်ကြိမ်နှုန်းဖြင့် စနေနေ့တိုင်း ပြုလုပ်လျက်ရှိပြီး နိုဝင်ဘာ ၃ ရက်တွင် ပထမအကြိမ်အဖြစ် “ရုပ်ရှင်နှင့် မြန်မာ့ဟန်” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ နိုဝင်ဘာ ၁၇ ရက်တွင် ဒုတိယအကြိမ်အဖြစ် “ဇာတ်ညွှန်းနှင့်ရင်းနှီးမြှုပ်နှံမှု” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒီဇင်ဘာ ၁ ရက်တွင် တတိယကြိမ်အဖြစ် “ဇာတ်ညွှန်းနှင့်စိန်ခေါ်မှုများ(၁)”ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးခဲ့ပြီး ယနေ့တွင် စတုတ္ထအကြိမ်အဖြစ် ကျင်းပခြင်းဖြစ်သည်။ ဆွေးနွေးပွဲသို့ ရုပ်ရှင်ပညာကို စိတ်ဝင်စားသည့် လူငယ်များနှင့် ပြင်ပရုပ်ရှင်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ၊ ဝါသနာရှင်များ တက်ရောက်ကြသည်။

**ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

# ရောင်စုံပန်းအလှများ ကြည့်ရှုခံစားရင်း အပန်းဖြေစိတ်လန်းစေမည့် ပြင်ဦးလွင်ပန်းပွဲတော်

**ပြင်ဦးလွင် ဒီဇင်ဘာ ၁၅**

မန္တလေးတိုင်း ဒေသကြီး ပြင်ဦးလွင်မြို့ “ရုက္ခဗေဒ”ပန်းဥယျာဉ်တွင် Htoo Group of Companies မှ ဂျပန်နှင့် ထိုင်းနိုင်ငံတို့မှ ပန်းပညာရှင်များနှင့် ပြည်တွင်းမှ ပန်းပညာရှင်များ ပူးပေါင်း၍ ပြင်ဦးလွင်ပန်းပွဲတော်ကို ဒီဇင်ဘာ ၁၅ ရက်မှ စတင်ပြီး ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၅ ရက်အထိ ရက်ပေါင်း ၃၂ ရက်အထိ ငွေကျပ်သိန်းပေါင်း ၂၅၀၀ ကျော် အကုန်ကျခံပြီး ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဒေါက်တာ ဦးခင်မောင်ဌွေး**
**(မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ)**

၂၀၀၅ ခုနှစ်ကနေ စတင်ပေါ်ပေါက်လာတဲ့ အမျိုးသားကန်တော်ကြီးဥယျာဉ် ပန်းပွဲတော်ကို အရင်ကဆို သစ်တောရေးရာဝန်ကြီးဌာနက ပြုလုပ်ခဲ့ပါတယ်။ အခု ပြည်တွင်းလုပ်ငန်းရှင်ဖြစ်တဲ့ ထူးကုမ္ပဏီကနေ အကောင်းဆုံးဖန်တီးမှုတွေ ပန်းအလှဆင်မှုတွေ လုပ်ခဲ့တာဆိုရင် အကြမ်းဖျင်းတွက်ကြည့်ရင် ကုန်းမြေ စုစုပေါင်း ဧက ၇၀၀ ကျော်လောက်ရှိပါတယ်။ အဲ့ဒီမှာ အခု ကျွန်တော်တို့အားလုံး မြင်တွေ့နေရတဲ့ ပန်းမျိုးစိတ်တွေ၊ သစ်ပင်မျိုးစိတ်တွေကို ထိန်းသိမ်းလာခဲ့တာမို့ အများပြည်သူတွေ အပန်းဖြေအနားယူနိုင်ကြတယ်၊ ပန်းမန်ဥယျာဉ်တွေကို ချစ်ခင်တတ်တဲ့ စိတ်တွေရှိလာမယ်။ ထူးကုမ္ပဏီအနေနဲ့ ၁၂ ကြိမ်မြောက်တုန်းကဆိုရင် ကျပ်သိန်းပေါင်း ၅၀၀ ကျော် အကုန်ကျခံလုပ်ခဲ့တယ်။ အခု ကျပ်သိန်း ၂၅၀၀ ကျော် အကုန်ကျခံ ပြုလုပ်ခဲ့တဲ့အတွက် ကျွန်တော်တို့မြို့အတွက် ဂုဏ်ယူစရာပွဲတော်ဖြစ်တယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ အများကြီး ကျေးဇူးတင်ပါတယ်”။

**ဦးဝေမျိုးအောင်**
**(Deputy Managing Director Htoo Zoo Garden Business**

“ဂျပန်နိုင်ငံနဲ့ တရုတ်နိုင်ငံမှာရှိတဲ့ ပန်းမျိုးစိတ်ပေါင်း ၃၆ မျိုးကို အရေအတွက် သုံးသိန်း ကျော်လောက် ပြသထားပါတယ်။ ပန်းပွဲတော်ဆိုတာ တခြားနိုင်ငံတွေမှာဆိုရင် နိုင်ငံတစ်နိုင်ငံရဲ့ ပြယုဂ်တစ်ခုအဖြစ် ထားရှိကြတယ်။ ကျွန်တော်တို့ ဒီပွဲတော်ကို ပြုလုပ်ရတာ အဓိက ရည်ရွယ်ချက် ငါးချက်ရှိပါတယ်။ အဲ့ဒါကတော့ ကျွန်တော်တို့နိုင်ငံရဲ့ ခရီးသွားလုပ်ငန်းရဲ့ ဒေသတိုးတက်မှုကို ဦးတည်ပြီးတော့မှ လုပ်ခဲ့တာပါ။ ကျွန်တော်တို့ ဒီနှစ်ရဲ့ ထူးခြားချက်ကတော့ ပန်း ၃၆ မျိုးပေါ့။ အဲ့ဒီထဲကမှ ကြားမှာ မျိုးစိတ်ကွဲတာတွေ၊ အရောင်ကွဲတွေရှိပါသေးတယ်။ ပန်းအားလုံးကို အချိန် ငါးလကြာယူခဲ့ပြီး လုပ်ခဲ့ရတာ ပါ။ ကျွန်တော်တို့ ဝယ်ယူတာဆိုလို့ မျိုးစေ့ပဲ ဝယ်ယူခဲ့တာပါ။ ပန်းတွေဝယ်ယူခဲ့တာ မျိုးမဟုတ်ပါဘူး။ အဲ့ဒီမျိုးစေ့တွေကို သေချာစနစ်တကျ ပျိုးပြီး လုပ်ခဲ့တာပါ”။

**နီနီခင်ဇော် (အဆိုတော်)**

“နှစ်တိုင်းတော့ နီ လာဖြစ်တယ်။ ဒီနှစ်ကတော့ ပန်းပွဲတော်မှာ သီချင်းဆိုဖို့ပါ။ နီနီ ငယ်ငယ်ကတည်းက အဆိုတော် မလုပ်ခင်ကတည်းက မိသားစုနဲ့ အမြဲလာဖြစ်တယ်။ ဒီနှစ်ကတော့ ပိုထူးခြားတယ်လို့ ပြောလို့ရတယ်။ ကိုယ်မမြင်ဖူးတဲ့ ပန်းတွေမြင်ရတယ်။ နီကိုယ်တိုင်ကလည်း ပန်းတွေစိုက်ရတာ ဝါသနာပါတယ်။ ဒါပေမယ့် အခုနောက်ပိုင်း ရာသီဥတုက မမှန်ဘူး။ ပူလာတယ်လေ။ အဲ့ဒီအတွက် ရာသီနဲ့လိုက်ဖက်မယ့် ပန်းတော့ နီရွေးချယ်ဖြစ်တယ်။ နီ အကြိုက်ဆုံးပန်းဆိုရင် တရုတ်စကား ပန်းပွင့်လေးတွေ ပိုကြိုက်တယ်။ ဒီပန်းပွဲတော်မှာကျတော့ ပန်းလေးတွေက လူကို လန်းစေတယ်။ လာကြည့်တဲ့သူတွေအတွက် ရောင်စုံပန်းအလှတွင် ကြည့်ရှုခံစားရင်း အပန်းဖြေစိတ်လန်းစေတာကြောင့် တန်ဖိုးမဖြတ်နိုင်တဲ့ ပွဲတော်တစ်ခုပါ”ဟု အသီးသီး အမှတ်တရစကားများ ပြောကြားခဲ့သည်။



ပြင်ဦးလွင် ပန်းပွဲတော်ဖွင့်ပွဲ၌ အဆိုတော် နီနီခင်ဇော် ဖျော်ဖြေနေစဉ်။

**ကိုလင်း**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ရှမ်းပြည်နယ်တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# ရခိုင်ပြည်နယ်နေ့အခမ်းအနားနှင့် သင်းလုံးကျွတ်အစည်းအဝေး ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနား မန္တလေး၌ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁၅**

(၄၄)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားနှင့် သင်းလုံးကျွတ်အစည်းအဝေး ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ရခိုင်တိုင်းရင်းသားလူမှုရေးအသင်းက ကြီးမှူး၍ ဒီဇင်ဘာ ၁၅ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၅၆× ၅၇လမ်း ရွှေလီလမ်းနှင့် ၎ရွှေဝါလမ်းကြားရှိ ရခိုင်တိုင်းရင်းသား လူမှုရေးအသင်းရုံးတွင် ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို ရခိုင်စည်တော်အဖွဲ့က စည်တော်ရွှမ်း၍ ဖွင့်လှစ်ပြီး သဘာပတိအသင်းနာယက ရဲမှူးတင်မောင်(ငြိမ်း)က အဖွင့်အမှာစကားပြောကြားကာ အသင်းဥက္ကဋ္ဌ ဦးဘသာ(တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး-ငြိမ်း)က ရခိုင်ပြည်နယ်နေ့ ဖြစ်ပေါ်လာပုံအကြောင်းကို ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းပန်းဆိုင်က အမှာစကားပြောကြားပြီး ARSA အကြမ်းဖက်မှုကြောင့် ရခိုင်ပြည်နယ် နေရပ်စွန့်ခွာသူများကို အလှူငွေများ ထည့်ဝင်လှူဒါန်းကြသော ငွေကျပ်သိန်း ၁၀၀ အလှူရှင်နှင့် အသင်းအဆောက်အအုံအတွက် ငွေကျပ် ၁၀ သိန်းအထက် အလှူရှင်များအား ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ အသင်းနာယကများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် မှတ်တမ်းလွှာများ ချီးမြှင့်ကြသည်။

ထို့နောက် အသစ်တင်မြှောက်သည့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ အမည်စာရင်းကို သဘာပတိက အတည်ပြုသည်။ ထို့နောက် ပညာရည်ချွန်ဆုများ ချီးမြှင့်ရာ ဆုရရှိသူများအား အသင်းနာယက ဦးဘသာ၊ ဦးတင်မောင်၊ ဗိုလ်မှူးအောင်ကျော်သိန်း(ငြိမ်း)နှင့် တာဝန်ရှိသူများက ဆုငွေများ ဆုဖလားများ ချီးမြှင့်ပေးအပ်ကြပြီး ဥက္ကဋ္ဌအသစ် ဦးခင်ရွှေက နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# ပြည်ထောင်စုစာရင်းစစ်ချုပ် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စာရင်းစစ်ရုံးများရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၁၅**

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းသည် ဒီဇင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ရွှေဘို၊ ခင်ဦး၊ ရေဦး၊ တန့်ဆည်၊ ဒီပဲယင်း၊ ဘုတလင်၊ ချောင်းဦး၊ မြင်းမူ နှင့် စစ်ကိုင်းခရိုင်/မြို့နယ် စာရင်းစစ်ရုံးမှ ဝန်ထမ်းများနှင့် တွေ့ဆုံကာ လမ်းညွှန်မှာကြားခဲ့သည်။ (ဓာတ်ပုံ)

တွေ့ဆုံပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန်၊ တိုင်းဒေသကြီးညွှန်ကြားရေးမှူးနှင့် ဒေသ စာရင်းစစ်ရုံးများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်က လမ်းညွှန်မှာကြားရာတွင် ဒေသစာရင်းစစ်ရုံးများရှိ မြေ၊ အဆောက်အအုံ၊ ပရိဘောဂနှင့် စက်ပစ္စည်းများ၊ ဝန်ထမ်းများ စစ်ဆေးရာသည့် အဖွဲ့အစည်းများ၏ အခြေအနေများကို မျက်မြင်ကိုယ်တွေ့သိရှိရန်နှင့် ဝန်ထမ်းများကို အားပေးရန်အတွက် လာရောက်ခြင်းဖြစ်ကြောင်း ဦးစွာပြောကြားသည်။

ဆက်လက်၍ ဝန်ထမ်းများသည် ဂုဏ်သတင်းကျော်စောရန်အတွက် အဂတိတရားလေးပါးကင်းရန်၊ လုပ်ငန်းကျွမ်းကျင်မှုရှိရန်၊ တာဝန်ဝတ္တရားများကို လုံ့လဝီရိယထား၍ သတိနှင့်ဆောင်ရွက်ရန်၊ စစ်ဆေးတွေ့ရှိချက်များနှင့် စပ်လျဉ်း၍ ပွင့်လင်းမြင်သာမှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှုကို ချိန်ဆဆောင်ရွက်ရန်၊ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု ကောင်းမွန်စေရေး ထိန်းကျောင်းပေးရသည့် အဖွဲ့အစည်းဖြစ်၍ ပြည်သူ့အကျိုးစီးပွားကို ဦးထိပ်ပန်ဆင်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**မြန်မာ့အလင်း**

## ဟိုင်းကြီးကျွန်းမြို့၌ ရခိုင်ရိုးရာရထားဆွဲပွဲ ကျင်းပ

**ဟိုင်းကြီးကျွန်း ဒီဇင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့တွင် (၄၄)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ရခိုင်ရိုးရာရထားဆွဲပွဲကို ယနေ့နံနက် ၁၀ နာရီက အမှတ် (၁)ရပ်ကွက် သဒ္ဓမ္မဇောတိကာရုံ ဘုန်းကြီးကျောင်းဝင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲကျင်းပရေးကော်မတီက ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်နှင့် စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး တစ်သင်းလျှင် လူ ၃၀ ဖြင့် အသင်းခြောက်သင်း ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတင်စောက ပထမဆုရ အမှတ်(၃)ရပ်ကွက် အသင်းအား ဆုငွေကျပ်လေးသိန်း၊ ဒုတိယဆုရ အမှတ်(၁) ရပ်ကွက်အသင်းအား ဆုငွေကျပ်သုံးသိန်းနှင့် တတိယဆုရ ရေနောက်အိုင်ကျေးရွာတို့အား ဆုငွေကျပ်တစ်သိန်းကို ပေးအပ်ချီးမြှင့်ခဲ့သည်။

(၄၄)နှစ်မြောက် ရခိုင်ရိုးရာရထားဆွဲပွဲကို လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

## နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၅-** မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# (၄၄)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနား စစ်တွေမြို့၌ ကျင်းပ

**စစ်တွေ ဒီဇင်ဘာ ၁၅**

(၄၄)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ **(ယာပုံ)**ရှေးဦးစွာ စစ်တွေမြို့ပြည်တော်သာရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက ငရို့ရခိုင်သားသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ရခိုင်ပြည်နယ်နေ့ အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ဖတ်ကြားသည်။

ဆက်လက်၍ မြို့မိ၊ မြို့ဖ ဦးမောင်သိန်းဖြူ (စာရေးဆရာဂေါ်ယာမြေစောဝင်း)က ရခိုင်ပြည်နယ်နေ့ ပေါ်ပေါက်လာပုံနှင့် ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ပြောကြားပြီး ရွှေပင်ကိုယ်ပိုင်ကျောင်းမှ ကျောင်းသူလေးများက လုစီချင်သီချင်းဖြင့် ဖျော်ဖြေကြသည်။

ဆက်လက်၍ (၄၄)နှစ်မြောက် ရခိုင်ပြည်နယ်နေ့နှင့်ပတ်သက်ပြီး ပြည်နယ်ဝန်ကြီးချုပ်၏ အမှုထမ်းကောင်းဆု၊ ဂုဏ်ထူးဆောင်ဆု ချီးမြှင့်ခံရသူများ၊ စာပေထူးချွန်ဆုရရှိသူများ၊ ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် တက္ကသိုလ်အဆင့်နှင့် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ ပန်းချီပြိုင်ပွဲတွင် ဆုရရှိကြသူများနှင့်ဝတ္ထု (ပုံပြော) ပြိုင်ပွဲတွင် ဆုရရှိကြသူများကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများက ဆုများပေးအပ်ကြသည်။





အလားတူ ယနေ့နံနက် ၅ နာရီခွဲတွင် (၄၄)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် အရဟာဆွမ်းကပ်လှူဒါန်းခြင်းကို ပြည်နယ်အစိုးရအဖွဲ့မှ ဦးဆောင်ပြီး စစ်တွေမြို့ပေါ်ရှိ ဆရာတော်ကြီးများအား အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီးရင်ပြင်၌ အရဟာဆွမ်းကပ်လှူဒါန်းခြင်း၊ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ပရိတ်တရားတော်များ နာကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။ **တင်ထွန်း(မြန်/ဆက်)**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# (၄၄)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ ဘူးသီးတောင်မြို့တွင် စည်ကားသိုက်မြိုက်စွာကျင်းပ

**ဘူးသီးတောင် ဒီဇင်ဘာ ၁၅**

ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်တွင် (၄၄)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ဦးဥတ္တမခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွန်းနှင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ဂုဏ်ထူးရကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သော (၄၄)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွန်းက ဖတ်ကြားသည်။




ဆက်လက်၍ ရခိုင်ရိုးရာယဉ်ကျေးမှု ယိမ်းအဖွဲ့မှ ကပြဖျော်ဖြေခဲ့ကြပြီး ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ဂုဏ်ထူးရကျောင်းသား ကျောင်းသူများနှင့် မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပရဟိတလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ကြသော လူမှုရေးအသင်းအဖွဲ့များအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ထို့ပြင် ညနေပိုင်း၌ မြို့မအားကစားကွင်းတွင် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပခဲ့ကြပြီး ဆုများပေးအပ် ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ဖြူဖြူဝင်း(မြန်/ဆက်)**

## (၄၄)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ် ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကျင်းပ

**သံတွဲ ဒီဇင်ဘာ ၁၅**

(၄၄)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ် ရန်ကုန်တက္ကသိုလ်လက်ရွေးစင်ဘောလုံးသမားဟောင်းများအသင်းနှင့် သံတွဲမြို့နယ် လက်ရွေးစင်ဟောင်းများ အသင်း၊ ဌာမနဆိုင်ရာဘောလုံးအသင်းတို့ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၁၄ ရက် ညနေ ၄ နာရီက သံတွဲမြို့မ အားကစားပြိုင်ကွင်း၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်းက ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး ရန်ကုန်တက္ကသိုလ်ပေါင်းစုံ လက်ရွေးစင်ဘောလုံးသမားဟောင်းများ အသင်းဥက္ကဋ္ဌ ဦးဘန်နီတင်အောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ဘောလုံးပြိုင်ပွဲ ရန်ကုန်တက္ကသိုလ်ပေါင်းစုံ လက်ရွေးစင်ဘောလုံးသမားဟောင်းများအသင်းနှင့် သံတွဲမြို့နယ်ဌာနဆိုင်ရာဘောလုံးအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ သံတွဲမြို့နယ် ဌာနဆိုင်ရာ ဘောလုံးအသင်းက ခုနစ်ဂိုးဖြင့် လည်းကောင်း၊ ညနေပိုင်းတွင် ရန်ကုန်တက္ကသိုလ် လက်ရွေးစင်ဘောလုံးသမားဟောင်းများအသင်းနှင့် သံတွဲမြို့နယ်လက်ရွေးစင်ဟောင်းများအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တက္ကသိုလ်လက်ရွေးစင်ဘောလုံးသမားဟောင်းများ အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိသွားကြောင်း သိရသည်။

**သန့်ဇင် (မြန်/ဆက်)**

## ဂွမြို့မှ မကျေးငူဘက်ကမ်းသို့ ခရီးသွားပြည်သူများ အဆင်ပြေစေရန် ဇက်ရေယာဉ်ပြေးဆွဲ

**ဂွ ဒီဇင်ဘာ ၁၅**

(၄၄)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ်အနေဖြင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ဂွမြို့နယ် စည်ပင်သာယာသို့ လွှဲပြောင်းပေးထားသော အဆိုပါ ဇက်ရေယာဉ်ဖွင့်ပွဲကို ယနေ့ နံနက် ၆ နာရီက ကျင်းပရာ ဂွမြို့ မြို့မရပ်ကွက် သဒ္ဓမ္မမေဒနီ ကျောင်းတိုက်ဆရာတော် ဦးသုစိတ္တဓမ္မနှင့် သံဃာတော်များက အန္တရာယ်ကင်း ပရိတ်တရားတော် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဇက်ရေယာဉ်သည် ရခိုင်ပြည်နယ် ဂွမြို့ ဖောင်တော်ဆိပ်ကမ်းမှ ဂွချောင်းကိုဖြတ်ကူး၍ မကျေးငူဘက်ကမ်းသို့ ကူးသန်းသွားလာရေး အဆင်ပြေစေရန်အတွက် ယနေ့ နံနက်ပိုင်းမှစ၍ စတင်ပြေးဆွဲပေးခဲ့ခြင်း ဖြစ်သည်။ ဇက်ရေယာဉ်ဖွင့်ပွဲသို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ဝေ၊ စည်ပင်သာယာရေးဦးစီး ဦးနိုင်မင်းအေး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်နှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့သည်။

အဆိုပါ ဇက်ရေယာဉ်သည် အလျား ၈၂ ပေ× ၁၀ လက်မ၊ အနံ ၁၉ ပေ ×၄ လက်မ၊ အမြင့် ငါးပေနှင့် အလေးချိန် ၄၂ ဒသမ ၉၂ တန်ရှိကြောင်း သိရသည်။ ယင်းဇက် ရေယာဉ်ပြေးဆွဲပေးမှုကြောင့် ဂွမြို့ဘက်မှ မကျေးငူဘက်ကမ်းရှိ ကျေးရွာများနှင့် ဂွကမ်းခြေပတ်လမ်းမှ တစ်ဆင့် ဧရာဝတီတိုင်းဒေသကြီးဘက်အထိ ကူးသန်းသွားလာမှု ပိုမိုလွယ်ကူလျင်မြန်လာမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(မြန်/ဆက်)**



# တစ်နိုင်ငံလုံးမှာ အနာကြီးရောဂါဆိုတာ အညာဒေသမှာ အဖြစ်များတယ်လို့ ပြောကြတယ်၊ တကယ်တမ်းက ဆရာကြီးပြောတဲ့ Survey တွေအရ ကျွန်တော်တို့မြန်မာနိုင်ငံမှာ တိုင်းဒေသကြီးနဲ့ပြည်နယ်တိုင်းမှာ အနာကြီးရောဂါ ပြဿနာရှိတယ်

ဒေါက်တာ ကျော်ညွန့်စိန်

## မြန်မာနိုင်ငံ အနာကြီးရောဂါတိုက်ဖျက်ရေးညီလာခံအထိမ်းအမှတ် စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**မြန်မာနိုင်ငံ အနာကြီးရောဂါတိုက်ဖျက်ရေးညီလာခံအထိမ်းအမှတ် စကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ရိုက်ကူးထုတ်လွှင့်ခဲ့ရာ အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (အငြိမ်းစား) ဒေါက်တာတင်ရွှေ၊ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) ဒေါက်တာ ကျော်ညွန့်စိန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး၊ အနာကြီးရောဂါတိုက်ဖျက်ရေးဌာန စီမံချက်မန်နေဂျာ ဒေါက်တာချန်ထွန်းအောင်တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။**

*၁၄-၁၂-၂၀၁၈ မှအဆက်*

**အစီအစဉ်မှူး။ ။အဲဒီနည်းဗျူဟာတွေကို အခြေခံပြီးတော့ ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းတွေကိုလည်း ရှင်းပြပေးစေလိုပါတယ်။**



**ဒေါက်တာကျော်ညွန့်စိန်။** ။အဲဒီမှာ အဓိက ဆောင်ရွက် ခဲ့တဲ့ လုပ်ငန်းကို အပိုင်းငါးပိုင်း ခွဲပြီးတော့ ပြောချင်ပါတယ်။ ပထမတစ်ခုက Commitment၊ Ownership နဲ့ Partnership ပါ။ ကတိကဝတ်ခိုင်မာခြင်း၊ ဒီလုပ်ငန်းကို ပံ့ပိုးပေးခြင်း၊ မိတ်ဖက်၊ မိတ်ဆွေအဖွဲ့တွေနဲ့ ပေါင်းစည်းပြီးတော့ ဆောင်ရွက်ခြင်းနဲ့ တစ်ဦးချင်း၊ တစ်ဖွဲ့ချင်းရဲ့ Ownership ယူခြင်း ဒါကတစ်ခုပါ။ နောက်တစ်ခုက MDT Service လို့ခေါ်တဲ့ လူနာရှာဖွေပြီးတော့ MDT ဆေးနဲ့ ပျောက်ကင်းအောင် ကုသတဲ့လုပ်ငန်း၊ နောက်တစ်ခုက Monitoring စဉ်ဆက်မပြတ် ထောက်လှမ်းခြင်းနဲ့ သုတေသနလုပ်ငန်း၊ နောက်တစ်ခုကတော့ ပြည်သူလူထုအမြင်မှာ အနာကြီးရောဂါရဲ့ပုံရိပ်နဲ့ အနာကြီးရောဂါနဲ့ ပတ်သက်တဲ့ အသိတွေ အကောင်းဘက်ပြောင်းလဲလာအောင် လုပ်တဲ့လုပ်ငန်း၊ ပြီးတော့ ခန္ဓာကိုယ် မသန်စွမ်း မဖြစ်အောင် ကာကွယ်တဲ့လုပ်ငန်းတွေပါ။ အဲဒီလို ငါးချက်ရှိပါတယ်။

အဲဒီတော့ ပထမအချက်အနေနဲ့ကတော့ Commitment, Partnership နဲ့ Ownership ရအောင် ကျွန်တော်တို့က အုပ်ချုပ်ရေးအဖွဲ့ အဆင့်ဆင့် တိုင်းနဲ့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာတွေအထိ ကျွန်တော်တို့ရဲ့အဖွဲ့တွေ၊ အနာကြီးရောဂါ တိုက်ဖျက်ရေးအဖွဲ့တွေနဲ့ ကျွန်တော်တို့ရဲ့ဆရာတွေနဲ့ Advocacy ခေါ်တဲ့ အသိပေးတင်ပြတဲ့ ဆွေးနွေးပွဲတွေ Level အလိုက် လုပ်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ အနာကြီးရောဂါဆိုတာဟာ လူတန်းစားမရွေး၊ နေရာဒေသမရွေးဖြစ်နိုင်တဲ့အတွက် ကျွန်တော်တို့ လူ့အဖွဲ့အစည်းပေါင်းစုံကို ရောက်အောင်လုပ်တယ်။ ကျွန်တော်တို့ လက်နက်ကိုင်အဖွဲ့တွေ၊ တပ်ဖွဲ့တွေထိအောင် ကျွန်တော်တို့ Advocacy လုပ်ပါတယ်။ အနာကြီးရောဂါဆိုတာ လက္ခဏာတွေက ဘယ်လို ကုသတာ ဘယ်မှာကုသလို့ရတယ်၊ အခမဲ့ ကုသနိုင်တယ် စသည်ဖြင့် ဒါတွေ ကျွန်တော်တို့လုပ်ပါတယ်။

နောက်ပြီး Committee Image နဲ့ Awareness ပြည်သူလူထုရဲ့ အနာကြီးရောဂါကို မြင်တဲ့ပုံရိပ်နဲ့ အသိပညာတွေ တိုးတက်လာဖို့ဆိုတာ မီဒီယာတွေလိုပါတယ်။ လူထုဆက်သွယ်ရေးနည်းလမ်းတွေ လိုပါတယ်။ ဒါကြောင့် ကျွန်တော်တို့က မီဒီယာသမားတွေ၊ စာပေနယ်ကမိတ်ဆွေတွေ၊ အနုပညာနယ်ပယ်ကမိတ်ဆွေတွေနဲ့ ညှိနှိုင်း ဆွေးနွေးပွဲလုပ်တယ်။ အနာကြီးရောဂါဖြစ်တဲ့ နေရာဒေသတွေကို ခေါ်သွားပြီးတော့ ကွင်းဆင်းလေ့လာစေတယ်။ အဲဒီလိုတွေ လုပ်ခဲ့ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ MDT Service ပေးရာမှာ ပုံမှန်လူနာရှာဖွေရေးလုပ်ငန်းတွေကို ပိုပြီးတော့ကောင်းမွန်အောင် ကျွန်တော်တို့ ကျန်းမာရေးဝန်ထမ်းတွေ အထူးသဖြင့် သားဖွားဆရာမတွေ လုပ်နိုင်အောင် Special Activity လို့ခေါ်တဲ့ (Leprosy Elimination Campaign -LEC) ကို ၁၉၉၉ ခုနှစ်မှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အဆင့်(၂)ဆင့် ခွဲပြီးတော့ ကျွန်တော်တို့ လုပ်ပါတယ်။

### အနီရောင်နတ်မိမယ်များ

နောက်ပြီးတော့ ဆရာကြီးတို့ လက်ထက်တုန်းကတော့ SAPEL ပေါ့။ ကျွန်တော်တို့ လက်ထက်မှာတော့ Improving Geographical Coverage ပထဝီနယ်မြေ လွှမ်းခြုံမှု တိုးတက်လာအောင်လုပ်ပါတယ်။ SAPEL နဲ့ သဘောချင်းက သိပ်မကွာဘူး။ ကျွန်တော်တို့ တစ်နိုင်ငံလုံးမှာ အနာကြီးရောဂါဆိုတာ အညာဒေသမှာ အဖြစ်များတယ်လို့ ပြောကြတယ်။ တကယ်တမ်းက ဆရာကြီးပြောတဲ့ Survey တွေအရ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တိုင်းမှာ အနာကြီးရောဂါ ပြဿနာရှိတယ်။ ပြည်သူ့ကျန်းမာရေးပြဿနာ အထက်ကိုရှိတယ်။ ကျွန်တော်တို့ရဲ့ MDT Service ကို နေရာဒေသမရွေး မြန်မာနိုင်ငံမှ ဘယ်နေရာမဆိုရောက်အောင် ကျွန်တော်တို့က အဲဒါတွေကို လုပ်ခဲ့တယ်။ လုပ်ခဲ့တဲ့အခါကျတော့ ကျွန်တော်တို့ရဲ့သားဖွားဆရာမတွေဟာ ရှေ့တန်းကနေ လူနာရှာပြီးတော့ ကုပေးတဲ့အခါမှာလည်း တော်တော်လေး တက်တက်ကြွကြွ လုပ်တယ်။ ဥပမာဆိုပါစို့ လူနာက ညနေခင်းမှ လူမမြင်သူမမြင် ရှိတဲ့အချိန်မှာ လာပြီးတော့ ဆေးတိုက်ပါဆိုရင်လည်း အဲဒီအချိန်မှာ ဆေးသွားတိုက်တယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ မြန်မာနိုင်ငံက ဝန်ထမ်းတွေ အထူးသဖြင့် သားဖွားဆရာမတွေကို အပြည်ပြည်ဆိုင်ရာ အဖွဲ့တွေက (Red Angle) အနီရောင်နတ်မိမယ်များလို့ တင်စားပြီး ခေါ်ခဲ့ကြတယ်၊ ကျွန်တော်တို့ အဲဒီလို လုပ်ခဲ့ပါတယ်။

### စာရင်းဇယားတွေနဲ့ ခွဲခြား

နောက်တစ်ခုကတော့ ကျွန်တော်တို့ အနာကြီးရောဂါကို စဉ်ဆက်မပြတ် ထောက်လှမ်းကြည့်ရှုတဲ့အခါ စာရင်းဇယားတွေ ကျွန်တော်တို့ သေချာခွဲခြမ်းစိတ်ဖြာတယ်။ အနာကြီးရောဂါ အဖြစ်များတဲ့ ရွာတွေရဲ့အခြေအနေက ဘယ်လိုရှိသလဲ။ အခြေခံအချက်အလက်တွေက ဘယ်လိုရှိသလဲ။ အနာကြီးရောဂါ အဖြစ်နည်းတဲ့ ကင်းဝေးတဲ့ ရွာတွေ ဘယ်လိုရှိသလဲ။ အဲဒါတွေကို ကျွန်တော်တို့ အဖြစ်များတဲ့ Hyper Endemic လို့ခေါ်တဲ့ တိုင်းဒေသကြီးလေးခုနဲ့ ပြည်နယ်တစ်ခု ငါးခု မြို့နယ် ပေါင်း ၉၉ မြို့နယ်၊ အဲဒီမြို့နယ်ပေါင်း ၉၉ မြို့နယ်မှာ တစ်ရွာချင်းကို အုပ်စုခွဲတယ်။ Category 1၊ Category 2 စသည်ဖြင့်ပါ။ အနာကြီးရောဂါအတွက် အန္တရာယ်ပိုပြီးတော့ ဖြစ်နိုင်တဲ့ လူနာများများ ရှိနိုင်တဲ့ရွာလား၊ အနာကြီးရောဂါ ကင်းဝေးသွားပြီဖြစ်တဲ့ရွာလား အဲဒီလောက်ထိ ကျွန်တော်တို့ စာရင်းဇယားတွေနဲ့ ခွဲခြားပြီး စီမံချက်တွေချပါတယ်။

အနာကြီးရောဂါနဲ့ ပတ်သက်လို့ ပုံရိပ်တွေ လူနာတွေရဲ့အသိတွေ တိုးဖို့ဆိုတာ ပထမဆုံး ဆရာကြီး လက်ထက်တည်းက စတယ်။ ပိုစတာတွေ ထုတ်တယ်။ ကျွန်တော်တို့ လက်ထက်ကျတော့ အကယ်ဒမီ မေသဥ္ဇာဦးတို့၊ အကယ်ဒမီ သက်မွန်မြင့်တို့ပါ ပါလာတယ်။ မင်းသမီးတွေနဲ့ ကျွန်တော်တို့က အနာကြီးရောဂါဆိုတာ ဘာကြောင့်ဖြစ်တယ်။ အနာကြီးရောဂါဆိုတာ ကုရင်ပျောက်တယ်။ ဘယ်ကိုသွားပြီးတော့ ကုလို့ရတယ်။ အနာကြီးရောဂါကုတဲ့အတွက်ကြောင့် ငွေကြေးကုန်ကျစရာမလိုဘူး။ အဲဒီလို အဓိကအချက်နဲ့ ကျွန်တော်တို့က ပြည်သူတွေ လက်ထဲကိုရောက်အောင် ကျွန်တော်တို့က ပိုစတာတွေဖြန့်တယ်။ သတင်းစာတွေမှာလည်း အနာကြီးရောဂါနဲ့ ပတ်သက်တဲ့ အမေးအဖြေတွေ၊ ကြော်ငြာတွေ တော်တော်များများ ထည့်တယ်။ အဲဒါက ကျွန်တော်တို့ ကျန်းမာရေးဌာနအနေနဲ့ လုပ်တာ။ မီဒီယာဘက်ကလည်း သူတို့ ဂျာနယ်၊စာစောင်တွေမှာ ဆောင်းပါးတွေ ရေးကြတယ်။ ဖိတ်ခေါ်ကြတယ်။ ကျွန်တော်တို့ ဗီဒီယိုတွေ ရိုက်တယ်။ လူနဲ့လူတို့၊ ခုဆယ်ရာထောင်သောင်း သိန်းသန်းကုဋေတို့ နောက်ပြီးတော့ အာရုံဦးရဲ့ပုံရိပ်များ ဒီဟာတွေဟာ MRTV တို့ MWD တို့တွေက ခဏခဏပြတယ်။ နောက်ပြီးတော့ LEC လုပ်မယ့်သူကို မလုပ်ခင်မှာ ဗီဒီယိုကားတွေကို ပြတယ်။ အခမဲ့ပြပေးတယ်ဆိုတော့ ပြည်သူလူထုကို အနာကြီးရောဂါနဲ့ပတ်သက်ပြီး နားလည်အောင်၊ အနာကြီးရောဂါအကြောင်း ပိုသိလာအောင် ကျွန်တော်တို့တွေ အဲဒီလိုတွေလုပ်ခဲ့ပါတယ်။

နောက် ခန္ဓာကိုယ်မသန်စွမ်း ကာကွယ်ဖို့နဲ့ ပြန်လည်ထူထောင်ဖို့ကတော့ ကျွန်တော်တို့ ဆရာကြီးပြောတဲ့ American Leprosy Mission တို့နဲ့ ပေါင်းလိုက်ပြီးတော့ ILEP လို့ခေါ်တာပါ။ အခုလည်း ဆရာကြီးက အဲဒီမှာ Liaison လုပ်နေတာပါ။ အဲဒီ ILEP နဲ့ JICA လို့ခေါ်တဲ့ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ သူတို့တွေကလည်း ကျွန်တော်တို့ကို ဝိုင်းလုပ်ပေးပါတယ်။ အဲဒီတော့ ဒီလုပ်ငန်းတွေဟာ နည်းဗျူဟာတွေအပေါ် အခြေခံပြီးတော့ လုပ်ခဲ့တဲ့ လုပ်ငန်းတွေပါ။ ကျွန်တော်တို့ အနာကြီးရောဂါ တိုက်ဖျက်ရေးစီမံချက်မှာ တချို့ဟာတွေက သူများတွေမလုပ်ခင်မှာ ရှေ့တွေးပြီးလုပ်ခဲ့တဲ့အရာ ရှိတယ်။ ဥပမာ GIS လို့ခေါ်တဲ့ Geographical Information System မြေပုံကို အသုံးပြုပြီးတော့မှ စီမံချက်ရေးဆွဲတဲ့ကိစ္စ၊ လူနာရှာတဲ့ကိစ္စ ဒါမျိုးလေးတွေရှိပါတယ်။ နည်းပညာပိုင်းဆိုင်ရာတွေလည်း လုပ်ပါတယ်။ စောစောတုန်းက ပြောသလိုပဲ သုတေသနရလဒ်တွေကိုလည်း ကျွန်တော်တို့က ပြန်ထည့်ပြီးတော့ စီမံချက်မှာ ပိုကောင်းအောင်လုပ်ပါတယ်။

**အစီအစဉ်မှူး။ ။အခုဆရာကြီးတို့အနေနဲ့ ဒီလို ဆောင်ရွက်ခဲ့တဲ့ အကျိုးရလဒ်တွေနဲ့ ဘာကြောင့် ဒီလိုဆောင်ရွက်နိုင်တာလဲဆိုတာကို သိပါရစေရှင်။**

**ဒေါက်တာကျော်ညွန့်စိန်။** ။ကျွန်တော် အစောတုန်းက ပြောတဲ့ ၁၉၉၉ ခုနှစ်မှာ ကျွန်တော်တို့ တစ်နိုင်ငံလုံး အမျိုးသားအဆင့် LEC အနာကြီးရောဂါ ကင်းဝေးရေး Campaign ကို ကျွန်တော်တို့လုပ်တယ်။ အဲဒီ Campaign က တိုင်းတွေမှာ တစ်ပတ်၊ ပြည်နယ်တွေမှာ တစ်ပတ် တစ်နိုင်ငံလုံးလုပ်တာပါ။ အဲဒီနှစ်ပတ်အတွင်းမှာ လူနာသစ် ၁၅၀၀၀ လောက်ရတယ်။ နောက်ကျန်တဲ့ District LEC ဆရာကြီးပြောတဲ့နည်းနဲ့ မန္တလေးတိုင်းဆိုရင် မန္တလေးတိုင်းဆိုတာ သိကြတဲ့အတိုင်းပဲ။ အဖြစ်များတဲ့တိုင်း။ အဲဒီမှာဆိုရင် ပိုပြီးတော့ထွက်အောင်လို့ District LEC ကိုလုပ်တယ်။ နောက် ပုံမှန်လူနာသစ်ရှာဖွေရေးလုပ်ငန်းတွေကို တက်အောင်လုပ်တော့ ၁၉၉၉ ခုနှစ် တစ်နှစ်တည်းမှာပဲ လူနာသစ် ၃၀၀၀၀ နီးပါးလောက်ရတယ်။ အဲဒီလူနာသစ် ၃၀၀၀၀ နီးပါးဆိုတာ ပုန်းကွယ်နေတဲ့ လူနာတွေကို ကျွန်တော်တို့က ဖော်ထုတ်လိုက်တာ။ ဖော်ထုတ်လိုက်ပြီးတော့ ဆက်ပြီး ကျန်တဲ့လူတွေလည်းရှိတော့ နောက်ကာလတွေမှာ အဲဒီလိုပဲလုပ်တယ်။ အဲဒီလို လုပ်တဲ့အတွက်ကြောင့် ၁၉၉၀ ပြည့်နှစ်မှာ လူဦးရေ တစ်သောင်းမှာ မှတ်ပုံတင်ထားတဲ့ အနာကြီးလူနာ ၂၇၆ ယောက်ရှိတယ်။ အဲဒါကို ၂၀၀၃ ခုနှစ်မှာ ၀ ဒသမ ၈ လောက်ကျသွားတယ်။ (၁) အောက် ရောက်သွားတယ်။ ဒါဟာ ကျွန်တော်တို့ အရှိန်အဟုန်မြှင့် ဆောင်ရွက်တာရော၊ ပုံမှန်ဆောင်ရွက်တာရော၊ နောက်ပြီးတော့ လူထုကို အသိပညာပေးတာတွေရော၊ အဲဒီလိုနဲ့ ကျွန်တော်တို့ဟာ အနာကြီးရောဂါပြဿနာကို အနိမ့်ဆုံးရောက်အောင် ကျွန်တော်တို့ ဆွဲချခဲ့ပါတယ်။

**အစီအစဉ်မှူး။ ။ဒီအနာကြီးရောဂါ ကင်းဝေးကြောင်း ဘယ်အချိန် ဘယ်ခုနှစ်မှာ ကြေညာနိုင်ခဲ့ပါလဲရှင့်။ နောက်ပြီးတော့ အနာကြီးရောဂါကင်းဝေးရေး ရည်မှန်းချက် ရရှိခြင်းရဲ့ အဓိကအချက်တွေကရော ဘာတွေလို့ ယူဆပါသလဲရှင်။**

**ဒေါက်တာကျော်ညွန့်စိန်။** ။အဲဒါက ကျွန်တော်တို့ နိုင်ငံမှာ တတိယအကြိမ်မြောက် Global Allowance of Elimination of Leprosy လို့ခေါ်တယ်။ အနာကြီးရောဂါ ကင်းဝေးရေးအတွက် ကမ္ဘာ့မိတ်ဖက်အဖွဲ့အစည်းများပါဝင်တဲ့ အစည်းအဝေးပါ။ အဲဒီမှာလည်း WHO တို့ Donar တွေဖြစ်တဲ့ Sasakawa Memorial Health Foundation တို့ ALM တို့ နောက်တစ်ခါ ဆေးဝါးလှူဒါန်းနေတဲ့ Novartis Foundation တို့၊ အဲဒါတွေအပြင် အနာကြီးရောဂါအဖြစ်များတဲ့ နိုင်ငံတွေက ကျန်းမာရေးဝန်ကြီးတွေနဲ့ စီမံချက်မန်နေဂျာတွေ အဲဒါကို ကျွန်တော်တို့ Sedona Hotel မှာ ကျင်းပပါတယ်။ Sedona Hotel မှာ ကျင်းပတဲ့ ဖေဖော်ဝါရီလ ၆ ရက်နေ့မှာပဲ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ အနာကြီးရောဂါကင်းဝေးရေးရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိပြီဆိုတာ ကြေညာနိုင်ခဲ့ပါတယ်။

ဒီလိုရောက်ရှိနိုင်အောင် အနောက်ကနေ မောင်းနှင်အားဖြစ်တဲ့ အဓိကအချက်တွေကတော့ Political Commitment နိုင်ငံရေးအရ ခိုင်မာတဲ့ သန္နိဋ္ဌာန်ချပြီးတော့ ဒီလုပ်ငန်းကို အောင်မြင်အောင် လုပ်မယ်ဆိုပြီးတော့မှ ပံ့ပိုးမှုတွေ၊ ပံ့ပိုးမှုတွေဆိုတာတွေထဲမှ ပြည်သူလူထုရော၊ အာဏာပိုင်အဖွဲ့တွေရော၊ မိတ်ဖက်တွေရော၊ သူတို့ရဲ့ ပံ့ပိုးမှုတွေပါ။ နောက်ကျွန်တော်တို့ အနာကြီးရောဂါ ကင်းဝေးရေးလုပ်တဲ့အခါမှာ ပညာပေးတဲ့လုပ်ငန်းမှာ မီဒီယာတွေရှိတယ်။ သုတေသနလုပ်ငန်းလုပ်တဲ့အခါမှာ ရန်ကုန်ဆေးတက္ကသိုလ်တို့ နောက်ပြီးတော့ ဆေးသိပ္ပံပညာဦးစီးဌာနတို့ အဲဒါအပြင် ရန်ကုန်ဝိဇ္ဇာသိပ္ပံက စိတ္တဗေဒဌာနတို့ ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စိတ်နဲ့ နှီးနွှယ်တာဆိုတော့ ဒီလိုမိတ်ဆွေတွေ၊ မိတ်ဖက်တွေပေ့ါ။ သုတေသနသမားတွေ၊ မီဒီယာသမားတွေ သူတို့နဲ့မိတ်ဖက်အဖွဲ့ဖွဲ့ပြီးတော့ သူတို့ကို Ownership ပေးလိုက်တာ။ သူတို့ကိုယ်တိုင် သူတို့အပိုင်းကို ပိုင်ပိုင်နိုင်နိုင်တာဝန်ယူပြီးတော့ ဆောင်ရွက်သွားနိုင်ကြတယ်။

*စာမျက်နှာ ၁၁ သို့*

**“အဲဒီလူနာသစ် ၃၀၀၀၀ နီးပါးဆိုတာ ပုန်းကွယ်နေတဲ့ လူနာတွေကို ကျွန်တော်တို့က ဖော်ထုတ်လိုက်တာ။ ဖော်ထုတ်လိုက်ပြီးတော့ ဆက်ပြီးကျန်တဲ့လူတွေလည်းရှိတော့ နောက်ကာလတွေမှာ အဲဒီလိုပဲလုပ်တယ်။ အဲဒီလိုလုပ်တဲ့အတွက်ကြောင့် ၁၉၉၀ ပြည့်နှစ်မှာ လူဦးရေ တစ်သောင်းမှာ မှတ်ပုံတင်ထားတဲ့ အနာကြီးလူနာ ၂၇၆ ယောက်ရှိတယ်။ အဲဒါကို ၂၀၀၃ ခုနှစ်မှာ ၀ ဒသမ ၈ လောက်ကျ သွားတယ်”**

# ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ် (၁၂) သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၅



**ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၊ အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၁၂) သင်တန်းဆင်းပွဲကို ယမန်နေ့က ကေတုမတီခန်းမ၌ ကျင်းပခဲ့သည်။ (ယာပုံ)**

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက နိုင်ငံတော်အစိုးရအဖွဲ့အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ၊ ရည်မှန်းချက်များ အထွေထွေပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်ပြင်းပြင်းနှင့် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၃ ရက်တွင် ကျင်းပသည့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ကတိသစ္စာပြုခြင်း အခမ်းအနားတွင် နိုင်ငံတော်သမ္မတက "နိုင်ငံဟာ ခေတ်ဟောင်းစနစ်ဟောင်းမှ ခေတ်သစ်စနစ်သို့ ကူးပြောင်းစနိုင်ငံဖြစ်ပါတယ်။ လမ်းရိုးလမ်းဟောင်းမှ လမ်းသစ်ကို ဖောက်ထွက်နေရတဲ့အခါ ရှောင်လို့မရတဲ့ အခက်အခဲ၊ အကျပ်အတည်းတွေရှိပါတယ်။ ဒီလိုအခြေအနေ၊ အချိန်အခါမျိုးမှာ အရင်းအနှီးကြီးကြီးပေးပြီး ရှားရှားပါးပါးရရှိထားတဲ့ ဒီမိုကရေစီအပင်ပေါက်လေး ရှင်သန်ကြီးထွားရေးကို အားလုံးအလေးအနက်ထားကြစေလိုပါတယ်"ဟု ပြောကြားခဲ့ပါကြောင်း။

ပညာရေး ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း "လူသားရင်းမြစ်တွေ တန်ဖိုးတက်လာဖို့ အရည်အသွေးရှိသော ပညာရေးကိုခိုင်မာအောင် တည်ဆောက်ကြရမှာဖြစ်ပြီး ဒီလိုအရည်အသွေးရှိတဲ့ ပညာရေးကို တည်ဆောက်နိုင်ဖို့များစွာ ရင်းနှီးမြှုပ်နှံဖို့လိုပါတယ်။ ၂၀၁၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ လာမယ့် ၁၅ နှစ်ကာလအတွင်း ကြိုးပမ်းဆောင်ရွက်ကြရမယ့် ကမ္ဘာ့ဖွံ့ဖြိုးမှုလမ်းညွှန်အဖြစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များရဲ့ ပန်းတိုင် ၄ ဖြစ်တဲ့ လူသားအားလုံး အကျုံးဝင်ကာ ညီညွတ်မျှတပြီး အရည်အသွေးရှိတဲ့ ပညာသင်ယူနိုင်ရေးနဲ့ ဘဝတစ်လျှောက်အစဉ်လေ့လာသင်ယူနိုင်သော အခွင့်အလမ်းရရှိရေးအတွက် တာဝန်ယူမှု၊ တာဝန်ခံမှု စိတ်စေတနာအပြည့်အဝဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်" ဟု လမ်းညွှန်မှာကြားခဲ့ပါကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံ့ဝန်ထမ်းများကို ကျွမ်းကျင်မှု အတတ်ပညာ၊ သုတ၊ သမ္မာတိုးတက်လာစေရန်အတွက် နိုင်ငံတော်၏ ဘဏ္ဍာငွေ များစွာကုန်ကျခံ ရင်းနှီးမြှုပ်နှံပြီး လေ့ကျင့်ပေးလျက်ရှိရာ သင်တန်းသား၊ သင်တန်းသူများကလည်း ပြန်လည်အကျိုးပြုသည့်အနေဖြင့် မိမိရာထူးအဆင့်နှင့် လျော်ညီသည့် အရည်အသွေးနှင့် စွမ်းဆောင်ရည် တိုးတက်လာအောင် အစဉ်ကြိုးစား လေ့လာသင်ယူပြီး နိုင်ငံတော်အပေါ် ပြန်လည်အကျိုးပြုဖို့ တိုက်တွန်းမှာကြားလိုပါကြောင်း၊ အရာရှိကြီးများအနေဖြင့် မိမိတို့ဝန်ထမ်းအဖွဲ့အစည်းအတွက် အရေးပါသည့် စီမံခန့်ခွဲမှုများကို အထောက်အကူပြုဆောင်ရွက်ကြသူများပီပီ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ရ သည့်အခါ အဆိုပါပြဿနာရပ်များကို ဖြေရှင်းနိုင်ရန် အဘက်ဘက်မှ အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားခဲ့သည်။

ထို့နောက် သင်တန်းသား၊ သင်တန်းသူများအား သင်တန်းပြီးမြောက်ကြောင်း လက်မှတ်များပေးအပ်ခဲ့သည်။ သင်တန်းကို အောက်တိုဘာ ၂၂ ရက်မှ ဒီဇင်ဘာ ၁၄ ရက်အထိ ရှစ်ပတ် ကြာ ဖွင့်လှစ်ခဲ့ပြီး ဝန်ကြီးဌာန၊ အဖွဲ့အစည်း ၁၇ ခုမှ ညွှန်ကြားရေးမှူးအဆင့် အရာထမ်း ၃၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၁၀ မှ*

ပိုအရေးကြီးတာကတော့ ဒီဟာတွေက ခဏအတွင်း တည်ဆောက်လို့ရပေမယ့် အနာကြီးရောဂါနဲ့ ပတ်သက်တဲ့ စနစ်ကိုတော့ နှစ်ရှည်လများ အချိန်ယူပြီးမှ လုပ်ရတာ။

### ကျစ်ကျစ်လျစ်လျစ်တည်ဆောက်

ဆရာကြီးပြောတဲ့ထဲမှာ ၁၉၇၈ ခုနှစ်ဝန်းကျင်က Integration ပါ။ အနာကြီးရောဂါတိုက်ဖျက်ရေး ဝန်ထမ်းက တစ်နိုင်ငံလုံးမှာ ၉၀၂ ဦးလောက်ရှိပါတယ်။ တစ်နိုင်ငံလုံးမှာ ရွာပေါင်း ခြောက်သောင်း၊ ရှစ်သောင်း လောက်ရှိတယ်။ မြို့နယ်ပေါင်း ၃၃၀ ကျော်တယ်ဆိုတော့ ကျွန်တော်တို့ အနာကြီးရောဂါတိုက်ဖျက်ရေး တစ်ခုတည်းနဲ့ မလုပ်နိုင်ဘူး။ အခြေခံကျန်းမာရေး ဝန်ထမ်းတွေက ဒီလုပ်ငန်းနဲ့ပေါင်းစည်းပြီးတော့ တာဝန်ယူရတယ်။ ၁၉၇၈ ခုနှစ်မှာ ပေါင်းစည်းပြီးတော့ သူတို့ရဲ့ အတွေ့အကြုံတွေ၊ သူတို့ရဲ့အတွေးအခေါ်တွေ၊ သူတို့ရဲ့ကျွမ်းကျင်မှုတွေ၊ ဒါတွေတည်ဆောက်လာခဲ့တာ ဒီ Integration က အရေးပါပါတယ်။ နောက်ဆုံးအချက်အနေကတော့ ဒီလိုရောက်အောင် အနာကြီးရောဂါတိုက်ဖျက်ရေးအဖွဲ့ကို ကျစ်ကျစ်လျစ်လျစ် တည်ဆောက်ထားပြီးတော့မှ Strong Team ဖြစ်တယ်။ သူတို့ရဲ့ စိတ်ရောကိုယ်ပါ မြှုပ်နှံပြီးတော့မှ ဒီလုပ်ငန်းတွေကို ကျန်တဲ့လူတွေပါ ပါလာအောင် ဝိုင်းပြီးတော့ စည်းရုံးပြီးတော့မှ လှုပ်ရှားခဲ့ပါတယ်။ ဒါက ကျွန်တော်တို့ အနာကြီးရောဂါတိုက်ဖျက်ရေး ဝန်ထမ်းတွေရဲ့ စွမ်းအားကလည်း အဓိကကျတဲ့ အချက်ထဲမှာ ပါဝင်ပါတယ်။ ဒီလိုအချက်တွေကြောင့် ကျွန်တော်တို့ရဲ့ မြန်မာနိုင်ငံဟာ ရောဂါကင်းဝေးရေး ရည်မှန်းချက်ပန်းတိုင်ကို အနာကြီးရောဂါအဖြစ်များတဲ့ အိမ်နီးနားချင်း နိုင်ငံတွေထက် ပိုပြီးတော့ စောစောရခဲ့တာပါ။

**အစီအစဉ်မှူး။ ။ လက်ရှိမှာဆိုရင် အနာကြီးရောဂါဖြစ်ပွားမှု အခြေအနေနဲ့ ပတ်သက်ပြီးတော့ သိပါရစေ။**

**ဒေါက်တာချန်ထွန်းအောင် (ဒုတိယညွှန်ကြားရေးမှူး၊ အနာကြီးရောဂါတိုက်ဖျက်ရေးဌာန စီမံချက်မန်နေဂျာ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**

အနာကြီးရောဂါကင်းဝေးရေးဆိုပြီး ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့ ဆရာကြီး ဦးကျော်ညွန့်စိန် လက်ထက်မှာ ကျွန်တော်တို့က ထုတ်ပြန်ကြေညာနိုင်ခဲ့ပါတယ်။ အနာကြီးရောဂါကင်းဝေးရေးဆိုတာက ကျွန်တော်တို့ အနာကြီးရောဂါ မှတ်ပုံတင်ဖြစ်ပွားနှုန်း လူဦးရေတစ်သောင်းမှာ တစ်ယောက်အောက် လျော့နည်းကျဆင်းရေးဖြစ်တယ်။ တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် အနာကြီးရောဂါကို ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်ကနေ ပယ်ဖျက်ခြင်းကို ခေါ်တာပါ။ လုံးဝပပျောက်သွားတာ မဟုတ်ဘူး။ ကျွန်တော်တို့ ဆရာကြီးတွေ ပြောလေ့ပြောထရှိတဲ့ မီးလောင်နေတဲ့ အနေအထားက အနာကြီးရောဂါဆိုတာ မီးညွန့်ကျိုးသွားတဲ့ အခြေအနေပဲရှိတယ်။ လက်ရှိ ပြောရမယ်ဆိုရင် အနာကြီးရောဂါဖြစ်ပွားနှုန်းက တစ်နှစ်ကို နှစ်စဉ် လူနာသစ် ၂၅၀၀ ကနေ ၃၀၀၀ ကြား ထွက်နေပါတယ်။ အဲဒီလိုထွက်နေတဲ့ ၂၅၀၀၊ ၃၀၀၀ ရဲ့ ၁၀ ရာခိုင်နှုန်းကနေ ၁၅ ရာခိုင်နှုန်းအထိဟာ မြင်သာထင်သာသော ကိုယ်အင်္ဂါချို့ယွင်းမှုဖြစ်နေတဲ့ လူနာတွေဖြစ်ပါတယ်။ နောက်အဲဒီလို ထွက်နေတဲ့ လူနာသစ်တွေရဲ့ ၅ ရာခိုင်နှုန်းလောက်က ကလေးလူနာတွေ ဖြစ်နေပါတယ်။ ကူးစက်မှုဟာ ဆက်ပြီးတော့ ရှိနေတယ်ဆိုတာ ပေါ်လွင်နေပါတယ်။

**အစီအစဉ်မှူး။ ။ လက်ရှိ ဆရာကြီးတို့ ဆောင်ရွက်နေတဲ့ လုပ်ငန်းအခြေအနေလေးကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

**ဒေါက်တာချန်ထွန်းအောင်။** ။ ကျွန်တော်တို့ အနာကြီးရောဂါနဲ့ ပတ်သက်ပြီးဆောင်ရွက်နေတဲ့လုပ်ငန်းတွေက အနာကြီးရောဂါ လူနာ၊ ဝေဒနာရှင်တွေကို ဖော်ထုတ်မယ်။ သူနဲ့ပတ်သက်ပြီး ပျောက်ကင်းစေတဲ့ဆေး MDT ကို အခမဲ့ရရှိအောင် ဆောင်ရွက်ပေးတဲ့ လုပ်ငန်းစဉ်တွေ ရှိပါတယ်။

### ခန္ဓာကိုယ်ချို့ယွင်းမှုကာကွယ်

နောက်တစ်ချက်ကတော့ ကျွန်တော်တို့ အနာကြီးရောဂါထူပြောပြီး အဖြစ်များတဲ့ ကျေးလက်ကျန်းမာရေး ဌာန (၆၀) ကို နှစ်စဉ် ၂၀၁၅၊ ၂၀၁၆၊ ၂၀၁၇ ခုနှစ်တွေမှာ သုံးနှစ်ဆက်တိုက် လူနာရှာဖွေရေးလုပ်ငန်းတွေ လုပ်နိုင်ခဲ့ပါတယ်။ နောက်တစ်ချက်က အနာကြီးရောဂါဖြစ်တဲ့ လူနာတွေကို ခန္ဓာကိုယ်ချို့ယွင်းမှုကာကွယ်တဲ့ လုပ်ငန်းတွေကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ နောက်ပြီး ညောင်ဦးခရိုင်၊ မြင်းခြံခရိုင်၊ သာယာဝတီခရိုင်တွေမှာ အနာကြီးရောဂါသည်တွေနဲ့ အတူနေတဲ့မိသားစုတွေကို ကာကွယ်ဆေးတိုက်ကျွေးရေးဆိုတဲ့ Research တစ်ခု ကျွန်တော်တို့ လုပ်ခဲ့ပါတယ်။ နောက်တစ်ခုက အနာကြီးရောဂါဝေဒနာရှင်တွေရဲ့ Distribution ပေါ့။

သူတို့ရဲ့ ပြန့်ပွားမှုအနေအထားကို သိဖို့အတွက် Leprosy Mapping Project ဆိုတာကို ကျွန်တော်တို့ လုပ်နိုင်ခဲ့ပါတယ်။ အနာကြီးရောဂါနဲ့ပတ်သက်တဲ့ သုတေသနလုပ်ငန်းမျိုးစုံကိုလည်း လုပ်ခဲ့ပါတယ်။ အနာကြီးရောဂါနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ကောင်းစွာစီမံပြီး နည်းပညာနဲ့ ဆောင်ရွက်နိုင်ဖို့ Technical Advisory Group (TAG) ဆိုပြီးတော့ ကျွန်တော်တို့ အနာကြီးရောဂါကျွမ်းကျင်တဲ့ ဆရာကြီးတွေ အငြိမ်းစားဆရာကြီးတွေ ဦးဆောင်တဲ့ အဖွဲ့ကနေပြီးတော့ အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်းတွေကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။

**အစီအစဉ်မှူး။ ။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့နဲ့ ၁၃ ရက်နေ့မှာ နေပြည်တော်မှာရှိတဲ့ MICC-2 မှာ National Leprosy Conference 2018, Myanmar ကျင်းပမယ်လို့လည်း သိရပါတယ်။ ဒီညီလာခံကို ကျင်းပရတဲ့ ရည်ရွယ်ချက်နဲ့ ညီလာခံအကြောင်းလေးကိုလည်း ရှင်းပြပေးပါ။**

**ဒေါက်တာချန်ထွန်းအောင်။** ။ ဒီညီလာခံကြီးကို ကျွန်တော်တို့က ရည်ရွယ်ချက် သုံးချက်နဲ့ ကျင်းပမှာ ဖြစ်ပါတယ်။ နံပါတ် (၁) က အနာကြီးရောဂါတိုက်ဖျက်ရေး လုပ်ငန်းကို အောင်မြင်စွာ ကျင်းပနိုင်ဖို့ဆိုရင် Political Commitment ကျွန်တော်တို့ရဲ့ အစိုးရအဖွဲ့နဲ့ ဌာနဆိုင်ရာအသီးသီးရဲ့ကတိကဝတ်တွေကို ရရှိအောင် ဆောင်ရွက်ဖို့။ နံပါတ် (၂) က အနာကြီးရောဂါ ဝေဒနာရှင်တွေကို ခွဲခြားဆက်ဆံတဲ့ ပစ်ပယ်ခြင်း လုံးဝမရှိဖို့။ နံပါတ် (၃) က အနာကြီးရောဂါတိုက်ဖျက်ရေး လုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါ ကျွန်တော်တို့ All Inclusive ပေါ့။ လူနာတွေရယ်၊ သူ့ရဲ့ အတူနေ မိသားစုတွေကို Community လို့ခေါ်တဲ့ ပြည်သူလူထုတွေ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန နီးနွှယ်တဲ့ ဝန်ကြီးဌာနတွေ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတွေဖြစ်တဲ့ UN Agency တို့ WHO တို့၊ ဆရာကြီးတို့ရဲ့ ILEP ၊ American Leprosy Mission ၊ Novartis Foundation လိုဟာမျိုးတို့ ပြီးနောက် ပြည်တွင်းမှာရှိတဲ့ NGO တွေ နောက်ပြီး မိတ်ဖက်အဖွဲ့အစည်းအသီးသီးတွေ အကုန်လုံး ပါဝင်ဆောင်ရွက်လာအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျင်းပတာ ဖြစ်ပါတယ်။

ဒီညီလာခံကြီးကို ကျွန်တော်တို့ ကျင်းပဖြစ်တာကလည်း ကျွန်တော်တို့ရဲ့ Donar အဖွဲ့အစည်း မိတ်ဖက်အဖွဲ့အစည်းဖြစ်တဲ့ The Nippon Foundation ၊ Sasakawa Memorial Health Foundation ကျွန်တော်တို့ရဲ့ မိခင်ဌာနဖြစ်တဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ပူးပေါင်းဆောင်ရွက်မှုကြောင့် ဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။ ဒီညီလာခံကနေ ရရှိမယ့် အကျိုးရလဒ် တွေကိုလည်း သိပါရစေရှင်။**

**ဒေါက်တာချန်ထွန်းအောင်။** ။ ဒီညီလာခံကြီးက ရရှိ လာမယ့် အကျိုးရလဒ်ကတော့ နံပါတ် (၁) အနေနဲ့ ဒီအာဏာပိုင်အဖွဲ့အစည်းတွေရဲ့ ကတိကဝတ်တွေနဲ့ ကျွန်တော်တို့ရဲ့တက်ကြွစွာပူးပေါင်းဆောင်ရွက်မှုတွေ၊ နံပါတ် (၂) အချက်ဆိုရင် အနာကြီးရောဂါသည်တွေကို ခွဲခြားဆက်ဆံမှုမရှိဖို့၊ ပစ်ပယ်မှုမရှိဖို့အတွက် ဆောင်ရွက်နိုင်ဖို့၊ နံပါတ် (၃) အချက်အနေနဲ့ ပြည်သူလူထုအတွင်းမှာ အနာကြီးရောဂါနဲ့ ပတ်သက်တဲ့ အသိအမြင်တွေ သူတို့ရဲ့ ဗဟုသုတတွေ အတွေးအခေါ်တွေ မှန်ကန်ပြီးတော့ အနာကြီးရောဂါ ပပျောက်ရေး၊ အနာကြီးရောဂါ ကင်းဝေးရေးလုပ်ငန်းတွေ အကုန်လုံးကို တက်တက်ကြွကြွနဲ့ ပူးပေါင်းဆောင်ရွက်နိုင်မယ့် ရလဒ်ကောင်းတွေရမယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။

**အစီအစဉ်မှူး။ ။ ဆရာကြီးတို့ အနေနဲ့ နောက်ထပ်ပြီး ဖြည့်စွက်ပြောကြားလိုတာများရှိရင် ပြောကြားပေးစေလိုပါတယ်။**

**ဒေါက်တာတင်ရွှေ။** ။ နောက်ထပ်ပြီးတော့ နှစ်ချက်၊ သုံးချက်လောက် ဖြည့်စွက်ပြီးတော့ ပြောကြားချင်ပါတယ်။ နံပါတ်(၁) အချက်က ကျွန်တော်တို့ ရောက်ရှိနေတဲ့ အခြေအနေသည် အနာကြီးရောဂါသည် ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်မှ ကင်းဝေးသွားတာပါ။ လုံးဝပပျောက်သွားတာ မဟုတ်သေးဘူးဆိုတာ ပြည်သူကို သတင်းအမှန်ကို တင်ပြခြင်းဖြစ်ပါတယ်။ နံပါတ်(၂) က ကျွန်တော်တို့ အနာကြီးရောဂါ တိုက်ဖျက်ရေးစီမံကိန်းရဲ့ တကယ့်မူလ ရည်ရွယ်ချက်သည် မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးမှာ အနာကြီးရောဂါ လုံးဝကင်းမဲ့ရေး (Leprosy Free World) လို့ခေါ်တဲ့ အနာကြီးရောဂါ လုံးဝကင်းမဲ့သွားတဲ့ အခြေအနေကို ရောက်ရှိလိုပါတယ်။ ဒါပေမယ့် ဘယ်တော့ရောက်မလဲဆိုတာ ဘယ်သူမှ ခန့်မှန်းလို့ မရပါဘူး။ ဒါကြောင့် ပထမအဆင့်အနေနဲ့က ကမ္ဘာနဲ့အဝန်း မြန်မာနိုင်ငံအတွက်ပါ အနာကြီးရောဂါနဲ့ ပတ်သက်တဲ့ ပြည်သူ့ကျန်းမာရေးပြဿနာနဲ့ လူမှုရေးဆိုင်ရာ ပြဿနာများအဖြစ်မှ တဖြည်းဖြည်းကင်းဝေးသွားအောင် ကျွန်တော်တို့ ဆောင်ရွက်ဖို့ဖြစ်တဲ့အတွက် နံပါတ်(၁)အနေနဲ့ အရေးအကြီးဆုံးက အနာကြီးရောဂါလူနာနဲ့ သူတို့ရဲ့မိသားစုများကို ဝိုင်းပယ်ခြင်း၊ သီးခြားခွဲခြားဆက်ဆံခြင်းမျိုးမလုပ်ဘဲနဲ့ သူတို့ကိုလည်း ဒီလူထုပြည်သူ့အသိုင်းအဝိုင်းထဲက လူတစ်ယောက်လို ပါဝင်ဆက်ဆံမှုဟာ အများကြီး အရေးကြီးပါတယ်လို့ တင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒေါက်တာကျော်ညွန့်စိန်။** ။ ဆရာကြီး ပြောသွားတဲ့ ထဲမှာ ခွဲခြားဆက်ဆံမှု လူနာနဲ့ လူနာမိသားစု၊ မိသားစုဆိုပေမယ့် တစ်ခါတလေ ဆွေမျိုးတောင်မှ ပါပါတယ်။ ဒါတွေကို ခွဲခြားဆက်ဆံမှု ဆိုတာက ဒီလူနာတွေကိုယ်တိုင် ရောဂါရှိမှန်းသိပြီးတော့ ထွက်လာပြီး ဆေးကုသခံဖို့အတွက်လည်း အနှောင့်အယှက် ဖြစ်ပါတယ်။ အနာကြီးရောဂါဆိုတာက လူတွေမြင်ကြတာက ခန္ဓာကိုယ်တွေ ချို့ယွင်းနေမှ၊ ပျက်စီးနေမှ အနာကြီးရောဂါလို့ ထင်ကြတာ လူမသိ သူမသိ ပခုံးမှာ၊ တင်ပါးမှာ အကွက်လေးတွေရှိတာကလည်း အနာကြီးရောဂါပါပဲ။

### မီးစတွေ ငြိမ်းနိုင်မှာဖြစ်

ဒါပေမယ့် အများအမြင်မှာတော့ သာမန်အောက်မေ့တာ နောက်တစ်ခုက အနာကြီးရောဂါဆိုတာ ဆေးကုသရင် ပျောက်ကင်းတယ်၊ ပျောက်ကင်းပေမယ့် ကျန်တဲ့သူတွေက သူ့ကိုရောဂါသည်လို့ပဲ ဆက်ပြီးတော့ သတ်မှတ်ထားကြတယ်။ သတ်မှတ်တာ ခံရတယ်။ အဲဒါတွေကြောင့် အနာကြီးရောဂါရှိတဲ့ သူတွေက ဖုံးကွယ်ကြတယ်။ အဲဒါကြောင့် ရှေ့ထွက်လာဖို့ရာ ကြောက်ကြတယ်။ ဒါကြောင့်မို့လို့လည်း ခွဲခြားဆက်ဆံတာကို ဖယ်လိုက်မှ ဆရာပြောတဲ့ မီးညွန့်ကျိုးပြီးတော့ ကျန်တဲ့မီးစတွေကို ငြိမ်းနိုင်မှာ ဖြစ်ပါတယ်။ ဒါပေမယ့် ခွဲခြားဆက်ဆံမှုရှိနေရင် အဲဒီပြဿနာကြီးဟာ ဆက်ရှိနေဦးမယ်။

နောက်တစ်ခုက ခွဲခြားဆက်ဆံလိုက်တဲ့အတွက် လူမှုရေးကိစ္စ၊ ပညာရေးကိစ္စ၊ စီးပွားရေးကိစ္စ ဒါတွေလည်း ထိခိုက်တယ်။ အဲဒီတော့ အနာကြီးရောဂါရှိတယ်၊ ခန္ဓာကိုယ်လည်း ချို့ယွင်းရင် ချို့ယွင်းမယ်၊ ဒါပေမယ့် ဦးနှောက်က မထိခိုက်ဘူး။ အနာကြီးရောဂါပိုးက ဦးနှောက်ကို သွားပြီး မဖျက်ဆီးဘူး။ အဲဒီတော့ သူတို့မှာ ပညာသာ ကောင်းကောင်းသင်ရမယ်၊ အခွင့်အလမ်း ကောင်းကောင်းရမယ်ဆိုရင် သူတို့ဟာ မြန်မာနိုင်ငံအတွက် တန်ဖိုးရှိတဲ့ မြန်မာနိုင်ငံသား၊ မြန်မာနိုင်ငံသူ သူတို့မိသားစု အကျိုးအတွက်၊ တိုင်းပြည်အကျိုးအတွက် သူတို့စွမ်းဆောင်နိုင်တဲ့ အခွင့်အလမ်းတွေရှိမယ်။ အဲဒီလို ခွဲခြားဆက်ဆံလိုက်တဲ့အတွက် ဒီအခွင့်အလမ်းတွေ လူနာ အတွက်ရော၊ လူနာမိသားစုအတွက်ရော၊ နိုင်ငံတော်အတွက်ပါ ထိခိုက်နေတာ ဖြစ်ပါတယ်။ ။

**နန္ဒာဝင်း၊ မီမီဖြိုး**

**ဓာတ်ပုံ-လှမိုး**



ဒီဇင်ဘာလူထုအားကစားလ တတိယပတ်လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်က ရန်ကုန်မြို့ မြို့မကျောင်းလမ်းနှင့် စကားဝါလမ်းဆုံမှ စတင်တာထွက်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့နယ်ပေါင်းစုံမှ ပြည်သူများ၊ ကျောင်းသားကျောင်းသူများ၊ အားကစားနှင့် ကာယပညာ သိပ္ပံ(ရန်ကုန်)မှ ကျောင်းသားကျောင်းသူများ စုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲကြစဉ်။ ကျော်ခိုင်



မန္တလေးတိုင်းဒေသကြီး ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု တတိယပတ် စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်က မန္တလေးမြို့ ကျုံးတောင်ဘက် ၂၆ လမ်းနှင့် ၇၃ လမ်းဆုံ မင်္ဂလာတံတားထိပ် တာလွှတ်စုရပ်နေရာ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ ဦးဆောင်၍ ပြည်သူများနှင့်အတူ စုပေါင်းလမ်းလျှောက်ပွဲပါဝင်ဆင်နွှဲကြစဉ်။

တင်မောင်(မန်းကိုယ်ပွား)

# ကချင်ပြည်နယ်ဝန်ကြီးချုပ် MMA ကမ္ဘာ့ချန်ပီယံ မြန်မာ့ဂုဏ်ဆောင် အောင်လအန်ဆန်၏ ကြေးရုပ်တုဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်

**မြစ်ကြီးနား ဒီဇင်ဘာ ၁၅**

MMA ကမ္ဘာ့ချန်ပီယံ မြန်မာ့ဂုဏ်ဆောင် အောင်လအန်ဆန်၏ ကြေးရုပ်တုဖွင့်ပွဲနှင့် ဂုဏ်ပြုဆုတောင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ စီတာပူမနောကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်က မြန်မာ့အားကစားကမ္ဘာကို လွှမ်းစေရမည်ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် ယနေ့ကချင်တိုင်းရင်းသား အောင်လအန်ဆန်က မြန်မာ့ဂုဏ်ဆောင် ကမ္ဘာ့ချန်ပီယံ အား ကစားသမားဖြစ်လာသည့် အတွက် ဝမ်းမြောက်ဂုဏ်ယူမိကြောင်း၊ လူငယ်တွေအနေဖြင့်လည်း အောင်လအန်ဆန်ကဲ့သို့ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဖြစ်လာစေရန် ကြိုးပမ်းအားထုတ်စေလိုကြောင်း တိုက်တွန်းပြောကြားသည်။



ယင်းနောက် ကြေးရုပ်တုပြုလုပ်ဂုဏ်ပြုခြင်းနှင့်ပတ်သက်၍ ကချင်ရိုးရာနှင့် ယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌ ဒူဝါထုံဖူးဒဂုဏ်က ရှင်းလင်းပြောကြားပြီး မြန်မာ့ဂုဏ်ဆောင်MMA ကမ္ဘာ့ချန်ပီယံ အောင်လအန်ဆန်အား ပွဲဖြစ်မြောက်ရေး တာဝန်ရှိသူများက ဂုဏ်ပြုရွှေတံဆိပ်ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တာဝန်ရှိသူများက ကရာတေးထူးချွန်ဆုရ ကချင်တိုင်းရင်းသား တိုင်းရင်းသူ အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုပွဲဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့ကြပြီး ခရစ်ယာန်ဓမ္မဆရာတော်များနှင့် ဘုန်းတော်ကြီးများက ဆုတောင်းဆက်ကပ်ပေးခြင်း၊ ဂုဏ်တော်သီချင်းများ သီဆိုဆက်ကပ်ခြင်းနှင့် အောင်လအန်ဆန်အတွက် ဂုဏ်ပြုတေးသီချင်းများ သီဆိုခြင်းတို့ကို ဆောင်ရွက်သည်။

ယင်းနောက် အောင်လအန်ဆန်၏ ကြေးရုပ်တုကို ပြည်နယ်ဝန်ကြီးချုပ်၊ ကချင်ရိုးရာနှင့် ယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌ ဒူဝါထုံဖူးဒဂုဏ်နှင့် ကချင်လူမျိုးများ အတိုင်ပင်ခံအဖွဲ့ဥက္ကဋ္ဌ ဒူဝါလထော်ခွန်ဆိုင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

◆ *ကျောဖုံးမှ*

လက်ရှိ မြန်မာပြည်ချန်ပီယံ ဒေဝသည် စိန်ခေါ်သူချန်ပီယံဟောင်း ထွန်းထွန်းမင်းနှင့် ယခင်နှစ်ကြိမ် ယှဉ်ပြိုင်ထိုးသတ်ထားပြီး ပထမအကြိမ်တွင် တစ်ဦးနှင့်တစ်ဦး အရှုံးအနိုင်မပေါ်ဘဲ သရေကျခဲ့ပြီး ဒုတိယအကြိမ်တွေ့ဆုံမှုတွင် အလဲထိုးဖြင့် အနိုင်ယူကာလက်ရှိ ချန်ပီယံခါးပတ်ကို ရယူခဲ့ခြင်းဖြစ်သည်။ ဒေဝသည် ပြီးခဲ့သော ၂၀၁၃ ခုနှစ်မှ စတင်ကာ မြန်မာ့ရိုးရာ လက်ဝှေ့ကို ပထမဆုံးအကြိမ် တူးတူးနှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ အစီးသရေကျခဲ့ပြီး မွေ့ထိုင်းလောကမှ ရိုးရာလက်ဝှေ့လောကသို့ ပြောင်းလဲထိုးသတ်လာသူဖြစ်သည်။ ရိုးရာလက်ဝှေ့ပွဲပေါင်းကိုးပွဲယှဉ်ပြိုင်ထိုးသတ်ထားပြီး ငါးပွဲသရေ၊ လေးပွဲအနိုင်ယူထားသူဖြစ်သည်။

စိန်ခေါ်သူထွန်းထွန်းမင်းကလည်း "ကျွန်တော်ဒီပွဲအတွက် စာချုပ်ချုပ်ဆိုပြီးကတည်းက အချိန်ယူကာ သေချာပြင်ဆင်ထားပါတယ်။ သူ့ကို ပြန်လည်စိန်ခေါ်ထိုးသတ်တာကလည်း ဒီလိုရိုးရာလက်ဝှေ့လောကမှာမြန်မာပြည် ချန်ပီယံဟာ မြန်မာပဲ ဖြစ်စေချင်တဲ့ စိတ်ကြောင့်ပါ။ ဒီပွဲဟာ ကျွန်တော့်အတွက် ရိုးရာလက်ဝှေ့လောကမှာ နောက်ဆုံးပွဲလည်း ဖြစ်နိုင်သလို၊ ဒီပွဲရလဒ်ပေါ်မှာ မူတည်ပြီး ဆက်ထိုးဖို့ ဆုံးဖြတ်သွားမှာပါ" ပြောကြားသည်။

မြန်မာ့ရိုးရာ လက်ဝှေ့ချန်ပီယံလုပွဲကြီးကို ဒီဇင်ဘာ ၁၆ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ကျင်းပသွားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကြီးကို Air KBZ Grand Final ဟု အမည် ပေးထားပြီး ပါဝင်ယှဉ်ပြိုင်ထိုးသတ်မည့် တွဲဆိုင်းများမှာ အောက်ချင်းလေးနှင့် အင်းသား၊ စောဒါဝိတ်နှင့် မာမွတ် (အီရန်)၊ ဗျူဂ္ဂနှင့် ဝီထရာ(ထိုင်း)၊ ထွန်းမင်းလတ်နှင့် တိုခဲရှိ (ဂျပန်)၊ မြန်မာပြည် ချန်ပီယံလုကြမည့် ဒေ့ဗ်(ဒေဝ)နှင့် ထွန်းထွန်းမင်း၊ အမျိုးသမီး ချန်ပီယံပွဲတွင် ဘရော်နီကာနှင့် ထိုင်းနိုင်ငံမှ ဟုန်ထောင်းတို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

ယခုပြိုင်ပွဲတွင် တစ်မူထူးခြားမှုအနေဖြင့် ခုံဒိုင်ချုပ် အဖွဲ့များထားသည့်အပြင် ဂျူရီဒိုင်များလည်း ထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

## အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ ယနေ့ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

(၁၉)ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲအုပ်စု နောက်ဆုံးပွဲစဉ်များကို ဒီဇင်ဘာ ၁၆ ရက် **(ယနေ့)** တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းအနေဖြင့် ဗိုလ်လုပွဲတက်ရောက်ရန် အဆုံးအဖြတ်ကစားရမည် ဖြစ်သည်။

အုပ်စုနောက်ဆုံးနေ့အဖြစ် ယနေ့ညနေ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိလေ့ကျင့်ရေးကွင်း(၃)၌ အိမ်ရှင်မြန်မာအသင်းနှင့် ထိုင်းအသင်း၊ ညနေ ၆ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိကွင်း၌ လာအိုအသင်းနှင့်မလေးရှား အသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

ဒီဇင်ဘာ ၁၄ ရက်ပွဲစဉ်များ အပြီးတွင် ထိုင်းအသင်းက ကိုးမှတ်ဖြင့် ဗိုလ်လုပွဲတက်သွားပြီဖြစ်ပြီး လက်ကျန်တစ်နေရာအတွက်ငါးမှတ်ရထားသည့် မြန်မာအသင်း၊ လေးမှတ်ရထားသည့် လာအိုအသင်းနှင့် နှစ်မှတ်ရထားသည့် မလေးရှားအသင်းတို့ မျှော်လင့်ချက်ရှိနေသည်။ မြန်မာအသင်းအနေဖြင့်ထိုင်းကိုအနိုင်ရမှသာ ဗိုလ်လုပွဲတက်ရန် သေချာမည်ဖြစ်ပြီး အခြားရလဒ်ထွက်ပေါ်ပါကလာအိုနှင့် မလေးရှားပွဲရလဒ်ကို စောင့်ကြည့်ရမည် ဖြစ်သည်။

ပြိုင်ပွဲကျင်းပသည့် ပုံစံအရ အမှတ်အများဆုံးနှစ်သင်းမှာ ဗိုလ်လုပွဲ၊ အဆင့် ၃၊ ၄ နေရာရအသင်းမှာ တတိယနေရာလုပွဲကစားရမည် ဖြစ်သည်။ **ညီမြတ်သော်တာ**

## မြန်မာတက္ကသိုလ်လှေလှော်အသင်း ငွေနှစ်ခု၊ ကြေးတစ်ခုထပ်မံရရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၅**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် (၁၉) ကြိမ်မြောက်အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲ၏ လှေပြိုင်ပွဲတတိယ နေ့ကိုယနေ့နံနက်ပိုင်းက ငလိုက်ဆည်၌ ကျင်းပရာ မြန်မာလှေလှော်အဖွဲ့က ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိခဲ့သည်။

မြန်မာလှေလှော်အဖွဲ့အတွက် ဆုတံဆိပ်များကို အပြည်ပြည်ဆိုင်ရာ လှေပြိုင်ပွဲမှ ငွေတစ်ခု၊ ကြေးတစ်ခု၊ ရိုးရာလှေပြိုင်ပွဲမှ ငွေတစ်ခုဆွတ်ခူးရရှိခဲ့သည်။ အပြည်ပြည်ဆိုင်ရာလှေပြိုင်ပွဲ၏ အမျိုးသမီးရှစ်ယောက် လှေပြိုင်ပွဲတွင် မြန်မာအသင်းကငွေတံဆိပ်ရခဲ့ပြီး ထိုင်းအသင်းက ရွှေတံဆိပ်ရခဲ့သည်။ ကြေးတံဆိပ်ဆုကိုမူ အမျိုးသားလေးယောက်လှေပြိုင်ပွဲမှ ရရှိခဲ့ပြီး အင်ဒိုနီးရှားက ရွှေတံဆိပ်၊ ထိုင်းကငွေတံဆိပ်ရခဲ့သည်။

ရိုးရာလှေပြိုင်ပွဲ၏ အမျိုးသား + အမျိုးသမီး မီတာ ၁၀၀၀ ပြိုင်ပွဲတွင် မြန်မာအသင်းသည်ငွေတံဆိပ်ဖြင့်ကျေနပ်ခဲ့ရပြီး ထိုင်းကရွှေတံဆိပ်၊ စင်ကာပူကကြေးတံဆိပ်ရခဲ့သည်။ မြန်မာအသင်းသည် ထိုင်းနှင့် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရပြီး ပန်းဝင်ခါနီးတွင် လှေဦးပိုင်းသာကွာပြီး ငွေတံဆိပ်ဖြင့် ကျေနပ်ခဲ့ရခြင်း ဖြစ်သည်။

မြန်မာလှေလှော်အဖွဲ့သည် တတိယနေ့အပြီးထိ ရွှေနှစ်ခု၊ ငွေလေးခု၊ ကြေးတစ်ခု ဆွတ်ခူးရရှိထားသည်။ ပြိုင်ပွဲနောက်ဆုံးနေ့ကို ဒီဇင်ဘာ ၁၆ ရက် (ယနေ့) တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ လှေပြိုင်ပွဲ ငါးမျိုး၊ ရိုးရာလှေပြိုင်ပွဲ တစ်မျိုးကျင်းပမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

❈ *ကျောဖုံးမှ*

နှစ်ပွဲ- တစ်ပွဲ၊ လာအိုအသင်းကို ၂၁-၁၂ မှတ်၊ ၂၅-၂၃ မှတ်ဖြင့် နှစ်ပွဲပြတ် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် ထိုင်း၊ လာအိုတို့နှင့် နောက်ဆုံးယှဉ်ပြိုင်ခဲ့သည့်နှစ်ပွဲမှာ အဆုံးအဖြတ်ဖြစ်ခဲ့ပြီး ထိုင်းနှင့်ပွဲမှာ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ရသည်။

ထိုင်းကို အနိုင်ရသောကြောင့် သုံးပွဲအနိုင်ရထားသည့် လာအိုနှင့်ပွဲမှာ ရွှေတံဆိပ်ဆုအတွက် အဆုံးအဖြတ်ဖြစ်ခဲ့ပြီး ပထမပွဲငယ်တွင် အခက်အခဲမရှိအနိုင်ရသော်လည်း ဒုတိယပွဲငယ်တွင် ၂၅-၂၃ မှတ်အထိ ယှဉ်ပြိုင်ခဲ့ရသည်။ ရွှေတံဆိပ်ရခဲ့သည့် မြန်မာပိုက်ကျော်ခြင်းအသင်းတွင် ဝေလင်းအောင်၊ အောင်ပြည့်ထွန်းနှင့် ထက်မြတ်သူတို့ ပါဝင်သည်။ မြန်မာပိုက်ကျော်ခြင်း အသင်းသည် ယနေ့အထိရွှေတစ်ခု၊ ငွေတစ်ခု ရထားသည်။ သုံးယောက်တွဲပြိုင်ပွဲကို ဒီဇင်ဘာ ၁၆ ရက် **(ယနေ့)** တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာ၊ ထိုင်း၊ လာအို၊ မလေးရှားနှင့် အင်ဒိုနီးရှားတို့ ယှဉ်ပြိုင်မည်ဖြစ်ကာ ပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

## မြန်မာပြေးခုန်ပစ်အဖွဲ့ ငွေတံဆိပ်တစ်ခု ထပ်မံရရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၅**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၉) ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များအားကစားပြိုင်ပွဲ၏ ပြေးခုန်ပစ်ပြိုင်ပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းက ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရာ မြန်မာပြေးခုန်ပစ်အဖွဲ့က ငွေတံဆိပ် တစ်ခုရရှိခဲ့သည်။ ယနေ့ကျင်းပသည့်ပွဲစဉ်များအနက် အမျိုးသမီး မီတာ ၅၀၀၀ ပြိုင်ပွဲတွင် ယဉ်ငြိမ်းအေးက ငွေတံဆိပ်ရခဲ့ခြင်းဖြစ်ပြီး ဗီယက်နမ်ကရွှေတံဆိပ်နှင့် စင်ကာပူက ကြေးတံဆိပ်ရခဲ့သည်။ ပြိုင်ပွဲတတိယနေ့တွင် မီတာ ၅၀၀၀ အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ လုံတံပစ်အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ အမျိုးသမီးအမြင့်ခုန်ပြိုင်ပွဲ၊ မီတာ ၁၀၀×၄ လက်ဆင့်ကမ်း အမျိုးသား ပြိုင်ပွဲ၊ အမျိုးသမီး ပြိုင်ပွဲ၊ မီတာ ၈၀၀ အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲတို့ ကျင်းပခဲ့သည်။ ပြိုင်ပွဲနောက်ဆုံးနေ့ကို ဒီဇင်ဘာ ၁၆ ရက် **(ယနေ့)**တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## မြန်မာ့ရုပ်မြင်သံကြား

၁၆-၁၂-၂၀၁၈ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်

၇း၀၀ - Breakfast News

၁၀း၀၀ - Sunday Talk

၁၁း၃၀ - BBC ခံစားကြည့်

၁၂း၃၀ - This Week's Special Interest

၁၂း၄၅ - မြန်မာဂန္ထဝင်ရုပ်ရှင် “ငါ့ညီ ငါ့မြေ ငါ့အမေ” ညွန့်ဝင်း၊ ဝင်းဗိုလ်၊ ကြည်ကြည်ဌေး၊ မြတ်မွန်၊ နှင်းဆီ ဒါရိုက်တာ-ညွန့်ဝင်း

**ညပိုင်း**

၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်ကြွေးမပြေ” (အပိုင်း-၄၉)

၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ

၂၀း၃၅ - ပညာရေးစကားဝိုင်း “တက္ကသိုလ်များတွင် ကျောင်းသား ကျောင်းသူများ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ပညာသင်ကြားရေး”

- “(၁၉) ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲ အစီအစဉ်”

- မြန်မာဂန္ထဝင်ရုပ်ရှင် “မေတ္တာရေစင်” (ဇာတ်သိမ်းပိုင်း) ဝင်းဗိုလ်၊ ခင်သန်းနု ဒါရိုက်တာ - ထွန်းမြင့်ထွန်း

# နေပြည်တော် လယ်ဝေးမြို့နယ် အေလာတွင် ဦးလေးဖြစ်သူက တူမအရင်းတော်စပ်သူအား သတ်၍ ရွှေထည်ပစ္စည်းများ ယူဆောင်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

နေပြည်တော် လယ်ဝေးမြို့နယ် အေလာကျေးရွာနေ ဦးဝင်းဇော်ဦး၏ သမီး မမိုးဝသန်(၈)နှစ် (ဒုတိယတန်း)မှာ ယမန်နေ့ နံနက် ၈ နာရီက မြို့သစ်အခြေခံမူလတန်းလွန်ကျောင်းသို့ နေအိမ်မှ စက်ဘီးဖြင့် ကျောင်းသွားတက်ခဲ့ပြီး နေ့လယ် ထမင်းစားချိန်၌ နေအိမ်သို့ ပြန်လည်ရောက်ရှိလာခြင်းမရှိသဖြင့် ကျောင်းသို့ သွားရောက်မေးမြန်းစဉ် ကျောင်းမတက်ကြောင်း သိရှိရသည်။

ထို့ကြောင့် မမိုးဝသန်အား ကူညီစုံစမ်းရှာဖွေပေးရန် အေလာနယ်မြေရဲစခန်းသို့ အကြောင်းကြားခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင်များက ၎င်းနှင့်အတူ လိုက်လံရှာဖွေခဲ့ရာ နေပြည်တော်လေဆိပ်၊ လေယာဉ်ကွင်း ခြံစည်းရိုးဝင်း ပိုင်အိုးနီးယားရုံး၏ အနောက်မြောက်ဘက် လေးဖာလုံခန့်အကွာရှိ အမှိုက်ပုံဟောင်းအနီး၌ မမိုးဝသန်အား ဒဏ်ရာများရရှိကာ သေဆုံးလျက်တွေ့ရှိရပြီး ၎င်းဝတ်ဆင်ထားသည့် ရွှေဆွဲကြိုးတစ်ကုံး၊ ရွှေလက်စွပ်တစ်ကွင်း၊ ရွှေနားဆွဲတစ်ရန်နှင့် စက်ဘီးတစ်စီး စုစုပေါင်း တန်ဖိုးငွေကျပ် ၈၀၀၀၀၀ တို့မှာ ပျောက်ဆုံးနေသည်ကို သိရှိရသည်။

**ခေါ်ယူစစ်ဆေး**

ပြစ်မှုကျူးလွန်သူအား စုံစမ်းဖော်ထုတ်ပေးရန် တိုင်တန်းချက်အရ အေလာနယ်မြေရဲစခန်းက နယ်မြေအတွင်း လိုက်လံစုံစမ်းခဲ့ရာ အခင်းဖြစ်နေ့နံနက်ပိုင်းက မမိုးဝသန်ကို ၎င်း၏ ဦးလေးဖြစ်သူ ကျော်ရဲ(ခ)ဇော်လင်းအောင်(၂၄ နှစ်) က ဆိုင်ကယ်တစ်စီးဖြင့် ခေါ်ဆောင်သွားကြောင်း သိရှိရ၍ ကျော်ရဲ (ခ) ဇော်လင်းအောင်ကို ခေါ်ယူစစ်ဆေးခဲ့သည်။

**စစ်ဆေးပေါ်ပေါက်**

စစ်ဆေးချက်အရ ကျော်ရဲ(ခ) ဇော်လင်းအောင်မှာ လောင်းကစားရှုံး၍ အကြွေးပေးရန်နှင့် ဆိုင်ကယ်ပြန်ရွေးရန် ငွေလိုသဖြင့် မမိုးဝသန်ကို မုန့်ကျွေးမည်ပြောဆိုကာ ခေါ်ဆောင်ခဲ့ကြောင်း၊ ထို့နောက် မမိုးဝသန်ကို ရွှေထည်ပစ္စည်းများပေးရန်တောင်းခဲ့ရာ မပေးဘဲ ငြင်းဆိုနေသဖြင့် အခင်းဖြစ်နေရာသို့ ခေါ်ဆောင်ကာ ဆွဲကြိုးဖြုတ်စဉ် အော်ဟစ်နေသောကြောင့် ပါးစပ်ပိတ်၍ လည်ပင်းအား ညှစ်ခဲ့ရာမှ သေဆုံးသွားခဲ့ကြောင်းနှင့် မမိုးဝသန် ဝတ်ဆင်ထားသည့် ရွှေထည်ပစ္စည်းများကို ဖြုတ်၍ ယူဆောင်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ကျော်ရဲ(ခ)ဇော်လင်းအောင်ကို ဖမ်းဆီးပြီး အေလာနယ်မြေရဲစခန်း၌ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# ပုဗ္ဗသီရိမြို့နယ်၌ ခရီးသွားယာဉ်များအား လေးခွဖြင့် ပစ်သူများကို ဖမ်းဆီးအရေးယူ

**တပ်ကုန်း ဒီဇင်ဘာ ၁၅**

နေပြည်တော် တပ်ကုန်းမြို့မေတ္တာရိပ် လူမှုကူညီရေး လူနာတင်ယာဉ်သည် တပ်ကုန်းမြို့ ခုတင် ၁၀၀ ဆေးရုံမှ အရေးပေါ်လူနာအား နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံသို့ပို့ဆောင်ပြီး အပြန် ဒီဇင်ဘာ ၁၅ ရက် နံနက် ၀၀း၁၅ နာရီခန့်က ပုဗ္ဗသီရိမြို့နယ် ကန်ဇွန်းအင်းကျေးရွာ မြောက်ဘက်(အုတ်တောင်ကုန်း) အရောက်တွင် လမ်းမဘေးမှ လေးခွဖြင့်အပစ်ခံရသဖြင့် ကားနောက်ခန်း(ဘယ်၊ ညာ)မှန်နှစ်ချပ် ကွဲသွားခဲ့သည်။

အလားတူ ယင်းနေရာတွင် ခရီးသည်တင်ယာဉ်နှင့် ပုဇွန်ဆိပ်ကျေးရွာ ဘုန်းကြီးကျောင်းကားအပါအဝင် ကားခုနစ်စီးခန့် လေးခွဖြင့် အပစ်ခံရ၍ ကားမှန်များ ကွဲကြေခဲ့ကြောင်းနှင့် လူများထိခိုက်မှုမရှိကြောင်း အနီးပတ်ဝန်းကျင်ကျေးရွာသားများ၏ ပြောပြချက်အရ သိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ နယ်မြေခံ ရဲတပ်ဖွဲ့နှင့် ဆရာတော်များ၊ ရပ်/ကျေး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ကြိုးစားဖော်ထုတ်မှုကြောင့် လေးခွနှင့်ပစ်သူ ပုဇွန်ဆိပ်ကျေးရွာမှ မောင်အာနိုး၊ မောင်နေထက်လင်း၊ မောင်အောင်မင်းသန့်နှင့် မောင်ချစ်မျိုးခန့်တို့ လေးဦးကို ထုံးဘိုရဲစခန်းက စစ်ဆေးအရေးယူလျက်ရှိကြောင်း သိရသည်။

**၀၁၃**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် နယ်မြေ(၂) အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ ခွဲခမောင်းဆိပ် ရဲကင်းစခန်းမှ ရဲအုပ် အောင်ရွှေသိန်း ဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံ အမှတ်(၃၄) နယ်ခြားစောင့်တပ် Mongjoypara ကင်းစခန်းမှ ဒုတိယစခန်းမှူး Naib Subedar Md. Ruhul Amin ဦးစီးသည့် တပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီ ၅၅ မိနစ်မှ ၁၁ နာရီ မိနစ် ၅၀ အထိ မိမိတို့နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ် မှတ်တိုင်(၄၁/၂) မှ(၄၂)ထိ နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# လယ်ဝေးမြို့နယ်၌ မူးယစ်ဆေးဝါး အပြား ၄၀၀ ဖမ်းဆီးရမိ

**လယ်ဝေး ဒီဇင်ဘာ ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်တွင် မူးယစ်ဆေးဝါးသယ်ဆောင်လာသူတစ်ဦး ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ မွန်းလွဲ ၁၂ နာရီခွဲက နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ် သန်းကျော်ဌေးသည် ရဲအုပ် နေလင်းကိုကိုနှင့် လယ်ဝေးမြို့နယ် အေလာနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် အေလာတိဏ္ဏဘုရားရင်ပြင်တွင် ခင်မောင်စိုး(ခ)ကိုစိုး (၁၈ နှစ်)အင်းသာကျေးရွာ သာဝတ္တိ လယ်ဝေးမြို့နေသူကို စစ်ဆေးရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ နှင့် ဆိုင်ကယ်တစ်စီးတို့ကို သိမ်းဆည်းရမိသည်။ အဆိုပါ ဖမ်းဆီးရမိသည့် မူးယစ်ဆေးပြားများကို တစ်ဆင့်ပြန်လည်ရောင်းချရန်ဖြစ်ကြောင်း ခင်မောင်စိုး(ခ)ကိုစိုးက ထွက်ဆိုသဖြင့် ၎င်းကို အေလာနယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**



# ယူကရိန်းနှင့်အမေရိကန်ရေတပ်အကြီးအကဲတို့ ယူကရိန်းဖမ်းဆီးခံသင်္ဘောများအကြောင်း ဆွေးနွေးမည်

**ဝါရှင်တန် ဒီဇင်ဘာ ၁၅**

ယူကရိန်းရေတပ်အကြီးအကဲသည် အမေရိကန် ရေတပ်အကြီးအကဲနှင့် ဝါရှင်တန်တွင် ယခုတစ်ပတ်တွေ့ဆုံမည်ဖြစ်ကြောင်း၊ ၎င်းတို့နှစ်ဦးတွေ့ဆုံမှုတွင် ရုရှားရေတပ်က မကြာသေးမီက ဖမ်းဆီးခဲ့သည့် ယူကရိန်း ရေတပ်သင်္ဘောသုံးစင်းအကြောင်း ဆွေးနွေးမည်ဖြစ်ကြောင်း အမေရိကန်အရာရှိတစ်ဦးက မကြာသေးမီက ပြောခဲ့သည်။

ကာ့ချ်ရေလက်ကြားကိုဖြတ်သန်းပြီး ပင်လယ်နက်မှ အဇော့ဗ်ပင်လယ်ကို ဖြတ်သန်းရန်ကြိုးစားခဲ့သည့်အတွက် ယူကရိန်းသင်္ဘောသုံးစင်းကို ရုရှားသင်္ဘောများက လွန်ခဲ့သည့်လက သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်းနှင့် ရုရှားက ယူကရိန်းသင်္ဘောသား ၂၄ ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

ပင်တဂွန် ပြောရေးဆိုခွင့်ရှိသူ အဲရစ်ပါဟွန်က ယူကရိန်း ရေတပ်ဗိုလ်ချုပ်ကြီး အိုင်ဟောဇော်ရွန်ချန်ကိုသည် အမေရိကန်ရေတပ်စစ်ဆင်ရေးအကြီးအကဲ ရေတပ်ဗိုလ်ချုပ်ကြီး ဂျွန်ရစ်ချက်ဆန်နှင့် တွေ့ဆုံမည်ဖြစ်ကြောင်း ပြောခဲ့သည်။

ရစ်ချက်ဆန်နှင့် အခြားပင်တဂွန်အရာရှိများသည် အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြု နယ်နိမိတ်အတွင်း ယူကရိန်းနိုင်ငံ၏ အချုပ်အခြာပိုင်နက်နှင့် ပတ်သက်ပြီး ထောက်ပံ့မှုများ လုပ်ဆောင်မည့် အစီအစဉ်များကို ဆွေးနွေးကြမည် ဖြစ်ကြောင်းနှင့် ရေယာဉ်များ နိုင်ငံပိုင်ရေပိုင်နက်များ ဖြတ်ကျော်သွားလာခွင့်နှင့် ပတ်သက်ပြီး ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

ကာ့ချ်ရေလက်ကြားတွင် ရုရှားနှင့် ယူကရိန်းသင်္ဘောများလွတ်လပ်စွာ ဖြတ်သန်းသွားလာခွင့်ရှိသည့် သဘောတူညီချက်ကို ရုရှားသင်္ဘောများက ချိုးဖောက်သည်ဆိုကာ အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျင်မက်တစ်က အစောပိုင်းလက ပြစ်တင်ပြောကြားခဲ့သည်။

ရုရှား၏ ရန်လိုမှုအပေါ် ယူကရိန်းအနေဖြင့် သံတမန်နည်းလမ်းနှင့် ငြိမ်းချမ်းစွာ အဖြေရှာနိုင်ရေး အမေရိကန်က ထောက်ပံ့မှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပါဟွန်က ပြောခဲ့သည်။ယူကရိန်းနိုင်ငံခြားရေးဝန်ကြီးက ရုရှားနိုင်ငံအပေါ် နိုင်ငံတကာ တုံ့ပြန်မှုများ မြန်မြန်ဆန်ဆန်လုပ်ဆောင်ရန် တိုက်တွန်းလိုက်ကြောင်းလည်း သိရသည်။

**အေအက်ဖ်ပီ**




ခရိုင်းမီးယားဒေသ ကာ့ချ်ရေလက်ကြားတွင် နိုဝင်ဘာ ၂၅ ရက်က ရုရှားတို့ ဖမ်းဆီးခဲ့သည့် ယူကရိန်းသင်္ဘောသုံးစင်းကို တွေ့ရစဉ်။

# အမေရိကန် အိမ်ဖြူတော်၏ အရာရှိချုပ်သစ်အဖြစ် တောင်ကယ်ရိုလိုင်းနားပြည်နယ် ရီပတ်ဘလစ်ကန် လွှတ်တော်အမတ်ဟောင်းတစ်ဦးကို ခန့်အပ်မည်

**ဝါရှင်တန် ဒီဇင်ဘာ ၁၅**

အမေရိကန်အိမ်ဖြူတော်၏ အရာရှိချုပ်အဖြစ် လက်ရှိတာဝန်ယူဆောင်ရွက်နေသော ဂျွန်ကယ်လီသည် ယခုနှစ်ကုန်ပိုင်းတွင် နုတ်ထွက်တော့မည်ဖြစ်ရာ ၎င်းနေရာတွင် ယာယီအစားထိုးသည့်အနေဖြင့် လူသစ်တစ်ဦးအား ခန့်အပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။



ဂျွန်ကယ်လီနေရာတွင် အစားထိုးခန့်အပ်သွားမည့် တောင်ကယ်ရိုလိုင်းနားပြည်နယ် ရီပတ်ဘလစ်ကန် လွှတ်တော်အမတ်ဟောင်းတစ်ဦးဖြစ်သူ မစ်ခ်မူဗာနေးကို တွေ့ရစဉ်။

ဂျွန်ကယ်လီနေရာတွင် ပြည်ထောင်စုအစိုးရရုံး၏ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ညွှန်ကြားရေးမှူးအဖြစ် လက်ရှိတာဝန်ထမ်းဆောင် နေသော မစ်ခ်မူဗာနေးကို ခန့်အပ်သွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မကြာသေးမီက ပြောကြားလိုက်သည်။

မစ်ခ်မူဗာနေးသည် တောင်ကယ်ရိုလိုင်းနားပြည်နယ်မှ ရီပတ်ဘလစ်ကန် လွှတ်တော်အမတ်ဟောင်းတစ်ဦးလည်းဖြစ်သည်။

အိမ်ဖြူတော်အရာရှိချုပ်ရာထူးမှ နုတ်ထွက်တော့မည့် ဂျွန်ကယ်လီသည် တိုင်းပြည်တာဝန်ကို ထူးထူးချွန်ချွန် ထမ်းဆောင်ခဲ့သူတစ်ဦးဖြစ်ကြောင်း အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်က ၎င်း၏ တွစ်တာလူမှုကွန်ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ထို့အတူ ဂျွန်ကယ်လီအနေဖြင့် ယခုနှစ်ကုန်ပိုင်းတွင် အိမ်ဖြူတော်မှ နုတ်ထွက်မည်ဆိုသည့်အကြောင်းကိုလည်း လွန်ခဲ့သည့် ရက်သတ္တပတ်က သမ္မတထရမ့်က ကြေညာခဲ့ကြောင်း သိရသည်။

သို့သော်လည်း ပြီးခဲ့သည့် အင်္ဂါနေ့တုန်းက အိမ်ဖြူတော်အရာရှိချုပ် အသစ်အဖြစ် ခန့်အပ်ရန် အမေရိကန်သမ္မတထရမ့် ရွေးချယ်ထားသည့် နစ်အေရာက ယခုတာဝန်ကို ယူရန် လက်မခံခဲ့ကြောင်းလည်း သိရသည်။

**အေအက်ဖ်ပီ**

## တူရကီ ၂၀၁၆ အာဏာသိမ်းမှုနှင့် ဆက်နွှယ်သည်ဟု ယူဆသူ ၂၁၉ ဦးကို ဖမ်းဝရမ်းထုတ်

**အန်ကာရာ ဒီဇင်ဘာ ၁၅**

တူရကီနိုင်ငံတွင် ၂၀၁၆ ခုနှစ်က စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုနှင့် ဆက်နွှယ်သည်ဟု ယူဆရသည့် စစ်သားအနည်းဆုံး ၂၁၉ ဦးကိုဖမ်းဆီးရန် တူရကီအာဏာပိုင်များက မကြာသေးမီက ဖမ်းဝရမ်းထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါသံသယရှိသူများအားလုံးသည် လက်ရှိတာဝန်ထမ်းဆောင်နေသူများ ဖြစ်ပြီး ဗိုလ်မှူးကြီးလေးဦးလည်းပါဝင်ကြောင်း အင်တီဗွီအသံလွှင့်ဌာနက ဖော်ပြထားကြောင်း သိရသည်။

အစ္စတန်ဘူလ် ပြည်သူ့ရှေ့နေချုပ်ရုံးက အဆိုပါ သံသယရှိသူများကို ဖမ်းဆီးရန် ညွှန်ကြားချက်များ ထုတ်ပြန်ပြီးနောက် ရဲတပ်ဖွဲ့က လိုအပ်သော စစ်ဆင်ရေးများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

အမေရိကန်အခြေစိုက် တူရကီဘုန်းတော်ကြီး ဖာသူလာဂူလန်နှင့် ၎င်း၏ ကွန်ရက်က ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် မအောင်မမြင်ဖြစ်ခဲ့သည့် အာဏာသိမ်းမှုကို ကြိုးကိုင်ခဲ့သည်ဟု တူရကီအစိုးရက ပြောခဲ့သည်။

ထို့အတူ မကြာသေးမီရက်များကလည်း ဂူလန်လှုပ်ရှားမှုနှင့် ချိတ်ဆက်မှုရှိသည်ဟု စစ်ဘက်ဆိုင်ရာ သံသယရှိသူများအပေါ် အပြင်းအထန် စစ်ဆင်ရေး လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# အီးယူမှ ဗြိတိန်ထွက်ခွာရေး ဆက်လက်ဆွေးနွေးစရာများ ကျန်သေးကြောင်း ထရီဆာမေဆို

**ဘရပ်ဆဲလ် ဒီဇင်ဘာ ၁၅**

ဗြိတိန်နှင့် အီးယူတို့သည် ဘရီးဇစ် (ဗြိတိန်မှအီးယူထွက်ခွာရေး) အရေး ဆက်လက်ဆွေးနွေးစရာများ ရှိနေသေးကြောင်း ဝန်ကြီးချုပ် ထရီဆာမေက မကြာသေးမီက ပြောကြားခဲ့သည်။

ထရီဆာမေ၏ အီးယူမှ ထွက်ခွာရေးနှင့် ပတ်သက်ပြီး ကျိန်းသေ လုပ်ဆောင်ရန် မေတ္တာရပ်ခံမှုအပေါ် အီးယူတာဝန်ရှိသူများက ငြင်းဆန်ခဲ့သည်ဆိုသည့်စကားမှာ မမှန်ကြောင်း ထရီဆာမေက ပြောကြားလိုက်သည်။

အိုင်းရစ်နယ်စပ်အရေးနှင့်ပတ်သက်ပြီး ပြန်လည်ပြင်ဆင်မှုများ လုပ်ဆောင်ရန် လိုအပ်ကြောင်း အီးယူ ၂၇ နိုင်ငံ၏ ကြေညာချက်အပေါ် ဝန်ကြီးချုပ် ထရီဆာမေက ကြိုဆိုခဲ့သည်။

ပုံမှန်အဆုံးသတ်အနေဖြင့် အခုလို ကတိကဝတ်တွေသည် ဥပဒေဘောင်ဝင်ကြောင်း၊ ထို့ကြောင့် ၎င်းတို့ကို ကြိုဆိုရမည်ဖြစ်ကြောင်း၊ ဘရပ်ဆဲလ်အစည်းအဝေးပြီးနောက် သတင်းထောက်များကို ထရီဆာမေက ပြောခဲ့သည်။ သို့သော်လည်း ပါလီမန်အဖွဲ့ဝင်များအနေဖြင့် ဘရီးဇစ်အရေး သေချာအောင်ထပ်မံ လုပ်ဆောင်ရမည်ဖြစ်ကြောင်း ထရီဆာမေက ပြောကြားခဲ့သည်။

အီးယူကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တက်ခ်၊ အီးယူကော်မရှင်ဥက္ကဋ္ဌ ဂျင်ကလောဒ် ဂျန်ကာနှင့် အခြားအီးယူအရာရှိများနှင့် ဘရပ်ဆဲလ်တွင် ဒီဇင်ဘာ ၁၄ ရက်က တွေ့ဆုံပြီးနောက် ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေက ဘရီးဇစ်အရေး ဆွေးနွေးမှုများကို နောက်တစ်ပတ်တွင် ထပ်မံလုပ်ဆောင်မည် ဖြစ်ကြောင်း ပြောခဲ့သည်။

အီးယူအနေဖြင့် ယခုအချိန်အထိ နောက်ထပ်မည်သည့် ကြေညာချက်မှ ထပ်မံကြေညာချင်ပုံ မပေါ်သေးကြောင်း ထရီဆာမေက မှတ်ချက်ပြုပြောကြားခဲ့သည်။

“အီးယူကတော့ ရှင်းပါတယ်။ မိမိတို့အနေနဲ့ သဘောတူညီချက်နဲ့ နောက်ဆုံးမှာ အီးယူမှ ထွက်ခွာနိုင်ရေးပဲဖြစ်ပါတယ်” ဟု ထရီဆာမေက ဆက်လက်ပြောကြားခဲ့သည်။ အီးယူမှ ဗြိတိန်ထွက်ခွာရေး သဘောတူညီချက်ကို ဗြိတိန်ပါလီမန်က သဘောတူညီရန်လိုကြောင်း၊ ထို့ကြောင့် နောက်ထပ် ထပ်မံဆွေးနွေးရန်လိုကြောင်း သိရသည်။

အီးယူမှ ဗြိတိန်ထွက်ခွာနိုင်ရေး အကောင်းဆုံး သဘောတူညီချက်ရရှိမည်ဟု မိမိအနေဖြင့် ယုံကြည်ကြောင်း၊ ယခုမိမိတို့ရရှိထားသော သဘောတူညီမှုသည် အကောင်းဆုံး သဘောတူညီမှု တစ်ခုဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေက ပြောခဲ့သည်။

**အေအက်ဖ်ပီ**



ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေကို တွေ့ရစဉ်။

# အီးယူ-ဂျပန် စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် လွတ်လပ်တဲ့ကုန်သွယ်မှုတစ်ခု ဖြစ်လာတော့မှာလား

**ထွန်းသစ်စ**

ဥရောပသမဂ္ဂဟာ မကြာသေးမီက ဂျပန်နိုင်ငံနဲ့ သဘောတူညီချက်တစ်ခု ရရှိခဲ့ပါတယ်။ အဲဒီသဘောတူညီချက်ကို ကမ္ဘာ့အကြီးမားဆုံး ကုန်သွယ်ရေးသဘောတူညီချက်လို့ ခေါ်ဆိုလို့ ရနိုင်ပါတယ်။ သူ့ရဲ့ စီးပွားရေး လွှမ်းခြုံနိုင်မှုကတော့ ကမ္ဘာ့ဂျီဒီပီရဲ့ တတိယအဆင့်လောက်ရှိတယ်လို့ သိရပါတယ်။




တိုကျိုဆိပ်ကမ်းတွင် ကုန်တင်ကုန်ချလုပ်နေသော ကုန်သေတ္တာများကို တွေ့ရစဉ်။

**လွတ်လပ်တဲ့ ကုန်သွယ်မှုတစ်ခုဖြစ်**

အဲဒီသဘောတူညီချက်ဟာ လာမယ့်နှစ် ဖေဖော်ဝါရီလမှာ စတင်အကျိုးဝင်မယ်လို့သိရပြီး ဒါဟာ ဥရောပအတွက်ကတော့ ကိုယ်ကျိုးစီးပွားကာကွယ်မှုတွေလုပ်နေတဲ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နဲ့ အီးယူမှ ထွက်ခွာမယ့် ဗြိတိန်ရဲ့ဆုံးဖြတ်ချက်စတဲ့ အချက်တွေကို ကာကွယ်ရင်ဆိုင်သွားနိုင်မယ့် လွတ်လပ်တဲ့ ကုန်သွယ်မှုဆိုင်ရာ အောင်မြင်မှုတစ်ခုပဲ ဖြစ်ပါတယ်။

"ကျွန်တော်တို့ ဂျပန်နိုင်ငံနဲ့ စီးပွားရေးမိတ်ဖက်လုပ်နိုင်တာဟာ အခုဆိုရင် အမှန်တကယ်ကို အကောင်အထည်ပေါ်လာတော့မှာ ဖြစ်ပါတယ်" လို့ အီးယူကုန်သွယ်ရေးအကြီးအကဲ ဆယ်ဆီလီယာ မန်စထရောင်းက ပြောပါတယ်။

**အတည်ပြုခဲ့**

ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေရဲ့ အစီအစဉ်အတိုင်း အီးယူမှ နုတ်ထွက်ဖို့အရေး ကျားကုတ်ကျားခဲ ကြိုးစားနေရတဲ့ အခြေအနေမှာတောင် အီးယူက အခုလို ဂျပန်နဲ့ ကုန်သွယ်ရေးသဘောတူညီချက်ကို အတည်ပြုခဲ့တာ ဖြစ်ပါတယ်။

သို့သော်လည်း တကယ်ဖြစ်သင့်တာကတော့ အကယ်၍ ဗြိတိန်သာ အီးယူက မနုတ်ထွက်ခဲ့ဘူးဆိုပါက အခုလိုမျိုး ကုန်သွယ်ရေးသဘောတူညီချက်ဟာ ဗြိတိန်နဲ့ ပိုပြီးသင့်တော်တယ်လို့ တချို့ အီးယူခေါင်းဆောင်တွေက သုံးသပ်ပါတယ်။

"လတ်တလောမှာ ဗြိတိန်နဲ့ ပတ်သက်တဲ့ အရာအားလုံးဟာ မတည်ငြိမ်သေးပါဘူး။ သို့သော်လည်း တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ကျွန်တော်တို့ တစ်ခုခုကိုတော့ ညှိနှိုင်းလို့ ရနိုင်ပါလိမ့်မယ်" လို့ အီးယူကုန်သွယ်ရေးအကြီးအကဲ ဆယ်ဆီလီယာ မန်စထရောင်းက ပြောပါတယ်။

**ဘရိဇ်စ်အရေး နောက်ကျဖွယ်ရှိ**

ဗြိတိန်အရေးဟာ ဂျပန်နဲ့ ကုန်သွယ်မှုဆိုင်ရာ သဘောတူညီမှုအရေးထက် ပိုပြီး နောက်ကျဖွယ်ရှိနေကြောင်းလည်း မန်စထရောင်းက ဆက်ပြောပါတယ်။

လူဦးရေပေါင်း သန်း ၆၃၀ ကျော်လောက်ကို လွှမ်းခြုံမှုလုပ်နိုင်ရုံတင်မကဘဲ စီးပွားရေးမှာလည်း ကမ္ဘာ့တတိယအကြီးဆုံး ထုတ်လုပ်မှုတွေ လုပ်နိုင်မယ့် အီးယူ-ဂျပန် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်ကို လွန်ခဲ့တဲ့ ၂၀၁၃ ခုနှစ်ကတည်းက ဆွေးနွေးခဲ့ကြောင်းလည်း သိရပါတယ်။

**လက်ခံကြိုဆို**

စီးပွားရေးအကျိုးမျှော်သမားတွေကတော့ အခုလို အီးယူ-ဂျပန် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်ကို လက်ခံကြိုဆိုကြတယ်လို့လည်း သိရပါတယ်။

အီးယူ-ဂျပန် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်ကို လက်ခံလိုက်ခြင်းအားဖြင့် ဥရောပပါလီမန်ဟာ ဘယ်စီးပွားရေးဟာတော့ ဘယ်လိုမျိုးဆိုတာကို သတ်သတ်မှတ်မှတ် လုပ်ဆောင်ဖို့တော့ လိုအပ်လာနိုင်တယ်လို့ ကျွမ်းကျင်သူအချို့က ပြောပါတယ်။

အီးယူ-ဂျပန် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်ဟာ နှစ်နိုင်ငံရဲ့ စီးပွားရေးဆိုင်ရာ တင်ပို့မှုများတိုးတက်လာအောင် လုပ်ဆောင်ခြင်းဖြစ်ပြီး အီးယူဘက်က ၃၄ ရာခိုင်နှုန်းနဲ့ ဂျပန်နိုင်ငံဘက်က ၂၉ ရာခိုင်နှုန်း တင်ပို့နိုင်ရေးအတွက် စီစဉ်ထားပါတယ်။

**အကျိုးများစေ**

ဥရောပမှာ အခွန်ကောက်ခံမှုနှုန်းထားများ ဖယ်ရှားလိုက်ခြင်းကြောင့် သုံးစွဲသူတွေနဲ့ တင်သွင်းသူတွေကို တစ်နှစ်ကို ယူရိုတစ်သန်းလောက် သက်သာစေပြီး အလုပ်အကိုင်များ တိုးတက်မှုရှိအောင် ကူညီထောက်ပံ့ပေးနိုင်တဲ့အတွက် ကုမ္ပဏီတွေနဲ့ နိုင်ငံသားတွေအတွက် အကျိုးများစေပါတယ်။

တကယ်လို့သာ အီးယူ-ဂျပန် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်ကို လုံးဝအကောင်အထည်ဖော်ဆောင်နိုင်ပါက အီးယူလယ်ယာထွက်ကုန် ၈၅ ရာခိုင်နှုန်းလောက် ဂျပန်နိုင်ငံကို တင်ပို့တဲ့နေရာမှာ အခွန်ကင်းလွတ်ခွင့် ရရှိမှာဖြစ်ပါတယ်။

**အပြန်အလှန်သဘောတူမှု**

အမဲသားလိုမျိုး အကောက်ခွန်ပေးရမယ့်ဟာမျိုးကို လျှော့ချသွားပြီး ဂျပန်နိုင်ငံရဲ့ဂုဏ်အယူရဆုံးဖြစ်တဲ့ ဆန်တင်ပို့မှုကိုတော့ အခုလို သဘောတူညီမှုမှ ဖယ်ထားတယ်လို့ သိရပါတယ်။

ဂျပန်နိုင်ငံအနေနဲ့လည်း ဥရောပရဲ့ နာမည်ရှိ ကုန်ပစ္စည်းတွေရဲ့ အမည်နဲ့ အရည်အသွေးကို ကာကွယ်တဲ့အနေနဲ့ ထုတ်လုပ်ပစ္စည်း ၂၀၀ ကျော်လောက်ကို အသိအမှတ်ပြုပေးဖို့ သဘောတူခဲ့ရတာလည်း ရှိပါတယ်။

ဂျပန်နိုင်ငံဟာ ဥရောပမိုဘိုင်းဈေးကွက်ကိုလည်း မည်သည့်ပေးချေမှုမှ မရှိဘဲ အလကားရရှိမယ်လို့ သိရပါတယ်။ အပြန်အလှန် သဘောတူညီမှုလေးတွေတော့ ရှိပါတယ်။

**ဒါဟာ စီးပွားရေးပဲ**

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ကမ္ဘာလုံးပုံစံဖြစ်လာတဲ့အပေါ်နဲ့ တခြား အီးယူကုန်သွယ်ရေး သဘောတူညီချက်တွေအပေါ် သဘောမတူတဲ့သူတွေကတော့ ဒီအပေါ် သိပ်သဘောကျဟန်မတူပါဘူး။

သူတို့တွေ ဘယ်လိုပဲဆိုဆို မန်စထရောင်းကတော့ ကုန်သွယ်ရေးသဘောတူညီချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ဝေးလံခေါင်ဖျားတဲ့ နိုင်ငံတွေနဲ့ ကုန်သွယ်ရေးလုပ်ရမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဒါဟာ စီးပွားရေးပဲလို့ ပြောခဲ့ပါတယ်။

နောက်ဆုံးမှာတော့ စားသုံးသူတွေက ဆုံးဖြတ်သွားကြလိမ့်မယ်လို့ ၎င်းက ပြောပါတယ်။ တချို့က ဒေသထွက်ကုန်တွေကို ကြိုက်နှစ်သက်သလို တချို့ကလည်း နိုင်ငံခြားထွက်ကုန်တွေကို ကြိုက်နှစ်သက်နိုင်ပါတယ်။ သို့သော်လည်းပဲ ဥရောပဟာ ဂျပန်နဲ့ ကုန်သွယ်မှုလုပ်တဲ့အခါမှာ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်တဲ့ ဝေးလံတဲ့ သင်္ဘောလမ်းကြောင်းတွေကိုတော့ လျှော့ချသွားမယ်လို့ သိရပါတယ်။

**ကမ္ဘာ့အချမ်းသာဆုံး ဈေးကွက်တစ်ခုဖြစ်စေ**

အခုလိုမျိုး ဂျပန်နိုင်ငံနဲ့ ကုန်သွယ်ရေးဆိုင်ရာ စာချုပ်ချုပ်ဆိုနိုင်ခြင်းဟာ အီးယူကို ကမ္ဘာ့အချမ်းသာဆုံး ဈေးကွက်တစ်ခုဖြစ်လာစေမှာ ဖြစ်ပါတယ်။

တစ်ဖက်ကကြည့်မယ်ဆိုရင် ဂျပန်နိုင်ငံဟာ စီးပွားရေးဖွံ့ဖြိုးမှုကို အာရုံစိုက်နေတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တဲ့အတွက် အခုလို အလှမ်းကျယ်တဲ့ စီးပွားရေးပုံစံကို လုပ်ဆောင်ရမှာပဲ ဖြစ်ပါတယ်။

မည်သို့ပင်ဆိုစေ အခုလိုမျိုး အီးယူ-ဂျပန် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်ကို အကောင်အထည်ဖော်နိုင်ဖို့ ကြိုးစားနေခြင်းဟာ နှစ်နိုင်ငံသာမက တခြားသက်ဆိုင်ရာ နယ်ပယ်ကဏ္ဍများမှာပါ အကျိုးကျေးဇူးဖြစ်ထွန်းနိုင်မှာ ဖြစ်ပါကြောင်း။ ။

**ကိုးကား- အေအက်ဖ်ပီ**

**"ဥရောပမှာ အခွန်ကောက်ခံမှုနှုန်းထားများ ဖယ်ရှားလိုက်ခြင်းကြောင့် သုံးစွဲသူတွေနဲ့ တင်သွင်းသူတွေကို တစ်နှစ်ကို ယူရိုတစ်သန်းလောက် သက်သာစေပြီး အလုပ်အကိုင်များ တိုးတက်မှုရှိအောင် ကူညီထောက်ပံ့ပေးနိုင်တဲ့အတွက် ကုမ္ပဏီတွေနဲ့ နိုင်ငံသားတွေအတွက် အကျိုးများစေ"**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၅-၁၂-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၄၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၅၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၄၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၅၅/၉၇၀ | ကျပ် | ၉၈၀/၉၈၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၆၅/၉၈၀ | ကျပ် | ၉၉၅/၁၀၀၅ | ကျပ် |
| အောက်တိန်း ၉၂ | ၇၉၅/၈၁၀ | ကျပ် | ၈၅၀/၈၆၅ | ကျပ် |
| အောက်တိန်း ၉၅ | ၈၆၀/၈၇၅ | ကျပ် | ၉၂၀/၉၂၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၈၁ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၉၆ · ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၅၂ · ၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၉၇ · ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၉၃ · ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၃၉ · ၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၉ · ၇၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ · ၀၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၄၀ · ၁၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၈ · ၀၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ · ၂၈၂ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး(တာဝန်) | - | ဝင်းကျော် |
| စာတည်းမှူး | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| စာတည်းများ | - | ကြည်ဝင်း၊ ခြူးစန္ဒီမွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |


mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS


**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR DigitalNews Presented by NPE www.mdn.gov.mm


HTOO
သရီး... ကွာ
ဟဲ့ခွေး...
ဟဲ့ခွေး...
အား...
ဝုတ်...
မှတ်ထား ပါမယ်


ဖြူးငယ်




သက်စိုး
နင့်အဒေါ်တွေ စက်ဘီးနင်းတဲ့စက် ဝယ်လိုက်တယ်ဆို !
အေး၊ ဟုတ်တယ်၊ တစ်နေ့တခြား ဝဝလာလို့ ကိုယ်အလေးချိန် ဝိတ်ချချင်လို့ဆိုပဲ၊
ဪ ၊၊ ဝိတ်တော်တော်ကျသွားပြီလား၊ လျှော့နေပြီပေါ့ ၊၊
လူမစုံကြသေးလို့ စက်ကိုမသုံးရသေးပါဘူးဟာ၊
စက်ဘီးနင်းတာများ လူစုံစရာ လိုလို့လား၊
စက်ဖွင့်ပွဲ ကျင်းပပြီးမှ ကစားမှာတဲ့ ...
ဘယ်လိုဖွင့်ပွဲလဲ၊
ကြေးအိုးတွေ ခေါက်ဆွဲကြော်တွေ အကင်တွေ ဖိုင်တွေ စားကြသောက်ကြပြီး ဖွင့်မှာ၊
ဟယ် ပိန်ဦးမယ်၊


ငါးကလေး
နှင့်
ပင်လယ်ပြင်
ကာတွန်း
ပင်လယ်ရေပြင်က အကျယ်ကြီးပါလား ပျော်စရာကြီး
သား အဝေးကြီးကို မသွားနဲ့ တွေ့ကရာလည်းမစားနဲ့နော်
ဟုတ်
ပေး ပေး ငါအရင် တွေ့တာ
မပေးဘူး ငါ့ဥစ္စာ..ငါ့ဥစ္စာ
ဟဲ့ ဟဲ့ အဲ့ဒါကို မလုကြနဲ့ ထွေးထုတ်လိုက်
အဲ့ဒါ စားစရာမဟုတ်ဘူး လူတွေက စည်းမဲ့ ကမ်းမဲ့ ပစ်ချလိုက်တဲ့ ကြွပ်ကြွပ်အိတ်ကြီး
ဝေလငါးကြီးတောင် အဲ့ဒါမျိုးတွေ စားမိလို့ သေပြီတဲ့
သတိထားမှ
ဪ..ဒါက စားစရာမဟုတ် မဟုတ်ဘူးကိုး
ဟုတ်တယ် သားတို့ သင်ယူစရာ အများကြီးရှိသေးတယ်


ဘယ်ကျော်
သား ပုံပြောပြ မယ်အန်တီလေး...
ဟုတ်ကဲ့... ပြောပြပါရှင်...
ဟိုးရှေးရှေးတုန်းက ဗာရာဏသီပြည်ကြီးမှာ ...ဘာ မင်းကြီးအုပ်စိုးသတဲ့ ...
တစ်နေ့တော့ဘာမြစ်ထဲမှာ ဘာသီးကြီးတစ်လုံးမျောလာသတဲ့...။ ဘာမင်းကြီးက ဘာသီးကြီးကိုဆယ်ပြီး...
ဘာဓားကြီးနဲ့ခွဲကြည့်လိုက် တော့အထဲမှာဘာမှမရှိဘူးတဲ့...။ ပုံပြင်ပြီးပြီ အန်တီလေး...
အင်း...ပုံပြင်က ကောင်းတော့ကောင်းပါရဲ့ ။ ဒါ ပေမယ့်သင်ခန်းစာလည်း မပါဘူး...
သက်နိုးစ...ဟုတ်လား။ သက်နိုးစ က... ပုံပြင်ထဲမှာတော့မပါဘူး...အန်တီလေးရဲ့။ အိမ်ကိုဆွမ်းခံကြွတဲ့ကိုယ်တော့်ဆီတောင်း မှရမှာ...
!
အန်တီလေးပြောတာ သက်နိုးစ မဟုတ်ပါဘူး ဘယ်ကျော် ရယ်...။ သင်ခန်းစာပါ...
ဟီး... သိပါဘူး...

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)ရှိ သိုလှောင်ကန် (B-101, B-601, B-211) တို့ရှိ ဒီဇယ်ဆီများကို မျက်မြင်အခြေအနေအတိုင်း သိုလှောင်ကန်အပြောင်းရွှေ့စနစ်ဖြင့်လည်းကောင်း၊ အမှတ် (၂) ရေနံချက်စက်ရုံ(ချောက်)နှင့် ရေနံဓာတ်ငွေ့ရည်စက်ရုံ(မင်းဘူး)တို့မှ ထွက်ရှိသည့် စက်သုံးဆီများကိုလည်းကောင်း အောက်ပါအတိုင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါ၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် (၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | စက်ရုံ | ဆီအမျိုးအမည် | ပမာဏ (ဂါလန်) | တင်ဒါပိတ်ချိန် |  | တင်ဒါဖွင့်ချိန် |  |
|---|---|---|---|---|---|---|---|
|  |  |  |  | နေ့ရက် | နာရီ | နေ့ရက် | နာရီ |
| (၁) | သန်လျင် | ဒီဇယ်ဆီ | ၄၇၁၉၇ | ၁၇-၁-၂၀၁၉ | ၁၃:၀၀ | ၁၇-၁-၂၀၁၉ | ၁၄:၀၀ |
|  | ချောက် | ဓာတ်ဆီအဖြူ | ၂၅၀၀၀၀ | ။ | ။ | ။ | ။ |
|  | မင်းဘူး | Light Naphtha | ၁၀၀၀၀၀ | ။ | ။ | ။ | ။ |
|  | ချောက် | Blue Oil | ၉၅၁၆၄ | ။ | ။ | ။ | ။ |
| (၂) | ချောက် | ဓာတ်ဆီအဖြူ | ၃၅၀၀၀၀ | ၆-၂-၂၀၁၉ | ၁၃:၀၀ | ၆-၂-၂၀၁၉ | ၁၄:၀၀ |

၂။ သတ်မှတ်ထားသည့် တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ Website တွင် တင်ဒါဖွင့်လှစ်မည့် ရက်မတိုင်မီ (၁)ပတ်အလို Download ရယူလျှောက်ထားနိုင်ပါသည်။
၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂သို့ ရုံးချိန်အတွင်း ဆက်သွယ်၍မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်)မှ ထုတ်လုပ်သည့် ရေနံထွက်ပစ္စည်းများအား အောက်ပါအတိုင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါ၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် (၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | စက်ရုံ | ဆီအမျိုးအမည် | ပမာဏ (ဂါလန်သိန်း) | တင်ဒါပိတ်ချိန် |  | တင်ဒါဖွင့်ချိန် |  |
|---|---|---|---|---|---|---|---|
|  |  |  |  | နေ့ရက် | နာရီ | နေ့ရက် | နာရီ |
**တင်ဒါလျှောက်လွှာယူရမည့်ရက်** - ၁၈-၁၂-၂၀၁၈ရက်မှ ၂-၁-၂၀၁၉ရက်အထိ

**တင်ဒါဖွင့်လက်ခံမည့်ရက်နှင့်အချိန်** - ၃-၁-၂၀၁၉ရက် နံနက် ၁၀း၀၀နာရီ

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၃-၂၈၃၉၀သို့ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၉၄၈၇၄ Honda Wave 110 ဆိုင်ကယ်ယာဉ် လက်ဝယ်ရှိသူ ဦးကျော်နိုင်ဦး ၁၀/ကမရ(နိုင်) ၀၆၆၈၉၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးခြင်း

၁၃/၁၀၈ စက်မှုလယ်ယာ(၁)လမ်း၊ အရှေ့ဒဂုံမြို့နယ်၊ ရန်ကုန်မြို့နေ ကျွန်မ ဒေါ်မာမာခင်နှင့် ဦးဝင်းဇော်တို့သည် ၁-၁၂-၂၀၁၈ရက်တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရှေ့မှောက်တွင် အသိသက်သေများဖြင့် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးခဲ့ပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်မ ဒေါ်မာမာခင်သည် ဦးဝင်းဇော်နှင့် ပတ်သက်သော မည်သည့်ကိစ္စမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်မာမာခင် ၁၂/မရက(နိုင်)၀၉၉၅၂၀**

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဆွမ်းကွမ်းဝေယျာဝစ္စအတွက် ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်အထိ ကျပ်တစ်သိန်းနှင့်အထက် အလှူရှင်များစာရင်း

| စဉ် | အလှူရှင်အမည် | အလှူရငွေ |
|---|---|---|
| ၁။ | ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)မဟာသရေစည်သူ ဦးရဲမြင့်-ဒေါက်တာဒေါ်တင်လင်းမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ိ/- |
| ၂။ | ကိုရဲဝင်းအောင်-မနှင်းအိအိလွင်တို့၏ မင်္ဂလာဦးဆွမ်းအလှူကောင်းမှု | ၄၅၀၀၀၀ိ/- |
| ၃။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဒေါက်တာမောင်မောင်ငွေးဇော်-ဒေါက်တာမျိုးကလျာမြင့်၊ ဒေါက်တာမောင်မောင်ငွေးဇော်(မွေးနေ့)ကောင်းမှု | ၁၀၀၀၀၀ိ/- |
| ၄။ | ကွယ်လွန်သူ ဦးတင်ထွန်းနှင့် ဒေါ်တင်မေအားရည်စူး၍ သမီးဒေါ်ရီရီထွန်းနှင့်မြေးများကောင်းမှု | ၂၀၀၀၀၀ိ/- |
| ၅။ | ဦးစိန်ဝင်း-ဒေါ်သန်းသန်းငွေးမိသားစုကောင်းမှု | ၁၀၀၀၀၀ိ/- |
| ၆။ | ကွယ်လွန်သူမိဘနှစ်ပါးဖြစ်သော (ဦးဘနု-ဒေါ်ပါးပါး)တို့အားရည်စူး၍ ဦးငွေးမြင့်-ဒေါ်တင်မြင့် သားသမီးမြေးမြစ်တစ်စုကောင်းမှု | ၁၄၀၀၀၀ိ/- |
| ၇။ | ကျေးဇူးရှင်ဖခင်ကြီးဦးသာရင်၊ မိခင်ကြီးဒေါ်လှခုံ၊ ဦးအောင်မြင်(မြို့မမောင်)ရန်ကုန်သတင်းစာတိုက်နှင့် ညီမမခင်ကြည်တို့အားရည်စူး၍ ဒေါ်စန်းမြင့်၊ သားသမီးမြေးများကောင်းမှု(ဦးသာရင်ဆေးတိုက်) | ၂၀၀၀၀၀ိ/- |
| ၈။ | ဦးရန်မျိုးအောင်-ဒေါ်မေဖြူစင်၊ သမီးမမေသဒ္ဒါထွဋ်(၁)နှစ်ပြည့်မွေးနေ့ | ၂၀၀၀၀၀ိ/- |
| ၉။ | ဒေါ်ဇင်သက်မာမွေးနေ့ကောင်းမှု | ၅၅၀၀၀၀ိ/- |
| ၁၀။ | ဦးလိန်အားရည်စူး၍ ဒေါ်မြဝင်း(ဖိုးလမင်းကုမ္ပဏီ) မိသားစုကောင်းမှု | ၇၀၀၀၀၀ိ/- |
| ၁၁။ | ကွယ်လွန်သူ မိခင်ကြီးဒေါ်တင်ရီအားရည်စူး၍ ဒေါ်စန်းစန်းဝင်း၊ ဒေါ်အေးအေးဝင်း၊ ဒေါ်မေရီခွက်မိသားစုကောင်းမှု | ၅၀၀၀၀၀ိ/- |
| ၁၂။ | ဦးသက်အောင်-ဒေါ်သန်းသန်းဝင်း၊ သမီးကြီးမထက်ဝတီအောင်၊ သမီးငယ်မသက်မွန်ရွှေရည်မိသားစုကောင်းမှု | ၇၅၀၀၀၀ိ/- |
| ၁၃။ | ကွယ်လွန်သူနှစ်ဖက်မိဘများဖြစ်ကြသော ဦးသန်းဖေ-ဒေါ်မြရီ၊ ဦးမောင်ကြည်-ဒေါ်ရင်ကြည်တို့အား ရည်စူး၍ ဗိုလ်ချုပ်ဗေယျကျော်ထင်ဝင်းသန်း(ငြိမ်း)၊ ဗိုလ်ကြီးဒေါ်ရီရီဝင်း(ငြိမ်း)သားသမီးမြေးတစ်စုကောင်းမှု | ၁၅၀၀၀၀ိ/- |
| ၁၄။ | ဦးရှန်တိန်-ဒေါ်ကျင်ဘိ သားသမီးမြေးတစ်စုကောင်းမှု | ၈၅၀၀၀၀ိ/- |
| ၁၅။ | နှစ်ဖက်သောဘိုးဘွားမိဘများအားရည်စူး၍ ဒေါ်စွဲ့လန်းဆိုင်(ပူတာအို)ကောင်းမှု | ၃၀၀၀၀၀ိ/- |
| ၁၆။ | ရွှေသံလွင်ကုမ္ပဏီမိသားစုကောင်းမှု | ၁၈၅၀၀၀၀ိ/- |
| ၁၇။ | ကွယ်လွန်သူ ဦးဝင်းလှိုင်အားရည်စူး၍ ဒေါ်ဝင်းဝင်းအေးမိသားစုကောင်းမှု | ၃၀၀၀၀၀ိ/- |
| ၁၈။ | ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း)-ဒေါ်ကြိုင်ကြိုင်မိသားစု<br>- ဒု-ဗိုလ်ချုပ်မှူးကြီးမောင်အေး(ငြိမ်း)-ဒေါ်မြမြစန်းမိသားစု<br>- မဟာသရေစည်သူ ဒု-ဗိုလ်ချုပ်ကြီးတင်ဦး(ငြိမ်း)-ဒေါ်ခင်သန်းနွဲ့မိသားစု<br>- အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်နိုင်ငံတော်သမ္မတ(ငြိမ်း)-ဒေါ်ခင်ခင်ဝင်းမိသားစု<br>- မဟာသရေစည်သူ(ဗိုလ်ချုပ်ကြီးစိုးဝင်း)(ငြိမ်း)-ဒေါ်သန်းသန်းနွဲ့မိသားစု<br>- မဟာသရေစည်သူဒု-ဗိုလ်ချုပ်ကြီးတင်အေး(ငြိမ်း)-(ဒေါ်ကြည်ကြည်အုန်း)မိသားစု<br>- ဗေယျကျော်ထင်ဗိုလ်ချုပ်တင်ငွေ(ငြိမ်း)-ဒေါ်နန်းခင်လှဝင်းမိသားစု<br>- မဟာသရေစည်သူ ဒု-ဗိုလ်ချုပ်ကြီးခင်မောင်သန်း(ငြိမ်း)-ဒေါ်မာလာတင့်မိသားစု<br>- မဟာသရေစည်သူ ဒု-ဗိုလ်ချုပ်ကြီးအောင်ထွေး(ငြိမ်း)-ဒေါ်ခင်နှင်းဝေမိသားစု<br>- မဟာသရေစည်သူ ဒု-ဗိုလ်ချုပ်ကြီးမောင်ဘို(ငြိမ်း)-ဒေါ်ခင်လေးမြင့်မိသားစု<br>- မဟာသရေစည်သူ ဒု-ဗိုလ်ချုပ်ကြီးကျော်ဝင်း(ငြိမ်း)-(ဒေါ်စမ်းစမ်းရီ)မိသားစု<br>- မဟာသရေစည်သူ ဒု-ဗိုလ်ချုပ်ကြီးရဲမြင့်(ငြိမ်း)-ဒေါက်တာဒေါ်တင်လင်းမြင့်မိသားစုများကောင်းမှု | ၁၀၀၀၀၀၀ိ/- |
| | စုစုပေါင်း | ၈၄၄၀၀၀၀ိ/- |

## ဓွဲမိုး ကုမ္ပဏီလီမိတက် အစုရှယ်ယာလျှော့ချခြင်း

အထက်ပါ ကိစ္စနှင့်ပတ်သက်၍ အစည်းအဝေးဆုံးဖြတ်ချက်အရ ဦးကျော်ဦး၏ တစ်သိန်းကျပ်တန် အစုရှယ်ယာ ၂၀၀စုမှ ၃၀စုသို့၊ ဦးမြင့်စိုး၏ တစ်သိန်းကျပ်တန် အစုရှယ်ယာ ၁၀၀ စုမှ ၂၀ စုသို့ လျှော့ချကြောင်း ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
## ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၃၂၉

ဒေါ်နန်စီ(ခ)ဒေါ်မာစီ — နှင့် — ဦးကျော်ညွန့်
တရားလို — တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ အမှတ် ၄၁နေ ဦးကျော်ညွန့်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ၂၉-၁၂-၂၀၁၁ ရက်တွင် ပြုလုပ်ခဲ့သော မြေရှင်/အိမ်ရှင်နှင့် ကန်ထရိုက်တာတို့နှစ်ဦးသဘောတူစာချုပ်အား ဖျက်သိမ်းပေးစေလိုမှုနှင့် နစ်နာကြေးငွေသိန်း (၂၀၀)ပေးအပ်စေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၇ ရက် (၁၃၈၀ ပြည့်နှစ် ပြာသိုလဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မေစိမ့်စမ်း)**
**ဒုတိယခရိုင်တရားသူကြီး (၈)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဆွမ်းပဒေသာပင်အတွက် ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁ရက်မှ ၃၀ရက်အထိ ကျပ်(၁)သိန်းနှင့်အထက် အလှူရှင်များစာရင်း

| စဉ် | အလှူရှင်အမည် | အလှူရငွေ |
|---|---|---|
| ၁။ | ဦးကျော်ကျော်-ဒေါ်ခိုင်ခိုင်မြင့်မိသားစုကောင်းမှု | ၃၀၀၀၀၀ိ/- |
| ၂။ | ဆရာတော်ဦးဝဏ္ဏိတ၊ ဂျပန်ကျောင်း၊ ရွှေမြိုင်သီရိရပ်ကွက်၊ မော်လမြိုင်မြို့ | ၁၀၀၀၀၀ိ/- |
| ၃။ | ဦးအောင်ကြည် ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)ထွေအုပ်-ဒေါ်မြကြည်မိသားစုကောင်းမှု | ၁၀၀၀၀၀ိ/- |
| ၄။ | (ဦးဘိုးသာ)-ဒေါ်စိန်မြင့်မိသားစု ကောင်းမှု | ၁၀၀၀၀၀ိ/- |
| ၅။ | ဦးတူး(ငွေကြယ်ဆေးလိပ်ခုံ)မိသားစု၊ အိမ်အမှတ်(၃၉)၊ ရုံးကြီးလမ်း၊ နန္ဒဝန်ရပ်၊ ညောင်ရွှေမြို့ | ၁၀၀၀၀၀ိ/- |
| ၆။ | ဦးဇကို-ဒေါ်ညွန့်ညွန့် မိသားစုကောင်းမှု | ၁၀၀၀၀၀ိ/- |
| ၇။ | ဆရာတော် ဦးတေဇောဘာသ၊ သုနန္ဒာရာမကျောင်း၊ ကရင်ပြည်နယ်၊ ဘားအံမြို့ | ၁၀၀၀၀၀ိ/- |
| | စုစုပေါင်း | ၉၀၀၀၀၀ိ/- |

ဖုန်း-၀၉-၄၂၀၁၄၄၅၀၃၊ ၀၉-၂၅၃၃၈၉၇၈၄

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ မှတ်ခွဲရေရာများကို ရောင်းချမည်ဖြစ်ပါသဖြင့် နိုင်ငံသားမည်သူမဆို အိတ်ဖွင့်တင်ဒါ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **ပစ္စည်းကြည့်ရှုရမည့်နေရာ** - အမှတ် ၆၉/၇၁၊ မြမာလာလမ်း၊ သာကေတစက်မှုဇုန်၊ ရန်ကုန်
(ခ) **တင်ဒါတင်သွင်းရမည့်နေရာ** - မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ နေပြည်တော်၊
(ဂ) **တင်ဒါဖွင့်လှစ်မည့်နေရာ** - သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ (ဝန်ကြီးရုံး)ရုံးအမှတ် ၁၉၊ နေပြည်တော်

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို နေပြည်တော်(ရုံးချုပ်)နှင့် ရန်ကုန်(ရုံးခွဲ)တွင် တစ်စုံလျှင် ၂၀၀၀/-(ကျပ်နှစ်ထောင်)နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံများကို ၂-၁-၂၀၁၉ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပါသည်။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၁၆-၁-၂၀၁၉ ရက် ညနေ ၄း၀၀နာရီဖြစ်ပြီး တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ အသေးစိတ်သိရှိလိုပါက ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ နေပြည်တော် ဖုန်း- ၀၆၇-၄၁၄၀၈၃၊ ၀၆၇-၄၁၄၁၈၄တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း**

## ဖခင်အမည်မှန်

လောက်ကိုင်မြို့၊ အထက ၁၊ ကျောင်းဝင်အမှတ် (5459)၊ တတိယတန်းမှ မောင်အောင်မြင့်ဦး၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်အရ ဦးရွှမ်လောက်ဖာ ၁၃/ ကလတ(နိုင်)၀၄၆၂၃၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

လောက်ကိုင်မြို့၊ အထက ၁၊ ကျောင်းဝင်အမှတ် (0613)၊ သူငယ်တန်းမှ မောင်လွင်ဦးမောင်၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်အရ ဦးရွှမ်လောက်ဖာ ၁၃/ကလတ (နိုင်) ၀၄၆၂၃၁ ဖြစ်ပါကြောင်း။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## အောင်မြေသာစံမြို့နယ် တရားရုံးတော်၌
## ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၆၆

ဦးအောင်နိုင်မင်း — နှင့် — ဦးကျော်ထွန်း
**တရားလို** — **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ ၆၄×၆၅လမ်းကြား ကုသိုလ်တော်လမ်း၊ အိမ်အမှတ်(၁၀၃)၊ အ/၁၅နေ တရားပြိုင် ဦးကျော်ထွန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအောင်နိုင်မင်းက ငွေကျပ် ၈၇၀၀၀၀ိ/ (ရှစ်ဆယ့်ခုနစ်သိန်းကျပ်တိတိ) ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၈ခုနှစ် ဒီဇင်ဘာ ၂၇ရက် (၁၃၈၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏လျှောက်ထားမှုကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများ စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖြိုးဖြိုးအေး)**
**တွဲဖက်မြို့နယ်တရားသူကြီး (၂)**
**အောင်မြေသာစံမြို့နယ်တရားရုံး**

## အထက(၁) တောင်ငူ မြတ်ဆရာပူဇော်မည်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းသား/ကျောင်းသူဟောင်းများ၏ (၂၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် (၁၁)ကြိမ်မြောက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း နှစ်ပတ်လည်အခမ်းအနားကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၅ရက် နံနက် ၉း၀၀ နာရီတွင် အထက(၁)၊ နတ်သျှင်နောင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါသည်။

အပူဇော်ခံ ဆရာကြီး/ဆရာမကြီးများနှင့် ကျောင်းသား/ကျောင်းသူဟောင်းများသည် ဖိတ်ကြားစာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်ကြပါရန်နှင့် အလှူငွေများ လှူဒါန်းခြင်းနှင့်လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက ဒေါ်ခင်စန်းယု ဖုန်း-၀၉-၅၃၅၀၅၄၉၊ ဦးဇော်ဝင်းထွန်း ဖုန်း-၀၉-၅၃၅၁၄၃၈၊ ဦးတင်ဝင်း ဖုန်း-၀၉-၄၃၀၂၇၈၈၉၊ ဦးထွန်းသူရိန် ဖုန်း-၀၉-၅၃၅၁၃၂၂၊ ဦးမောင်မြ ဖုန်း-၀၉-၅၃၅၁၀၇၇၊ ဒေါ်ခင်ငွေး ဖုန်း-၀၉-၅၃၅၀၅၃၉၊ ဒေါ်မော်မော်ဝင်း ဖုန်း-၀၉-၅၃၅၀၁၄၃၊ ဒေါ်ဝင်းဝင်းမော် ဖုန်း-၀၉-၅၁၈၀၂၈၄၊ ဦးတင်မောင်မောင် (ရန်ကုန်)၊ ဖုန်း-၀၉-၅၁၄၈၃၁၁၊ ဒေါ်နုနုမော် ဖုန်း-၀၉-၅၃၅၂၁၅၈ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

၂၄-၁၂-၂၀၁၈ရက် ညနေ ၆း၀၀နာရီတွင် တော်ဝင်ကေတုမတီဟိုတယ်၊ ဘုရင့်နောင်ခန်းမ၌ အထက (၁) အငြိမ်းစားဆရာကြီး/ဆရာမကြီးများနှင့် ကျောင်းသား/ကျောင်းသူဟောင်းများ မိတ်ဆုံစားပွဲကျင်းပမည်ဖြစ်ပါသဖြင့် ညစာစားပွဲလက်မှတ်များကို အထက်ဖော်ပြပါ ပုဂ္ဂိုလ်များထံ၌ ဆက်သွယ်ဝယ်ယူ တက်ရောက်နိုင်ပါသည်။

**အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ**

## အထက(၁) မြောက်ဥက္ကလာပမြို့နယ် ကျောင်းသားဟောင်းများအသင်းမှ ကြီးမှူးကျင်းပသော ကျောင်းသား/ကျောင်းသူဟောင်းများ၏
## (၂၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

၁၉၅၉ မှ ၂၀၁၈ အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်ကျောင်းအုပ်ကြီးများ၊ ၁၉၅၉-၁၉၈၉ အတွင်း တာဝန် ထမ်းဆောင်ခဲ့ကြသော ဆရာ ဆရာမများနှင့် ၁၉၈၀-၂၀၁၈ အတွင်း သက်ပြည့်အငြိမ်းစားယူခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများကို ပူဇော်ကန်တော့ကြမည်ဖြစ်ပါသည်။

အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများ အပူဇော်ခံကြွရောက်ကြပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး စုံညီတွေ့ဆုံကုသိုလ်ယူပွဲသို့ မပျက်မကွက်တက်ရောက်ကြပါရန်လေးစားစွာဖိတ်ကြားအပ်ပါသည်။

**အာစရိယပူဇော်ပွဲကျင်းပမည့်အစီအစဉ်**

**ကျင်းပမည့်အချိန်** - မွန်းလွဲ ၁း၀၀ နာရီတိတိ
**ကျင်းပမည့်ရက်** - ၆-၁-၂၀၁၉ ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်နေရာ** - အထက(၁) မြတ်ခရေခန်းမ

**အလှူငွေများထည့်ဝင်လှူဒါန်းရန်**

| | | | |
|---|---|---|---|
| ဒေါ်ဆောင်းသီတာ | ဖုန်း-၀၉-၅၀၀၄၃၁၉ | ဦးတင်စိုး | ဖုန်း-၀၉-၅၀၉၀၃၉၄ |
| ဦးအောင်မြင့်ကြည် | ဖုန်း-၀၉-၅၁၅၇၈၆၁ | ဦးဝင်းနိုင် | ဖုန်း-၀၉-၅၁၂၉၁၀၂ |
| ဦးထွန်းထွန်းဦး | ဖုန်း-၀၉-၅၀၉၈၉၇ | ဦးရဲမင်းနိုင် | ဖုန်း-၀၉-၂၅၄၅၄၄၀၁၁ |
| ဦးမျိုးဆွေ | ဖုန်း-၀၉-၅၀၀၉၇၅၇ | ဒေါ်ငြိမ်းမွန်မွန်နွယ် | ဖုန်း-၀၉-၉၇၉၆၁၁၄၇၈ |
| ဒေါ်ဝင်းမာထွန်း | ဖုန်း-၀၉-၅၀၉၆၇၀၄ | | |

**(၂၇)ကြိမ်မြောက်အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ**

## မော်လမြိုင်ကျွန်းမြို့နယ်အသင်း (ရန်ကုန်)

မော်လမြိုင်ကျွန်းမြို့နယ်အသင်း (ရန်ကုန်)၏ ၂၀၁၈ခုနှစ် အသင်းနှစ်ပတ်လည် အစည်းအဝေးသက်ကြီးပူဇော်ပွဲ ပညာရည်ချွန်ဆုပေးအပ်ပွဲကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းသူအသင်းသားများ အသက် (၇၅)နှင့်အထက် ကန်တော့ခံသက်ကြီးများ မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

(အသင်းသူ အသင်းသားများ၏ တက္ကသိုလ်ဝင်တန်းအောင် သားသမီးများ၊ ပါရဂူဘွဲ့နှင့် အခြားနိုင်ငံတော်မှ ချီးမြှင့်သည် ဘွဲ့တံဆိပ်များရရှိသူများ ၂၀-၁၂-၂၀၁၈ရက်မတိုင်မီ အမှုဆောင်အဖွဲ့ထံ အကြောင်းကြားပေးပါရန်။

**ကျင်းပမည့်ရက်** ။ ။ ၁၃၈၀ ပြည့်နှစ် ပြာသိုလဆန်း (၁)ရက်၊ ၆-၁-၂၀၁၉ ရက်
**ကျင်းပမည့်အချိန်** ။ ။ နံနက် ၉း၀၀ နာရီမှ ၁၂း၀၀ နာရီထိ
**ကျင်းမည့်နေရာ** ။ ။ ဧရာဝတီတိုင်းဒေသကြီးခန်းမ၊ ၂၁/၄၃စီ၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ (ရွှေတိဂုံဘုရားရှေ့ဘက် ကြေးသွန်းဘုရားကြီးအနီး)
**ဆက်သွယ်ရန်ဖုန်း** ။ ။ ၀၉-၂၅၄၀၁၃၂၄၈၊ ၀၉-၇၉၅၀၁၀၉၅၅၊ ၀၉-၅၀၀၀၄၂၈၊ ၀၉-၅၀၃၂၄၇၃

**အမှုဆောင်အဖွဲ့**

## ဒါရိုက်တာပြောင်းလဲခြင်းနှင့် ရှယ်ယာရှင်ပြောင်းလဲခြင်း

မြန်မာစီးပွားရေးအရင်းအမြစ် ကုမ္ပဏီလီမိတက်၏ ၁-၈-၂၀၁၈ရက်တွင် ကျင်းပသောနှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် လက်ရှိဒါရိုက်တာအဖွဲ့ဝင် ကိုးဦးနုတ်ထွက်ပြီး ဒါရိုက်တာအဖွဲ့ဝင်အသစ် ၁၁ ဦးကို အတည်ပြုရွေးချယ်တင်မြှောက်ခဲ့ပါသည်။

**နုတ်ထွက်သွားသောဒါရိုက်တာ ကိုးဦး**

| | | |
|---|---|---|
| ၁။ | ဦးမြင့်မောင်ထွန်း | ဥက္ကဋ္ဌ |
| ၂။ | ဦးစိုးထွဋ် | ဒု-ဥက္ကဋ္ဌ |
| ၃။ | ဦးညွန့်လှိုင် | အုပ်ချုပ်မှုဒါရိုက်တာ |
| ၄။ | ဒေါ်သိန်းသန်းမင်း | ဒါရိုက်တာ |
| ၅။ | ဦးတင့်လွင်ဦး | ဒါရိုက်တာ |
| ၆။ | ဦးဇော်မင်းသန့် | ဒါရိုက်တာ |
| ၇။ | ဒေါ်ဝင်းကလျာဦး | ဒါရိုက်တာ |
| ၈။ | ဦးချန်ထွဋ် | ဒါရိုက်တာ |
| ၉။ | ဦးမင်းဦး | ဒါရိုက်တာ |

**အသစ်ရွေးချယ်ထားသောဒါရိုက်တာ ၁၁ ဦး**

| | | |
|---|---|---|
| ၁။ | ဦးမြင့်မောင်ထွန်း | ဥက္ကဋ္ဌ |
| ၂။ | ဦးမျိုးဝင်းသန်း | အုပ်ချုပ်မှုဒါရိုက်တာ |
| ၃။ | ဒေါ်ခင်ချိုသင်း | ဒါရိုက်တာ |
| ၄။ | ဒေါ်သူဇာနွယ် | ဒါရိုက်တာ |
| ၅။ | ဒေါ်သိန်းသန်းမင်း | ဒါရိုက်တာ |
| ၆။ | ဒေါ်ကြူကြူဝင်း | ဒါရိုက်တာ |
| ၇။ | ဦးစိုးထွဋ် | ဒါရိုက်တာ |
| ၈။ | ဒေါ်ဝင်းကလျာဦး | ဒါရိုက်တာ |
| ၉။ | ဦးဟန်မြင့်မောင် | ဒါရိုက်တာ |
| ၁၀။ | ဒေါ်သူဇာချယ် | ဒါရိုက်တာ |
| ၁၁။ | ဒေါ်ယဉ်ယဉ်အေး | ဒါရိုက်တာ |

လက်ရှိပိုင်ဆိုင်သောအစုရှယ်ယာ ၁၀စုစီအား လွှဲပြောင်းလိုကြောင်း တင်ပြလာသည့်အတွက် ကုမ္ပဏီဒါရိုက်တာအဖွဲ့အနေဖြင့် ကုမ္ပဏီ၏အစုရှယ်ယာလွှဲပြောင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်၍ လွှဲပြောင်းခွင့်ပြုခဲ့ပါသည်။

၁-၈-၂၀၁၈ ရက်၌ အစုရှယ်ယာရှင်
ဦးလှထွန်းဖြူမှ — ဦးဇော်လင်းဦး သို့လည်းကောင်း
ဦးထွဋ်အောင်ကြည်မှ — ဦးမျိုးဝင်းသန်း သို့လည်းကောင်း
ဒေါ်ခင်မြသက်မှ — ဒေါ်သူဇာနွယ် သို့လည်းကောင်း
ဦးအောင်ကြည်ဝင်းမှ — ဦးအေးချစ် သို့လည်းကောင်း
ဦးဝင်းထက်မောင်မောင်မှ ဒေါ်ခင်လေးသို့လည်းကောင်း လွှဲပြောင်းခဲ့ကြပြီး အသစ်ထပ်မံထည့်ဝင်သောရှယ်ယာရှင်တစ်ဦး၏ အမည်မှာ ဒေါ်ယဉ်ယဉ်အေး ဖြစ်ပါသည်။

**ဥက္ကဋ္ဌ**
**မြန်မာစီးပွားရေးအရင်းအမြစ်ကုမ္ပဏီလီမိတက်**

## မိခင်အမည်မှန်

အောင်လံမြို့နယ် ကြက်ရုံးလေး အလက ဆဋ္ဌမတန်းမှ မသက်ထားလှိုင်၏မိခင်အမည်မှန်မှာ ဒေါ်မြင့်မြင့်မော် ၈/အလန(နိုင်)၁၁၁၆၃၃ ဖြစ်ပါကြောင်း။ **ဒေါ်မြင့်မြင့်မော်**

## မိခင်အမည်မှန်

အောင်လံမြို့နယ် ကျီရပ်ကုန်း အထက တက္ကသိုလ်ဝင်တန်း (B)မှ မမျိုးပပ၏မိခင်အမည်မှန်မှာ ဒေါ်အေးကြင် ၇/ပမန(နိုင်)၁၆၇၀၄၉ ဖြစ်ပါကြောင်း။ **ဒေါ်အေးကြင်**

## ဖခင်အမည်မှန်

အောင်လံမြို့နယ် ရွှေပန်းတော အထက နဝမတန်း(B)မှ မမေမြတ်သူ၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင် ၈/အလန(နိုင်)၁၀၆၈၇၃ ဖြစ်ပါကြောင်း။ **ဦးဝင်းနိုင်**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4I/3667 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8D/4027 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8G/8605 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဇောတိကာရာမ ဓမ္မအသင်း (မန္တလေး)
## ထေရဝါဒဗုဒ္ဓဒေသနာနှင့် ဝိပဿနာပြန့်ပွားရေးအသင်း (ရန်ကုန်၊ မန္တလေး)
## တတိယအကြိမ်
## ပဓာန နာယကဆရာကြီး ဦးငွေးအောင် (မဟာသဒ္ဓမ္မဇောတိကဓဇ)၏ ဗီဒီယိုဖြင့်ဟောကြားသော ဗုဒ္ဓနည်းနာမ် + ရုပ်လေ့ကျင့်ရေး တရားအလုပ်စခန်း ဒီဇင်ဘာလ (၁၀)ရက် တရားစခန်းပွဲ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်ပါမည်။

**ရည်ရွယ်ချက်** - ဗုဒ္ဓဒေသနာကို ခေတ်ပညာနှင့် ကောင်းစွာဆက်စပ်တတ်ပြီး မြတ်ဗုဒ္ဓ၏တရားတော်များကို ပိုမို၍ နက်နက်နဲနဲ ထိုးထွင်းသိမြင် နားလည်လာရန်။

**နေ့ရက်** - ၂၂-၁၂-၂၀၁၈ ရက်မှ ၃၁-၁၂-၂၀၁၈ ရက်အထိ
နတ်တော်လပြည့်နေ့ (စနေနေ့)မှ နတ်တော်လပြည့်ကျော် ၉ ရက် (တနင်္လာနေ့)အထိ

**နေရာ** - ဇောတိကာရာမ ဓမ္မရိပ်သာ၊ ပုသိမ်ကြီး၊ ရေထွက်ကျေးရွာ

**ဆက်သွယ်ရန်နှင့် စာရင်းသွင်းရန်** - ပဒုမ္မာရိပ်ငြိမ်၊ အမှတ် ၃၇၆၊ လမ်း ၈၀၊ ၂၂ × ၂၃လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့
ဖုန်း-၀၉-၂၀၂၈၀၈၈၊ ၀၉-၄၄၄၀၁၈၀၃၈၊ ၀၉-၂၅၉၀၂၂၈၁၄၊ ၀၉-၇၉၇၇၆၇၇၉၅

**၂၁-၁၂-၂၀၁၈ ရက် ညနေ ၅ နာရီတိတိတွင် ဇောတိကာရာမဓမ္မရိပ်သာသို့ အရောက်လာပါရန်။**

## ၁၉၆၆-၁၉၇၀ ခုနှစ် မန္တလေး ဝိဇ္ဇာနှင့် သိပ္ပံ တက္ကသိုလ်၊ ရက္ခဗေဒ ကျောင်းသား/သူများ၏ ဆရာကန်တော့ပွဲ ဖိတ်ကြားခြင်း

အထက်အကြောင်းအရာပါ ဆရာကန်တော့ပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ၁၉၆၆-၁၉၇၀ ခုနှစ် ဆရာ၊ ဆရာမများနှင့် ကျောင်းသား/သူများ (မြစ်ကြီးနား၊ မကွေး၊ တောင်ကြီးကောလိပ်များမှ ကျောင်းသား/သူများအပါအဝင်) အားလုံးအား ဖိတ်ကြားအပ်ပါသည်။

**ရက်စွဲ** - ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်
**အချိန်** - နံနက် ၁၀း၀၀ နာရီ
**နေရာ** - ပြင်ဦးလွင်မြို့၊ မိုးကြိုးပစ်ကျေးရွာအနီး၊ သိမ်အင်း ကော်ဖီစိုက်ပျိုးရေးခြံ

**ဆက်သွယ်ရန်** -
ဦးအောင်ကြည် ဖုန်း-၀၉-၂၅၉၁၁၇၄၃၂၊ ဦးဇော်ဝင်း ဖုန်း-၀၉-၂၀၄၄၄၇၂၊
ဦးအေးကြူ ဖုန်း-၀၉-၂၅၀၂၀၂၀၆၄

## တစ်ဦးတည်းဖြစ်ကြောင်း

စစ်တွေမြို့၊ လမ္ဘာတောင်ရပ်ကွက်နေ ဦးမောင်ကံကြီး၏သမီး ခင်မိုးနှင်း ၁၁/စတန(နိုင်)၁၀၂၈၃၂ နှင့် အေးအေးနွယ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ခင်မိုးနှင်း(ခ)အေးအေးနွယ်**

## ဖခင်အမည်မှန်

မြောက်ဦးမြို့၊ ပျားတဲ အထက နဝမတန်းမှ မောင်ဖြိုးမင်းအောင်နှင့် အဋ္ဌမတန်းမှ မောင်ဖြိုးမင်းထွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးမောင်လှထွန်း ၁၁/မဥန(နိုင်)၀၆၀၁၃၂ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

မြောက်ဦးမြို့၊ အထက(၁) သတ္တမတန်း (E)မှ (ဘ) ဦးထွန်းကျော်ငွေး၏သား မောင်ဝင်းသီဟအောင်အား သော်ဇင်ထက်ဟု ပြောင်းလဲခေါ်ပါရန်။

## ဖခင်အမည်မှန်

မြောက်ဦးမြို့၊ အလယ်ဈေးရပ်ကွက်၊ ရှောက်တောစုနေ မောင်ဦးစောဝင်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းစိုး ၁၁/မဥန(နိုင်)၀၇၂၁၀၄ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မြောက်ဦးမြို့၊ အထက(၁) နဝမတန်းမှ မမြင့်မြင့်ဆန်း၏ ဖခင်အမည်မှန်မှာ ဦးမောင်ကျော်လှိုင် ၁၁/မဥန(နိုင်)၀၀၀၇၄၄ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မြောက်ဦးမြို့နယ်၊ ပုဇွန်ဖေ အလက(ခွဲ)သတ္တမတန်းမှ အိဖြူဖွေး၏ ဖခင်အမည်မှန်မှာ ဦးစောမြင့် ၁၁/မဥန(နိုင်)၀၇၇၉၈၅ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

တောင်ကုတ်မြို့၊ ကူးတို့ဆိပ်ကျေးရွာနေ မောင်အေးမင်းကို ၁၁/တကန(နိုင်) ၀၉၇၄၄၇၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းအောင်နှင့် ဦးအေးစိန်အောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

ကလေးမြို့၊ မင်္ဂလာဥယျာဉ်ရပ်ကွက်၊ နယ်မြေ(၄)နေ ဦးကျော်နိုင်(ထ-၅) ၅/ကလထ (နိုင်)၀၁၅၉၉၇ နှင့် ဒေါ်နွယ်နွယ်စိုး (လ-၆) ၅/ကလထ(နိုင်)၀၁၅၉၉၈ တို့၏ဖခင် ဦးလီဖောင်လိမ်(ခ) ဦးအလိန်(ခ)ဦးအလင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးလီဖောင်လိမ်(ခ)ဦးအလိန်(ခ)ဦးအလင်**

## တစ်ဦးတည်းဖြစ်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ ခမ်းပါတ်မြို့၊ အမှတ်(၂) ရပ်ကွက်နေ ဦးဟရန်းသင်ခွဲ၏သမီး မဆလျံကြွဲ ၅/ခပန(နိုင်)၀၁၃၄၃၃နှင့် မဆလျံကွဲသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မဆလျံကြွဲ(ခ)မဆလျံကွဲ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၁ယ/၇၄၆၂၆ Kenbo - 125 ယာဉ်လက်ဝယ်ရှိသူ ဦးစောငြိမ်းအောင် ၁၂/ရကန(နိုင်)၀၀၆၀၈၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကလေးမြို့)**

## စက်မှုလက်မှုအထက်တန်းကျောင်း၊ အမှတ်(၂)၊ ရန်ကုန်(ဘောင်ဒရီ) ၂၀၁၉ ခုနှစ် (၁၄)ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် ကျောင်းသားဟောင်းများတွေ့ဆုံပွဲ ဖိတ်ကြားလွှာ

စက်မှုလက်မှုအထက်တန်းကျောင်းအမှတ် (၂)တွင် ပညာသင်ယူခဲ့ကြသော တပည့်များမှ ဆရာကြီး၊ ဆရာမကြီးများအား ဂါရဝပြု ပူဇော်ကန်တော့နိုင်ရန်နှင့် ကွဲကွာနေသော ဆရာတပည့်များ၊ သူငယ်ချင်းများ ခင်မင်ရင်းနှီးစွာ ပြန်လည်တွေ့ဆုံနိုင်ရန်အတွက် အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ကြပါရန် ရိုသေစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကန်တော့ပွဲအခမ်းအနားအစီအစဉ်**

**နေ့ရက်** - ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၆ ရက် (စနေနေ့)
**အချိန်** - နံနက် ၈း၀၀ နာရီမှ ၁၂း၀၀ နာရီ
နံနက် ၉း၀၀ နာရီတိတိတွင် ကန်တော့ပွဲအခမ်းအနားစတင်ပါမည်။
**နေရာ** - ဒက္ခိဏာရုံ ပရိယတ္တိစာသင်တိုက်၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်

**ဆက်သွယ်ရန်ဖုန်း ။ ။** ကိုခင်ဆွေ (R-73) 09-262748590၊
ကိုဇော်ဇော်ထွန်း (BC-94) 09-254043326

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/နတ်ရှင်နောင်)၊ ဦးပိုင်အမှတ် (၁၀၃)၊ ဧရိယာ ၀ ဒသမ ၁၁၀ဧကအား ဒေါ်ဝါဝါလှိုင် (ဘ)ဦးထွန်းရွှေ ၉/တကန(နိုင်)၁၀၁၀၅၀ မှ တပ်ကုန်းမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာ အမှတ် (၃၇၃/၂၀၁၈)၊ အရောင်းအဝယ်အရပ်ကတိစာချုပ်၊ ဘေးပတ်ဝန်းကျင် (၃) ဦး၏သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/နတ်ရှင်နောင်၊ ဦးပိုင်အမှတ် ၁၅၅၊ ဧရိယာ၀ဒသမ၁၀၀ဧကအား ဒေါ်စိန်မြိုင်(ဘ)ဦးပေါက်စ ၉/တကန(နိုင်)၀၀၉၆၉၀မှ တပ်ကုန်းမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ် ၃၇၂/၂၀၁၈၊ အရောင်းအဝယ်စာချုပ်၊ ဘေးပတ်ဝန်းကျင် ၃ဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/မြဝတီ၊ ဦးပိုင်အမှတ် ၁၆၁၊ ဧရိယာ ၀ဒသမ၀၉၈ဧကအား ဦးမောင်ပု (ဘ)ဦးဘိုးအောင် ၉/တကန(နိုင်)၀၁၄၃၈၃မှ တပ်ကုန်းမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ် ၄၀၁/၂၀၁၈၊ အရောင်းအဝယ်စာချုပ်၊ ဘေးပတ်ဝန်းကျင် ၃ ဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃/သီဟသူ)၊ ဦးပိုင်အမှတ် (၁၁၄/၁၁၇)၊ ဧရိယာ ၀ဒသမ၁၅၁ဧကအား ဦးညိုအောင် (ဘ)ဦးထင်အောင် ၉/ကပတ(နိုင်)၀၀၉၇၇၃မှ တပ်ကုန်းမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ် (၃၉၅/၂၀၁၈)၊ အရောင်းအဝယ်စာချုပ်၊ ဘေးပတ်ဝန်းကျင်သုံးဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ တော်ဝင်လမ်း၊ (၉) မိုင်၊ တော်ဝင်သီရိရိပ်သာ၊အမှတ်-တာဝါ-၂/၃(အေ)တွင် တည်ရှိသော Myanmar Sea Dragon Co., Ltd. သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ တစ်ဦးတည်းမူပိုင်ကုန်အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်သွင်းပြီး ဖြစ်ပါသည်။

Daria

(၄/၉၅၆၄/၂၀၁၇)

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို အရောင်အသွေးအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးဖြင့်ပြုလုပ်ပြီး လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ အလှကုန်ပစ္စည်းအမျိုးမျိုးအပါအဝင်၊ အောက်ဖော်ပြပါ အပြည်ပြည်ဆိုင်ရာကုန်ပစ္စည်းအမျိုးအစားသတ်မှတ်ချက်ပါ ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင် အသုံးပြုလျက်ရှိပါသည်။

Int'l Class 3: "Bleaching preparations and other substances for laundry use; cleaning, polishing, scouring and abrasive preparations; soaps; perfumery, essential oils, cosmetics, hair lotions; dentifrices"

အထက်ဖော်ပြပါ "Daria" အမှတ်တံဆိပ် အလှကုန်ပစ္စည်းဘူးခွံပေါ်တွင် ကပ်နှိပ်ထားသော အသားတံဆိပ်ရောင်ပြန်စတေကာ(Hologram)ပါရှိမှသာ ကုန်ပစ္စည်းအစစ်အမှန်ဖြစ်ပါသည်။ Hologram သည် တစ်ခါသုံးသာဖြစ်ပြီး ပျက်စီးနေသော Hologramပါရှိသောပစ္စည်းများ(သို့) Hologram မပါရှိသောပစ္စည်းများ၏အရည်အသွေးအား Myanmar Sea Dragon Co., Ltd.မှ တာဝန်ယူမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မည်သူမဆို အဆိုပါကုန်အမှတ်တံဆိပ်ကို Myanmar Sea Dragon Co., Ltd.၏ တရားဝင်ခွင့်ပြုချက်တစ်စုံတစ်ရာ မရရှိဘဲ အတုပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှားပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ တစ်နည်းနည်းဖြင့် တုပပြုလုပ်သုံးစွဲပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ခိုင်ဦး *LL.M* အထက်တန်းရှေ့နေ (စဉ်-၄၅၉၀၅)
အမှတ်-(၅၆၇)၊ အခန်း-(၃၀၄)၊ တတိယထပ်၊ ကုန်သည်လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၃၇၆၃၁၈

## စုပေါင်းညီညာ ပိန်ကြောင်းရှာ အက်ဒ်မင် မသင်းစုစုကျော်နှင့် အဖွဲ့၏ စီနီယာများအား အနူးအညွတ်တောင်းပန်ခြင်း

ရန်ကုန်မြို့၊ ဒဂုံမြောက်ပိုင်းမြို့နယ်၊ ၄၁ရပ်ကွက်၊ ကုမုဒြာလမ်း၊ အမှတ် ၁၆၀၇နေ ဒေါ်ဝေဖြိုးဟန် Facebook Account Name-(Shweshwe Phyo) ၈/မထန(နိုင်)၀၈၀၀၃၁ (ဘ) ဦးခင်မောင်ဦး သမီးမှ အောက်ပါအတိုင်း အနူးအညွတ်တောင်းပန်အပ်ပါသည်။ ကျွန်မသည် စုပေါင်းညီညာ ပိန်ကြောင်းရှာ အဖွဲ့သို့ ၂၉-၁၁-၂၀၁၈ရက်က အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပါသည်။ အဖွဲ့ဝင်အဖြစ်ဝင်ရောက်ပြီး နှစ်ပတ် ၁၄ ရက်ခန့်ရှိချိန်တွင် အဖွဲ့၏အကြောင်းကို ဂဃနဏမသိဘဲ အထင်အမြင်လွဲမှားပြီး စုပေါင်းညီညာပိန်ကြောင်းရှာအက်ဒ်မင် မသင်းစုစုကျော်နှင့်အဖွဲ့၏ စီနီယာများကို ဂုဏ်သိက္ခာကျအောင်၊ အများအထင်အမြင်လွဲမှားအောင်၊ အကျိုးစီးပွားထိခိုက်နစ်နာအောင် ကျွန်မ၏ Shweshwe Phyo AC ပိုင်ရှင်မှနေ၍ ၁၅-၁၁-၂၀၁၈ရက်က Facebook တွင် Live လွှင့်ပြီး ပြောဆိုခဲ့မိပါသည်။

အဖွဲ့၏စီနီယာဆိုသူများမှာလည်း ၎င်းတို့၏ အကျိုးအမြတ်တစ်စုံတစ်ရာ ရယူခြင်းမရှိဘဲ နောက်မှဝင်ရောက်လာသည့်ဂျူနီယာများကို မေတ္တာဖြင့် ဝိုင်းဝန်းကူညီပေးနေကြသူများဖြစ်သည်ကို ကျွန်မအနေဖြင့် နောက်မှသိရှိခဲ့ရပါသည်။ သို့ဖြစ်ပါ၍ ကျွန်မအနေဖြင့် စုပေါင်းညီညာ ပိန်ကြောင်းရှာ ဂရုကိုအများသူငှာ အထင်အမြင်လွဲအောင် ပြောမိခြင်း၊ အက်ဒ်မင်မသင်းစုစုကျော်နှင့် အဖွဲ့၏ စီနီယာများကို စော်ကားပြောဆိုခဲ့မိခြင်းတို့အတွက် အလေးအနက် တောင်းပန်သည့်အပြင် နောက်နောင်တွင်လည်း ထိုကဲ့သို့ အလားတူကိစ္စရပ်များကို မပြုလုပ်ပါဟု အနူးအညွတ်တောင်းပန်အပ်ပါသည်။

**ဒေါ်ဝေဖြိုးဟန် Shweshwe Phyo FB Account ပိုင်ရှင်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းစံရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၇)ရှိ (၅)ထပ်တိုက် အဆောက်အအုံ၏ ခြေရင်းဘက်ခြမ်းရှိ အလျားအနံ (၁၁' × ၅၀') အကျယ်အဝန်းရှိ မြေညီထပ် + မှန်ခန်းတိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏အကျိုးခံစားခွင့် အရပ်ရပ်တို့နှင့်ပတ်သက်၍ မိမိသာပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ ဒေါ်သန္တာချို ၁၂/ဒပန(နိုင်)၀၃၇၆၉၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးလှထွန်း ၁/မကန(နိုင်) ၁၂၄၅၂၁က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ထို့ကြောင့် ဤတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ (၁၀)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထူးထူးလှိုင်**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၁၃၈၂) LL.B, D.M.L**
**အမှတ် (၁၄)၊ ရန်ပြေ (၁၈)လမ်း၊ (၃) ရန်ပြေ၊ သာကေတ**
**ဖုန်း-၀၉-၄၂၀၀၆၃၈၅၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ဘုရင့်နောင်)၊ ဦးပိုင်အမှတ် (၆၁-ခ)၊ ဧရိယာ ၀ဒသမ၀၆၀ဧကအား ဒေါ်ညွန့်ရီ ၉/တကန(နိုင်)၀၀၄၅၃၅မှ တပ်ကုန်းမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာ၊ ဘေးပတ်ဝန်းကျင်သုံးဦး၏သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် (၃၂/ရှင်ဘို့မယ်)၊ ဦးပိုင်အမှတ် (၆၃/၇၁)၊ ဧရိယာ ၀ဒသမ၂၂၀ဧကအား ဒေါ်ခင်သန်းမြင့်(ဘ) ဦးအုန်းကြိုင် ၉/တကန(နိုင်)၀၁၁၅၆၅မှ တပ်ကုန်းမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ် (၃၉၂/၂၀၁၈)၊ ဘေးပတ်ဝန်းကျင်သုံးဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၉/သူရိယ)၊ ဦးပိုင်အမှတ် (၈၉)၊ ဧရိယာ ၀ဒသမ၀၁၈ဧကအား ဒေါ်ညွန့်ရီ(ဘ) ဦးကျော်အုန်း ၉/တကန(နိုင်)၀၀၄၅၃၅မှ တပ်ကုန်းမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာ အမှတ် (၃၉၄/၂၀၁၈)၊ အရောင်းအဝယ်စာချုပ်၊ ဘေးပတ်ဝန်းကျင်သုံးဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဘုရင့်နောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၈/မင်းကြီးရန်အောင်)၊ ဦးပိုင်အမှတ် (၈၂)၊ ဧရိယာ ၀ဒသမ ၀၀၆ဧကအနက် ဧရိယာ ၀ဒသမ၀၃၂ဧကအား ဒေါ်ဖြိုးဖြိုးထိုက် (ဘ)ဦးတင်ငွေ ၉/တကန(နိုင်)၀၉၉၄၆၄ မှ တပ်ကုန်းမြို့နယ်တရားရုံး၏ကျမ်းကျိန်လွှာအမှတ် (၂၈၈/၂၀၁၈)၊ အရောင်းအဝယ်စာချုပ်၊ ဘေးပတ်ဝန်းကျင် (၃)ဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး ဦးပိုင်ခွဲမြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# တပ်မတော်(လေ) ၏ ဖွဲ့စည်းတည်ထောင်မှု (၇၁)နှစ်ပြည့်မြောက်၊ နိုင်ငံတော်ကာကွယ်ရေးအတွက် လေတပ် စွမ်းပကားဖြည့်တင်း၊ လေယာဉ်ရဟတ်ယာဉ်များ တပ်တော်ဝင် အခမ်းအနားကျင်းပ



တပ်မတော်(လေ) ဖွဲ့စည်းတည်ထောင်မှု (၇၁) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှာစကားပြောကြားစဉ်။ ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ တပ်မတော်(လေ)အား ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး ယနေ့တွင်(၇၁)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ယနေ့နိုင်ငံတော်နှင့် တပ်မတော်အတွက် ဂုဏ်ယူဖွယ်ရာနေ့ထူးနေ့မြတ်ဖြစ်သည့် တပ်မတော်(လေ)၏ (၇၁)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် နိုင်ငံတော်နှင့် တပ်မတော်၏ လေကြောင်းစွမ်းပကားမြင့်မားစေရန်အတွက် JF-17 အမျိုးအစား လေယာဉ်လေးစင်း၊ ATR 72-500 အမျိုးအစား လေယာဉ်နှစ်စင်းနှင့် Eurocopter ရဟတ်ယာဉ်တစ်စင်း စုစုပေါင်းခုနစ်စင်း တပ်တော်ဝင်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာတပ်နယ်ရှိ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်၌ ကျင်းပသည်။

အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(ရေ)များ၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ် (လေ)များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှတပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ လေတပ်စခန်းဌာနချုပ်မှူးများ၊ မိတ္ထီလာတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ တပ်မတော်(လေ) မှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❐

## မြန်မာပိုက်ကျော်ခြင်းအသင်း နှစ်ယောက်တွဲပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၅**

နေပြည်တော်၌ ကျင်းပလျက်ရှိသည့် (၁၉) ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များအားကစားပြိုင်ပွဲ၏ ပိုက်ကျော်ခြင်း နှစ်ယောက်တွဲပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို ယနေ့နံနက်ပိုင်းမှစ၍ ကျင်းပရာ မြန်မာအသင်း ရွှေတံဆိပ်ရခဲ့သည်။



အုပ်စုနောက်ဆုံးပွဲတွင် မြန်မာနှင့် လာအိုအသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

အုပ်စုပွဲစဉ်များအပြီးတွင် မြန်မာအသင်းက လေးပွဲစလုံးအနိုင်ရပြီး ရွှေတံဆိပ်ရခဲ့ကာ သုံးပွဲနိုင်၊ တစ်ပွဲရှုံးသည့် လာအိုအသင်းက ငွေတံဆိပ်၊ နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံးခဲ့သည့် ထိုင်းအသင်းက ကြေးတံဆိပ်ရခဲ့သည်။

ပြိုင်ပွဲဝင် ငါးသင်းသာရှိသောကြောင့် ပတ်လည်စနစ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး မြန်မာအသင်းသည် ယမန်နေ့က တစ်ပွဲသာကစားရကာ ယနေ့တွင် သုံးပွဲအထိ ကစားခဲ့ရသည်။ မြန်မာအသင်းသည် အင်ဒိုနီးရှားကို အနိုင်ရခဲ့သလို ယနေ့ယှဉ်ပြိုင်သည့် ဒုတိယနေ့တွင် မလေးရှားကို နှစ်ပွဲပြတ်၊ ထိုင်းကို နှစ်ပွဲ-တစ်ပွဲ၊ လာအိုကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် မလေးရှားအသင်းကို ၂၁-၁၀ မှတ်၊ ၂၁-၁၃ မှတ်ဖြင့် နှစ်ပွဲပြတ်၊ ထိုင်းအသင်းကို ၂၃-၂၁ မှတ်၊ ၁၂-၂၁ မှတ်၊ ၂၂-၂၀ မှတ်ဖြင့်

*စာမျက်နှာ ၁၂ ကော်လံ ၁* ❇

## မြန်မာပြည်ချန်ပီယံလုပွဲတွင် လက်ရှိချန်ပီယံ ရွှေခါးပတ်ကို ရာနှုန်းပြည့် ကာကွယ်သွားမည်ဟု ဒေဝ ပြော

**ရန်ကုန် ဒီဇင်ဘာ ၁၅**

ယနေ့ယှဉ်ပြိုင်ထိုးသတ်မည့် မြန်မာ့ရိုးရာလက်ဝှေ့ မြန်မာပြည် ချန်ပီယံလုပွဲတွင် လက်ရှိချန်ပီယံ ရွှေခါးပတ်ကို ရာနှုန်းပြည့်ကာကွယ်ကာ အနိုင်ယူသွားမည်ဟု လက်ရှိမြန်မာပြည်ချန်ပီယံ ဒေ့ဗ်လက်ဒပ်(ဒေဝ) က ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်၌ ပြုလုပ်သည့် မြန်မာပြည်ချန်ပီယံလုပွဲအကြို စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောကြားသည်။



မြန်မာပြည်ချန်ပီယံလုပွဲတွင် ယှဉ်ပြိုင်ထိုးသတ်မည့် လက်ရှိချန်ပီယံ ဒေဝနှင့် ထွန်းထွန်းမင်း။ ဓာတ်ပုံ-မင်းထက်

"ဒီပွဲအတွက် ကျွန်တော်အစွမ်းကုန်ကြိုးစားထားပါတယ်။ ကိုယ့်ကိုယ်ကိုယ်လည်းယုံကြည်ပါတယ်။ လေ့ကျင့်မှုလည်း အပြင်းအထန်အချိန်ယူပြီး ကြိုးစားထားတာကြောင့် ရာနှုန်းပြည့် ဒီပွဲအတွက် လက်ရှိချန်ပီယံခါးပတ်ကို ဆက်လက်ထိန်းထားနိုင်မှာပါ။ ပြိုင်ဘက်နဲ့ကလည်း နှစ်ကြိမ် ဆုံဖူးထားတာဆိုတော့ သူ့အကြောင်းကို အထူးလေ့လာစရာမရှိပါဘူး။ အမှန်တကယ်ဆို ကျွန်တော် ဒီချန်ပီယံခါးပတ်ကာကွယ်ပွဲကို ပြည်ပနာမည်ကြီး လက်ဝှေ့ကျော် တစ်ဦးဦးနဲ့ ယှဉ်ပြိုင်ထိုးသတ်ရမယ်လို့ မျှော်လင့်ထားတာပါ။ အခုလို ထွန်းထွန်းမင်းက ပြန်လည် စိန်ခေါ်ထိုးသတ်မယ်ဆိုတော့လည်း ကျွန်တော့်အနေနဲ့ ဝမ်းသာစွာလက်ခံပါတယ်။ ထွန်းထွန်းမင်းကလည်း ကျွန်တော့်အတွက်တော့ ပြိုင်ဘက်ကောင်းတစ်ဦးပါပဲ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ◆